# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ပဥ္စမနေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် )

[ သောကြာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသား လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဥ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယ ခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ပဥ္စမနေ့ အစီအစဥ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် ပဉ္စမနေ့အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၈)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၁၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိ တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၆.၃၃) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအ ဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက်အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေးအထမြောက် ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အစည်းအဝေး အစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ခ)အရ ပထမ အကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥ ပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေ ခွဲငယ် (၁)အရ ခွင့်ပန်ကြားလိုတဲ့

ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက သော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။ ခွင့်ပန်ကြားသူမရှိပါ။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသူ မရှိ၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄) နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ အမျိုးသား လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အ ခြေအနေကို အမျိုးသား လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုး သားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်တွင် လွှတ်လပ်စွာကျွန်းသစ်စိုက်ခွင့်ပြုရေး အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်က ဆင်းရဲ နွမ်းပါးမှု လျှော့ ချရေး အစီအစဉ်တွင် လွတ် လပ်စွာ ကျွန်းသစ် စိုက် ခွင့်ပြုရေး အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ တက်ရောက်လာကြသော ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ကျွန်တော်ကတော့ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဖြစ်ပါတယ်။ ကျွ န်တော့်အနေနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အစီအစဉ်မှာ ကျွန်းသစ်ကို လွတ်လပ်စွာ စိုက်ပျိုးခွင့် ရှိ /မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကိုမေးမြန်း တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟာ ခေတ်မီဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံတော်ကြီးကို တည်ဆောက်နေတာ ဖြစ်ပါတယ်။ ဒီလို ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်တဲ့အခါမှာ မြို့ ပြများသာမက ကျေးလက်ဒေသများပါမကျန် တ စ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ဆောင်ရွက်ဖို့ရန် တာ ဝန်ကြီးလှပါတယ်။ ဒီလို ဆင်းရဲနွမ်းပါးမှုလျော့ချရေးမှာအထူးသဖြင့်ကျေးလက်ဒေသများ၏ ဆင်းရဲနွမ်းပါးမှုကို လျှော့ချရေး တာဝန်ဟာ အင်မတန်အရေးကြီး တယ်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်အားလုံး အသိပဲ ဖြစ်ပါ တယ်။ လက်ရှိ နိုင်ငံတော်အစိုးရအနေဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အစီအမံ

(၈)ရပ်အနေနဲ့ တာဝန်ယူဆောင်ရွက်တဲ့အခါမှာ ကျွန်တော့်အနေနဲ့ ကျေးလက်ဒေသ ကုန်ထုတ်လုပ်ငန်း၊ ကျေးလက်လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း စီမံချက်တို့နဲ့ စပ်လျဉ်းပြီးတော့မှ ဆွေးနွေးမေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျေးလက်ဒေသများရဲ့ ထုတ်ကုန်တိုးတက်ရေးဆိုတဲ့နေရာမှာ လယ်ယာထုတ်ကုန်၊ သစ်တောထုတ်ကုန်တွေ ပါဝင်မှာ ဖြစ်ပါတယ်။ အဲ ဒီတော့ လယ်ယာထုတ်ကုန်များဟာလည်း တိုးတက်ရန် လိုအပ်သကဲ့သို့ သစ်တောထုတ်ကုန်များဟာလည်းပဲ တိုးတက်ရန် လိုအပ်ပါတယ်။ နိုင်ငံတော်အစိုးရ အနေနဲ့ ဒေသခံအစုအဖွဲ့၊ ဒေသခံပြည်သူအစုအဖွဲ့ ပိုင် သစ်တော၊ ပုဂ္ဂလိက သစ်မာစိုက်ခင်းတို့ ခွင့်ပြုထားတာကိုလည်းတွေ့ရပါတယ်။ ဒီလိုခွင့်ပြုထားတဲ့အတွက်ကြောင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောနဲ့ ပုဂ္ဂလိက သစ်မာစိုက်ခင်းတို့ဟာ သစ်တောထွက်ကုန်များဟာလည်း အမြဲတမ်း တိုးတက်ဖို့ လိုအပ်ပါတယ်။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော ပုဂ္ဂလိကပိုင် သစ်မာစိုက်ခင်းတို့ကို တိုးချဲ့စိုက်ပျိုးခြင်းအားဖြင့် ကျေးလက်ဒေသရဲ့ လူမှုစီးပွား ကိုလည်း ဖွံ့ဖြိုး စေမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်ကို အကောင်အထည် ဖော်ဆောင်ရွက်တဲ့အခါမှာလည်းပဲ ဒီကျေးလက်ဒေသရဲ့ သစ်တော ထုတ်ကုန်များ တိုးတက်ရေး ကို ဆောင်ရွက်တာဟာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ် အတွက် အထောက်အကူဖြစ် မယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါ့ကြောင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောနဲ့ပုဂ္ဂလိက သစ်မာစိုက်ခင်း တို့ဟာ တိုးချဲ့စိုက်ပျိုးဖို့အတွက် နိုင်ငံတော်အစိုးရ ကခွင့်ပြုပေးသင့်ကြောင်းကို ကျွန်တော် တင်ပြ ဆွေးနွေးလိုပါတယ်။ ဒီနေရာမှာ သစ်တောရေးရာဘန်ကြီးဌာန၊ သစ်တောဦးစီးဌာနရဲ့ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလမှာ ထုတ်ပြန်ထားတဲ့ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များမှာ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောကို အစိုးရက ခွင့်ပြုလျှင် ကြိုးဝိုင်း၊ ကြိုးပြင်၌ လုပ်ဆောင်ခွင့်ရှိကြောင်း ဖော်ပြထား ပါတယ်။ သို့ရာတွင် မည်သည့်အပင်များ စိုက်ပျိုးထားသည်ကို အတိအကျ ဖော်ပြထားခြင်းမရှိပါဘူး။ ဆိုလိုတာကတော့ ကျွန်းသစ်စိုက်ခွင့် ရှိ/မရှိကို ဖော်ပြမထားတာကို ဆိုလိုတာဖြစ်ပါတယ်။ ထို့အတူပဲ သတင်းစာ ဂျာနယ်များမှာလည်းပဲ ပုဂ္ဂလိက ကျွန်းသစ်စိုက်ခင်းနှင့်စပ်လျဉ်းပြီးတော့မှ မကြာခဏ ဖော်ပြထားတာကို တွေ့ရပါတယ်။ ပုဂ္ဂလိက သစ်မာစိုက်ခင်း တည်ထောင်ခြင်းနှင့်စပ်လျဉ်းလို့ သက်ဆိုင်ရာ မြို့နယ်သစ်တော ဦးစီးဌာနကို မေးမြန်းတဲ့အခါမှာ ကျွန်းခင်း တွေ သစ်မာစိုက်ခင်းတွေကို ကြိုးဝိုင်း အတွင်းမှာသာ စိုက်ခွင့်ရှိပြီးမှ ကြိုးပြင်မှာစိုက်ခွင် ့မရှိတဲ့အကြောင်း သိရှိရပါတယ်။ အဲဒီအတွက် ကြောင့်

သစ်တောကြိုးဝိုင်း မရှိသေးတဲ့ကျေးရွာများမှ ပြည်သူများဟာ ပုဂ္ဂလိကပိုင် မြေလွတ်မြေရိုင်းများမှာ ကျွန်းသစ် စိုက်ပျိုးလိုသော်လည်းပဲ အခွင့်အလမ်းမရှိသကဲ့သို့ ဖြစ်နေပါတယ်။ ဥပမာအားဖြင့် ပလက် ဝမြို့နယ်ကဲ့သို့ နယ်မြေ ကျယ်ဝန်းတဲ့ ကျေးလက် ဒေသများမှာ ကျွန်းသစ်ကို များစွာ စိုက်ခွင့်သာ ရှိမယ်ဆိုရင် သူတို့ရဲ့ လူမှုစီးပွားဟာလည်းပဲ တိုးတက်လာမှာ ဖြစ်ပါတယ်။ ပလက် ဝမြို့နယ်ဟာ ဧကပေါင်း (၂၀၀၁၂၈၀)နှစ်သန်းတစ်ထောင့်နှစ်ရာ့ရှစ်ဆယ် ကျယ်ဝန်းပါတယ်။ လူဦးရေအားဖြင့်ဆိုရင် (၈၀၀၀၀)ကျော်ရှိပါတယ်။ လူတစ်ဦးရဲ့ မြေပိုင်ဆိုင်မှုကို အချိုးကျ တွက်ချက်ကြည့်မယ် ဆိုရင် (၂၅)ဧကလောက် ပိုင်ဆိုင်ခွင့်ရှိပါတယ်။ အဲဒါကြောင့် ဒီလောက်ကျယ်ပြန့်တဲ့ မြေလွတ်မြေရိုင်း များမှာ ကျွန်းသစ်ကို လွတ်လပ်စွာ စိုက်ခွင့်ရှိမယ်ဆိုရင် သူတို့ရဲ့ လူမှုစီးပွားဟာ ဧကန် တိုးတက်ဖို့ အလားအလာရှိပါတယ်။ သူတို့ရဲ့ ဆင်းရဲနွမ်းပါးမှု အခြေအနေဟာလည်း လျော့ကျ လာပြီးတော့ သူတို့ရဲ့ စီးပွားရေးအခြေအနေဟာလည်း အလားအလာကောင်းများ ရှိမှာဖြစ်ပါတယ်။ အဲဒါကြောင့် ဒီလိုဒေသတွေမျိုးမှာ ကျွန်းသစ်ကို လွတ်လပ်စွာ စိုက်ခွ င့်ရရှိမယ်ဆိုရင် ရေရှည်ကာလမှာ သူတို့ရဲ့ ဆင်းရဲနွမ်းပါးမှုဘဝကို ကျော်ဖြတ်နိုင်ရုံသာမက စီးပွားတိုးတက် လာနိုင်တဲ့ အလားအလာကောင်းများ ရရှိမှာဖြစ်တဲ့ အတွက်ကြောင့် တစ်ဖက်မှာလည်းပဲ နိုင်ငံတော်ရဲ့ ပြည်ပပို့ကုန်အနေနဲ့ ကျွန်းသစ်ဟာ အင်မတန်အရေးကြီးတဲ့အတွက်ကြောင့် တိုင်းပြည် ဝင်ငွေကို တိုးတက်လာစေမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျေးလက်ပြည်သူတွေရဲ့ ဆင်းရဲနွမ်းပါးမှု အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ ကျေးလက်ကုန်ထုတ်လုပ်ငန်း တိုးတက်ရေးအတွက် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာ ဝဝန်းကျင်ထိန်းသိမ်းရေးကိုပါ အကျိုးဖြစ်ထွန်း စေနိုင်တယ်လို့ ယူဆတဲ့အတွက် ကျွန်းသစ်ကို လွတ်လပ်စွာ စိုက်ခွင့် ရှိ /မရှိ နှင့် စပ်လျဉ်းပြီးတော့မှ အောက်ပါ မေးခွန်းတွေကို မေးမြန်းအပ်ပါတယ် ။ (၁) ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတွင် မည်သည့်သစ် အမျိုးအစားများကို စိုက်ခွင့်ရှိပါသနည်း။ ဆိုလိုတာကတော့ ကျွန်းသစ်ပါ ဝင်မှု ရှိ/မရှိကို ဆိုလိုခြင်း ဖြစ်ပါတယ်။ (၂) ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတွင် ကျွန်းသစ်ကို စိုက်ခွင့်ပြုရေး အတွက် ဆောင်ရွ က်ပေးရန် အစီအစဉ် ရှိပါသလား။ (၃) ပုဂ္ဂလိက သစ်မာစိုက်ခင်း သို့မဟုတ် ကျွန်းခင်းတည်ထော င်ရာတွင် ကြိုးဝိုင်းအတွင်း၌ သာမက ကြိုးပြင်ရှိ ပုဂ္ဂလိကပိုင်မြေများနှင့် မြေလွတ်မြေရိုင်းများတွင် စိုက်ပျိုးတည် ထောင်ခွင့် ရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိပါသလား။ (၄) အထက်ပါ မေးခွန်းအမှတ်စဉ် (၁) မှ (၃)အထိ

တို့ကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်နည်း။ မဆောင်ရွက်ပေးနိုင်ပါက အဘယ်ကြောင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည်ကို ဖြေကြားစေလိုပါကြောင်း ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး သစ်တောရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၀။**

**ဦးဝင်းထွန်း၊(ပြည်ထောင်စုဝန်ကြီး၊ သစ်တောရေးရာ ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော် အပေါင်းတို့ ရွှင်လန်းချမ်း မြေ့ကြပါစေရန် ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သစ်တောရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ကိုယ်စားလှယ်တော်ကြီး ဦးဆလိုင်းခွဲယန် မေးမြန်းသွားတဲ့ ကျွန်းသစ်အား လွတ်လွတ် လပ်လပ်စိုက်ပျိုးလိုသည့် မေးခွန်းနှင် ့ပတ်သက်၍ ဖြေကြားသွား မှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ဒေသ ခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများမှာ စိုက်ခွင့်ရှိတဲ့ သစ်အမျိုးအစား များနှင့်စပ်လျဥ်းပြီး ဒေသခံ ပြည်သူ အစုအဖွဲ့ပိုင် သစ်တောများစိုက်ခင်း တည်ထောင်ရာမှာ ဒေသခံပြည် သူများ အခက်အခဲ အကန့်အသတ် မဖြစ်စေရေးအတွက် စိုက်ပျိုး မည့် စိုက်ပျိုး နိုင်သည့် သစ်အမျိုးအစားများကို အတိအကျသတ်မှတ်ပေးထားခြင်းမပြုဘဲ စိုက်ပျိုးလိုတဲ့ သစ်အမျိုးအစားများကို စိစစ်ခွင် ့ပြုပေးလျက်ရှိပါတယ်။ လက်ရှိဆောင်ရွက်ပြီးစီးမှု အနေအထားအရ သစ်မာမျိုးစုံ စိုက်ခင်းများကိုသာလျှင် တည်ထောင်လုပ်ကိုင်ကြတာကိုလဲ တွေ့ရှိရပါတယ်။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများမှာ ကျွန်းသစ်စိုက်ပျိုးရေးနဲ့ စပ်လျဥ်းပြီး မူလရ ည်ရွယ်ချက်ပါ ဒေသခံပြည်သူများရဲ့ လူမှုဘဝလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် တ စ်ပိုင်တစ်နိုင်စိုက်ပျိုးရေးကို ခွင် ့ပြုပေးမှာဖြစ်ပြီး စိုက်ပျိုးထားသည့် ကျွန်းပင်များ ပိုင်ဆိုင်မှုနဲ့သုံးစွဲမှု စနစ်တကျဖြစ်စေရေးအတွက် သစ်တောရေးရာ ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် တရား ဝင်

မှတ်ပုံတင်ရမှာဖြစ်ကြောင်း ဖြေကြားလိုပါတယ်။ ထို့ပြင် ဒေသခံပြည်သူများရဲ့ စီးပွားရေးဘ ဝ ဖွံ့ဖြိုးတိုးတက်စေရန် ဦးတည်ချက်ထားပြီး ကျွန်း စိုက်ခင်းများ တည်ထောင်လုပ်ကိုင်လိုပါက ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများမှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော စိုက်ခင်းများ တည်ထောင်မယ့်အစား ပိုမိုရှင်းလင်းလွယ်ကူပြီး ပိုင်ဆိုင်မှုရှုပ်ထွေးခြင်း မရှိတဲ့ အပြင် သား စဉ်မြေးဆက် အကျိုးခံစားခွင့်များ ရရှိစေမယ့် ပုဂ္ဂလိက ကျွန်းစိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ပါက ပိုမိုအကျိုးရှိမှာ ဖြစ်ကြောင်း တင်ပြလိုပါတယ်။ သစ်တောရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများ၊ ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ် တောတွေမှာ ပုဂ္ဂလိက ကျွန်းစိုက်ခင်းများ တည်ထောင်လုပ်ကို င်ခွင့်ပြုထား ပြီး လုပ်ကိုင်ခွင့်ရရှိသူက လိုက်နာရမယ့် စည်းကမ်းချက်၊ ရရှိ ခံစားပိုင်ခွင့်၊ နိုင်ငံတော်သို့ ပေးသွ င်းရမည့် အခွန်အခနှင့် ဆောင်ရွက်ရမည့် လုပ် ငန်းစဉ်များ ကိုလည်း အတိအကျ သတ်မှတ်ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြထားသည့်အထဲတွင် ပါဝင်သည့်အတိုင်း သစ်တောရေးရာ ဝန်ကြီးဌာန၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေ မဟုတ်သည့် ကြိုးပြင်၊ ပုဂ္ဂလိက ပိုင်မြေနှင့် မြေလွတ်မြေရိုင်းများတွင်လည်း ပုဂ္ဂလိက ကျွန်းစိုက်ခင်း တည်ထောင်လုပ်ကိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများ စည်းကမ်းများကို သတ်မှတ်ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ သက်ဆိုင်ရာ သစ်တောဦးစီးဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း တင်ပြလိုပါတယ်။ ထို့ပြင် သစ်မာစိုက်ခင်းများကို သစ်တောရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲပိုင်ခွင့် မရှိသောမြေတွင် စိုက်ပျိုးလိုပါကလည်း တရား ဝင်ခွင့်ပြုသွားမှာဖြစ်ကြောင်း ဖြေကြား အပ်ပါတယ်။ ကို ယ်ပိုင်ခြံမြေများမှာ စိုက်ပျိုးထားတဲ့ သစ်မွှေးကဲ့သို့ မျိုးဆက်ပျက်သုဥ်းလုဆဲ သစ်မျိုးများနှင့်တားမြစ်ရာ ပါ သစ်မျိုးများအတွက် ထုတ်ယူသုံးစွဲရာမှာ စည်ကမ်းတကျ ဖြစ်စေရေးအတွက် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ခွင့် ပြုထားကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ယခုလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်းများသည် ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ဖြစ်ပါတယ်။

## ရခိုင်ပြည်နယ် သံတွဲမြို့ချောင်း မှာ သဲသောင်များ ပေါ်ထွန်းလာသဖြင့် နှစ်စဉ်ရေကြီးဒုက္ခနှင့် . တွေ့ကြုံနေရသည့်ကိစ္စနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ။** ။ဒါကြောင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြင့်လှိုင် က ရခိုင်ပြည်နယ် သံတွဲမြို့ချောင်း မှာ သဲသောင်များ ပေါ်ထွန်းလာသဖြင့် နှစ်စဉ် ရေကြီးဒုက္ခနှင့် တွေ့ကြုံနေရသည့်ကိစ္စနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးမြင့်လှိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်ပါရစေ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင် ဖြစ်ပါတယ်။ ကျွ န်တော် ဥက္ကဋ္ဌကြီးကို မေးလိုတဲ့ မေးခွန်း ကတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ သံတွဲမြို့မှာ မိုးရာသီ ဆိုရင် သံတွဲချောင်း၊ တောင်ကျရေ များကြောင့် သဲသောင်များ ပေါ်ထွန်းပြီးတော့ မြစ်ချောင်းများ တိမ်ကောသွားရာ နှစ်စဉ်လို တွေ့ကြုံ ရတဲ့အတွက် ကျွန်တော်တို့ ရေကြီးခြင်းကို နှစ်စဉ်ကို ခံစားနေရပါတယ်။ အဲဒီသောင်များပေါ်ထွန်း တဲ့နေရာကို သက်ဆိုင်ရာဌာနမှ သောင်တူးစက်များဖြင့် ဖော်ပြီးပေးနိုင်/မပေးနိုင်နဲ့ သက်ဆိုင်ရာ ဌာနမှ လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေး နိုင်ခြင်း ရှိ/မရှိကို မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနမှ ကျွန်တော်တို့ကို သောင်တူးစက်များ ပေးနိုင်မည်ဆိုပါက မည်သည့်အချိန်တွင် ပေးနိုင်မည်ကို သိလိုပါကြောင်း နှင့် မပေးနိုင်မည်ဆိုပါကလည်း အဘယ်ကြောင့် ဆောင်ရွက် မပေးနိုင်ကြောင်းနှင့် မည်သည့်အချိန်တွင် သောင်များကို တူးဖော်ဆောင်ရွက်ပေးမည်ကို သိလို ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းချင်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## မြစ်ကြီးနားမြို့တွင် ဧရာဝတီမြစ်ရေ၏ ရေဘေးအန္တရာယ် တားဆီးကာကွယ်ရန် မြစ်ကမ်းမြေထိန်းကျောက်နံရံ တည်ဆောက်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်က မြစ်ကြီးနားမြို့တွင် ဧရာဝတီမြစ်ရေ၏ ရေဘေးအန္တရာယ် တားဆီးကာကွယ်ရန် မြစ်ကမ်းမြေ ထိန်းကျောက်နံရံ တည်ဆောက်ရေးနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ကတော့ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးခက်ထိန်နန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြစ်ကြီးနားမြို့မှာ ဧရာ ဝတီမြစ်ရေရဲ့ ရေဘေးအန္တရာယ် တားဆီး ကာကွယ်ရန် မြစ်ကမ်းမြေထိန်းကျောက်နံရံ တည်ဆောက်ပေးရေး အစီအစဉ် ရှိ/မရှိကို မေးမြန်း သွားမှာဖြစ်ပါတယ်။ မြစ်ကြီးနားမြို့ဟာ ကချင်ပြည်နယ်ရဲ့မြို့တော်ကြီး ဖြစ်ပါတယ်။ သို့သော်လည်း နှစ်စဉ်နှစ်တိုင်း မိုးရာသီကျရော က်တဲ့အခါ ရေကြီးပြီးတော့ မြို့ရဲ့ ရပ်ကွက်တစ်ချို့နဲ့ ရပ်ကွက်နဲ့ ဆက်စပ်နေတဲ့ ကျေးရွာများမှာ ရေကြီးခြင်းအန္တရာယ်ကို ခံစားနေရပါတယ်။ မြစ်ကြီးနားမြို့ ဧရာဝတီမြစ် ရေကြီးခြင်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်သိရှိတွေ့ကြုံရသမျှဟာ ၁၉၅၀ ကျော်မှာ တစ်ကြိမ်၊ ၁၉၇၉ ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၉၇ ခုနှစ်မှာတစ်ကြိမ်၊ ၂၀၀၄ ခုနှစ်မှာ တစ်ကြိမ်၊ ၂၀၀၇ ခုနှစ်မှာ တစ်ကြိမ်၊ ဧရာ ဝတီမြစ်ရေကြီးပြီးတော့ ရေကြီး ခြင်းဒုက္ခကို ခံစားခဲ့ရပါတယ်။ ရေကြီးတဲ့အချိန်အခါမှာ စိုးရိမ်ရေအမှတ်(၁၂၀၀)စင်တီမီတာကျော်အထိ ရေကြီးခဲ့တာဖြစ်ပါတယ်။ မြစ်ကြီးနားမြို့ရဲ့ စိုးရိမ်ရေအမှတ်ကို ကျော်လွန်ပြီးတဲ့ ရေကြီးတဲ့အနေအထားဟာ အဖြစ်အပျက် ကာလကို ကြည့်တဲ့အခါမှာ တစ်ချိန်နဲ့တစ်ချိန် အဖြစ်အပျက်ဟာ ပိုပြီးတော့ နီး ကပ်ပြီးတော့ စိပ်လာတာကို တွေ့ ရှိရပါတယ်။ ဒါတွေဟာ ကချင်ပြည်နယ်ရဲ့ မြစ်ချောင်းအင်းအို င် သစ်ပင် သစ်တော တောတောင်ရေမြေသဘာ ဝနဲ့ ရာသီဥတု အပြောင်းအလဲကြောင့်လည်း ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ မြစ်ကြီးနားမြို့ ရဲ့ ဧရာဝတီမြစ်ရေကြီးခြင်းနဲ့ ပတ်သက်ပြီးတော့ ယခုမှ စတင်ပြီးတော့ ကြိုတင်ဆောင်ရွက်ထားခြင်းမရှိဘူးဆိုရင် တစ်ချိန်ချိန်မှာ ရေလွှမ်းတဲ့အန္တရာယ်နဲ့တွေ့ကြုံ

နိုင်ပါတယ်။ ဒါ့ကြောင့်မို့လို့ မြစ်ကြီး နားမြို့ရဲ့မြောက်ဘက် မန်းခေး ရပ်ကွက်ကနေပြီးတော့ မြစ်ကြီးနားမြို့ရဲ့တောင်ဘက် ကချင်စုရပ်ကွက်အထိ ဧရာဝတီမြစ်ကမ်းနံဘေး မြေထိန်း ရေထိန်း ကျောက်စီနံရံများကို စီစဥ်တည်ဆောက်သွားဖို့ အစီအစဥ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို လေးစားစွာ မေးမြန်းတင်ပြ အပ်ပါတယ်ခင်ဗျား။ ကျေးဇူးအများကြီးတင်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ပတ်သက်ပြီး ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးမှ တစ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၉။**

**ဦးဉာဏ်ထွန်းအောင် (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည် ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် က ပထမဆုံးမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်လှိုင် ရဲ့ သံတွဲမြို့နဲ့ပတ်သက်တဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ သံတွဲမြို့ထဲက ြ ဖတ်ပြီးတော့စီးဆင်းတဲ့ သံတွဲမြစ်နဲ့ ပတ်သက်ပြီးတော့ သဲနု န်းကျမှုကြောင့် မြစ်ရေတိမ်ကော လာတာ ရှိပါတယ်။ ဒါနဲ့ပတ်သက် ပြီးတော့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီလ ကတည်းက ဒါ တိုင်းတာ ပြီးတော့ ဘယ်လိုပြုပြ င်ရမယ်ဆိုတာ ကျွန်တော်တို့ စဥ်းစားပြီးတော့ ဆွေး နွေးလျက်ရှိပါတယ်။ အဓိက သံတွဲမြို့ ခုနက ကိုယ်စားလှယ်ကြီး တင်ပြခဲ့တဲ့ သဲနုန်းပို့တဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် Technical Terms လေးကို အနည်းငယ် ကျွန်တော် တင်ပြမှာ ဖြစ်ပါတယ်။ သံတွဲချောင်းမှာ သံတွဲမြို့အထက်ဘက် သလင်းဆိပ်မှ သံတွဲမြစ်အောက်ဘက် နန်း ချောင်းဝအထိ အလျား ၄၆၀၀ မီတာတစ်လျှောက်မှာ ရေစစ်မျဥ်းအောက် ပျမ်းမျှ၁ မီတာအောက်မှာ ရှိပါတယ်။ ဆိုတဲ့သဘောက ဥက္ကဋ္ဌကြီးခင်ဗျား။ ၁ မီတာအောက်ဆိုတာ ၃ ပေ အောက်မှာပဲ ရှိပါတယ်။ အဲဒီလို အ ခြေအနေ ရှိပါတယ်။ သံတွဲချောင်းဟာ ဒီအခြေအနေ ဖြစ်နေပါတယ်။ ယခင်ကထက်စာရင် မြစ်ကြောင်းဟာ

အတော်တိမ်ကောလာတာ တွေ့ရပါတယ်။ နောက်တစ်ခုက တံတားရဲ့အထက်ဘက်နဲ့ အောက်ဘက်မှာလည်း ကျွန်တော်တို့ ကမ်းပြိုမှုများ ရှိပြီးတော့ ရေစီးရေလာ အနှောင့်အယှက်တွေ ဖြစ်နေပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်န ယ် သံတွဲမြို့နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ သုံးသပ်ချက်များအရ ယေဘု ယျအားဖြင့် တင်ပြရမယ်ဆိုရင် သံတွဲချော င်းထဲကိုစီးဝင်တဲ့ ဇီးချောင်းကနေပါလာတဲ့ သဲနုန်းများပို့ပြီး တော့ သံတွဲချောင်းကို ပိတ်တာပဲ ဖြစ်ပါတယ်။ ဒီအခြေအနေတွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ် သံတွဲချောင်းဟာ အမြင့်ဆုံး ရေအမှတ်ဟာ ၈.၃ မီတာရှိပြီး၊ သံတွဲမြစ်ကမ်း အမြင့်ဟာ ၃.၅ မီတာခန့်နဲ့ ဇီးချောင်းမြစ်ကမ်း အမြင့်ဟာ ၅ မီတာ အတွက်ကြောင့်မို့လို့ ရေနိမ့်တဲ့ နေရာတွေမှာ ခုနဇီးချောင်းနဲ့ သံတွဲချောင်းဟာ မိုးများလို့ရှိရင် ဒီရေထွက်နှုန်းနည်းပြီးတော့ မြို့ပေါ်မှာ ရေလွှမ်းမိုးတာဖြစ်ပါတယ်။ သံတွဲ ချောင်းရဲ့ လက်ရှိအ ခြေအနေကလဲ ရေစီးရေလာ မကောင်းတဲ့အတွက်ကြောင့်မို့လို့ အထူးသဖြင့် ဒီရေတက်တဲ့ အမှတ်ထက်ကျော်လို့ရှိရင် ဒါမြို့ထဲကို ရေ ဝင်တာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ သံတွဲချောင်း အနေနဲ့ ဝန်ကြီးဌာနတွေနဲ့ ဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းများလည်း ကျွန်တော်တို့ တိုင်းတာထားပြီး ဖြစ်ပါတယ်။ သံတွဲချောင်းကို တလင်း ဆိပ် အောက်ကနေပြီးတော့ နန်းချောင်းဝအထိ အလျား (၄၆၀၀)မီတာ၊ အကျယ် (၄၀)မီတာ၊ ရေ စစ်မြောင်း အောက် (၃)မီတာခန့် (၁၀)ပေလောက် သောင်တွေကို ကျွန်တော်တို့ တူးထုတ်ရမှာ ဖြစ်ပါတယ်။ နောက်တ စ်ခုက ရေနုတ်ကောင်းဖို့အတွက် နန်း ချောင်း ဝကနေ ဇီးချော င်းဝအထိ၊ ဇီးချောင်း ဝမှ ဇီးချောင်းအဆုံးအထိ ပင်လယ်ထဲကို စီးဆင်းတဲ့အပိုင်းကိုလည်း ကျွန်တော်တို့ သောင်ကိုလည်းတူးထုတ်ရမှာ ဖြစ်ပါတယ်။ တူးထုတ်ရမယ့် အတိုင်းအတာကတော့ အလျား(၃၁၇၀)မီတာ၊ အကျယ် (၁၀)မီတာ၊ ရေအနက် (၂)မီတာ (၆)ပေခန့် ကျွန်တော်တို့ တူးထုတ်ရမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ မြို့ခံလူများအနေနဲ့ သည်ချောင်းထဲကို အမှိုက်သရိုက်များ မပစ်ဖို့လိုပါတယ်။ သူတို့ချောင်းထဲကို ပစ်လိုက်တဲ့ အမှိုက်သရိုက်တွေဟာ ကျွန်တော်တို့ ပင်လယ်ဝ မှာ သွားစုပြီးတော့မှ သောင်တွေလာကျပါတယ်။ ပင်လယ်ဝမှာ သောင်ထူပြီးတော့ ကျန်တဲ့ရေမစီးဘဲနဲ့ တဖြည်းဖြည်းနဲ့ သောင်တွေဟာ၊ သဲတွေဟာ သံတွဲမြစ်ဝအထိ ရောက်ခြင်း ဖြစ်ပါတယ်။ နောက်တစ်ချက် တူးစာများကိုလည်း နန်းချောင်းဝမှ ဇီးချောင်းဝအထိ တူးတဲ့သောင်တွေကိုလည်း ဟိုဘက်သည်ဘက် ဘေးဘယ်ညာ တွေကို ပုံပေးဖို့ ဆောင်ရွက်ပေးဖို့ လိုပါတယ်။ နောက်ထပ်နန်းချောင်းဝမှာလည်း ရေထိန်း တံခါး ဆောက်ပေးဖို့

လိုပါတယ်။ ကျွန်တော်တို့ ရေရှည်လုပ်ရမယ့် လုပ်ငန်းဖြစ်ပါတယ်။ ခန့်မှန်းခြေ ကုန်ကျ စရိတ် သိန်း(၃၀၀၀)ကျော်ခန့် ကုန်ကျမှာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ သက်ဆိုင် ရာ ဒေသအာဏာပိုင်ကိုလည်းနောက် မြို့နယ်ပိုင်းအနေနဲ့လည်း ဒီကူညီထိန်းသိမ်းဖို့၊ ကျွန်တော်တို့ ဝန်ကြီးဌာနကလည်း ဒီနှစ်မှာတော့ ဒီကိစ္စဆောင်ရွက်ဖို့ ဘတ်ဂျက်မပါပါဘူး။ ဒါဟာ လာမယ့်နှစ် များမှာတော့ ဒီ ကိစ္စကို ဦး စားပေးပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ပြန်ကြားအပ်ပါတယ် ခင်ဗျား။

ဒုတိယမေးခွန်းဖြစ်တဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ ပထ မဆုံးကျွန်တော်တို့ ကချင်ပြည်နယ်ဟာ မြန်မာပြည်ရဲ့ မြောက်ဘက် အစွန်ဆုံးအပိုင်းမှာ ရှိပြီးတော့ ဒီ Sub Tropical Zone မှာ ရှိပါတယ်။ ကချင်ပြည်နယ်တွင် နှစ်စဉ် ပျှမ်းမျှမိုးရေချိန် လက်မ(၁၀၃.၁၈)လက်မ ရွာသွန်းတာဖြစ်ပါတယ်။ နှစ် (၃၀)အတွင်းမှာ ပျှမ်းမျှ တစ်နှစ်(၁၀၃)လက်မ ရွာသွန်းတယ်။ တစ်ပြည်လုံးမှာ ကချင်ပြည်နယ်ရဲ့ မိုးအများဆုံးကာလဟာ ဇူလိုင်လ ဖြစ်ပါတယ်။ ဧရာဝတီ မြစ်ဟာ ကချင်ပြည်နယ်၊ မြစ်ကြီးနား မြို့ရဲ့အထက် မိုင် (၃၀)ခန့် (၂၈.၇)မိုင်အကွာရှိ မေခနှင့် မလိခမြစ်ပေါင်းဆုံပြီးတော့ မြစ်ကစီးဆင်းပါတယ်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရဲ့ ခုနက ကိုယ်စားလှယ်ကြီးများ တင်ပြတဲ့ အတိုင်းပဲ စိုးရိမ်ရေအမှတ်က (၁၂၀၀)စင်တီမီတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မှတ်တမ်းများ အရ ဒီအမြင့်ဆုံးရောက်ရှိခဲ့တဲ့ ရေအမှတ်က ၁၉၇၉ ခုနှစ် နဲ့ ၂၀၀၄ ခုနှစ်မှာ ၁၃၉၈ စင်တီမီတာ ရောက်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ(၂)နှစ်မှာ ကျွန်တော်တို့ မြို့ထဲကို ရေဟာ (၇)ပေလောက် တက်ခဲ့ပါတယ်။ ခန့်မှန်းခြေ တက်ခဲ့တဲ့ရက်ကတော့ (၁၀)ရက် (၁၅)ရက် ကြာခဲ့ပါတယ်ခင်ဗျား။ အများဆုံးတက်ခဲ့တာ ဖြစ်ပါတယ်။ ၁၉၆၇ ခုနှစ် စပြီးတော့ တိုင်းတာခဲ့တဲ့ မိုးရေချိန်မှတ်တမ်းများအရ မြစ်ကြီးနားမြို့မှာ (၄၄)နှစ်အတွင်း (၇)ကြိမ် ကျွန်တော်တို့ ရေကြီးခဲ့ပါတယ်။ (၇)ကြိမ် ရေကြီးတဲ့အခါမှာ ခုနက (၂)ကြိမ်ကတော့ (၇)ပေ ပတ်ဝန်းကျင်တက်ပြီးတော့ ကျန်တဲ့အကြိမ်မှာ (၃)ပေခွဲလောက် တက်ပါတယ်။ အကြမ်းဖျင်း ဆိုလို့ရှိရင် (၇)နှစ်ခွဲ (၈)နှစ်မှာ မြစ်ကြီးနားမြို့မှာ ကျွန်တော်တို့ တစ်ကြိမ်ရေကြီးတာ ဖြစ်ပါတယ်။ ရေကြီးတဲ့အခါကျရင် အဓိက မိုးရေချိန်လက်မ များများစားစား ရွာတဲ့အတွက်ကြောင့် ဧရာဝတီမြစ်က ရေစီးနှုန်းများတာလည်း ပါပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ နောက် local မှာရှိတဲ့ Rainfall များတာကြောင့် ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ဧရာဝတီ မြစ်ရေဟာ တက်လာပြီးတော့

မြစ်ကြီးနားမြို့ရဲ့ အနိမ့် ပိုင်းရပ်ကွက်တွေမှာ ရေဝင်ရောက်မှု ဖြစ်ပေါ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ခဲ့တဲ့ကိစ္စရပ်များအနေနဲ့ ၁၉၉၇-၁၉၉၈ ခုနစ်ကနေ ၂၀၁၀ အတွင်းမှာ လေတပ်စခန်း လေယာဉ်ပျံပြေးလမ်းဘေးမှာ ကျောက်စီ တမံ (၁၆၅၀)မီတာ၊ နောက် မလိခဧည့်ရိပ်သာဘေးမှာ ပေ (၆၀၀)ကျော် ဆောင်ရွက်ခဲ့တာဖြစ် ပါတယ်။ မြစ်ကြီးနားမြို့ကို လေ့လာ သုံးသပ် ကြည့်မယ်ဆိုရင် မြစ်ရေကြီးမှုကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား ။ ကမ်းပြိုမှု လုံးဝ မရှိပါဘူး။ မြစ်ရေကြီးမှု ကြောင့် နိမ့်တဲ့ရပ်ကွက်တွေမှာပဲ ရေဝင်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဧရာဝတီမြစ်ကြီးကို တောက်လျှောက် ထိန်းသိမ်းဖို့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနကနေပြီး စီမံ ကိန်းများ ရေးဆွဲလျက်ရှိပါတယ်။ မြစ်ကြီးနားမြို့ကစပြီးတော့ အဓိက အားဖြင့် မြစ်ကမ်းပါးများ မပြိုရေးနှင့် မြစ်ရေကြီးမှုကာကွယ်ရေးအတွက် Master Plan ဆွဲပြီးတော့ ဆောင်ရွက်နေပါတယ်။ လောလောဆယ် ကျွန်တော်တို့ မှတ်တမ်းများကတော့ တကယ်လို့ မြစ်ကြီးနားမြို့ကို လက်ရှိ အနေအထားအရ မြစ်ရေဝင်ဖို့ဆိုရင် ကျွန်တော် တို့က အမြင့်ဆုံးမီတာ ဖြစ်တဲ့ ဒီမြစ်ကမ်းပါးနားမှာ (၇)ပေလောက်ရှိတဲ့ တာများ ပတ်လိုက်ရင်တော့ မြစ်ထဲကို ရေဝင် ရောက်စရာ မရှိပါဘူး။ ခုနက ကိုယ်စားလှယ်ကြီးများမေးတဲ့ မြစ်ကြီးနားမြို့ရဲ့ကမ်းပါးတစ်ခုလုံးဟာ နွေရာသီမှာ အင်မတန်မှ မတ်စောက်ပြီး တော့ နက်ပါတယ်။ အဲဒါကြီးတစ်ခုလုံးကို ကျွန်တော်တို့ ရေထိန်းနံရံ တည်ဆောက်ရန်ဆိုရင် အင်မတန်မှ ကုန်ကျစရိတ်များပြားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တခြားနည်းလမ်းနဲ့ မြစ်ကြီးနားမြို့ရဲ့ ကမ်းပြိုမှုများကို ကာကွယ်ထိန်းသိမ်းစောင့်ရှော က်သွားမည် ဖြစ်ကြောင်း ဖြေကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီး ကျေးဇူးတင်ပါတယ်။ သံတွဲမြို့ချောင်းနဲ့ ပတ်သက်ပြီးတော့ ဝန် ကြီးဌာနကလည်း သိရှိပြင်ဆင်ပြီး ဖြစ်တဲ့အတွက် လာမ ယ့် Budget က စပြီးတော့ ဦးစားပေးဆောင်ရွက်ဖို့ တိုက်တွန်းချင်ပါတယ်။ အလားတူပဲ ဒီမြစ်ကြီးနားနဲ့ ပတ်သက် လို့လည်း မြစ်ကမ်းပြိုခြင်းမရှိတဲ့အတွက် မြေထိန်းကျောက်စီနံရံများ တည်ဆောက်ရန် မလို သော်လည်း ရေထိန်းတာတမံ တည်ဆောက်ပေးဖို့ လိုတယ်ဆိုလည်း သက်ဆိုင်ရာ တင်ပြည့်နိုင်းပြီး ဆောင်ရွက်ပေးဖို့ လိုပါတယ်။ ရေဘေးကိစ္စကလည်း ပြည်သူကို စိတ်ညစ် စေတဲ့ ကိစ္စဖြစ်တဲ့ အတွက် ဦးစားပေး ဆောင်ရွက်ပေးဖို့ တိုက်တွန်းပါတယ်။

## လက်ကိုင်တယ်လီဖုန်း အသုံးပြုခကို သင့်တင့်သည့်နှုန်းသို့ ပြင်ဆင်သတ်မှတ်ပေးရန်နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးစံထွန်း၊ ကချင်ပြည်နယ် မဲနွနယ်အမှတ် (၁၁)မှ လက်ကိုင်တယ်လီဖုန်း အသုံးပြုခကို သင့်တင့်သည့် နှုန်းသို့ ပြင်ဆင်သတ်မှတ်ပေးရန် နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးစံထွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ပြည်ထောင်စုဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံ ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လက်ကိုင်တယ်လီဖုန်း ပြောဆိုခနဲ့ ပတ်သက်ပြီး မေးမြန်း သွားလိုပါတယ်။ မိ မိအိမ်နီးချင်းနိုင်ငံများနဲ့ အာရှ နိုင်ငံများရဲ့ လက်ကိုင် တယ်လီဖုန်းအသုံးပြုခမှာ တစ်မိနစ်လျှင် တရုတ်၊ ဘင်္ဂလား ဒေ့ရှ်နိုင်ငံတို့၌ မြန်မာ ကျပ်ငွေနဲ့ တိုင်းတာပါက (၂၀)ကျပ်၊ အိန္ဒိယ၊ ထိုင်း၊ စင်္ကာပူတို့တွ င် မြန်မာငွေနှင့် နှိုင်းယှဉ် ပါက (၁၈)ကျပ် ခန့်သာရှိသော်လည်း မြန်မာနိုင်ငံရဲ့ တစ်မိနစ်ပြောဆိုခမှာ (၅၀)ကျပ်ဖြစ်နေသဖြင့် အခြားနိုင်ငံ များနှင့် နှိုင်းယှဉ်ပါက (၂ ဆခွဲ၊ ၃ ဆခွဲ)ခန့် ကြေးမြင့်နေကြောင်း တွေ့ရှိရပါတယ်။ ပြည်သူလူထု သက်သာချောင်ချိမှု ရှိရေးအတွက် တစ်မိနစ်ပြောဆိုခကို သင့်တင့် သည့်နှုန်းထားသို့ ပြင် ဆင် သတ်မှတ်ပေးနိုင်မှု အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းလိုပါသည်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။မေးခွန်းနဲ့ပတ်သက်ပြီး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၀။**

**ဦးသိန်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်ကျန်းမာ စိတ်ချမ်းသာ ရှိပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ က ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံထွန်း ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဦးစံထွန်း ဒီမေးခွန်းကို ကျွန်တော်တို့ဆီ ပို့ကတည်းက ဒီမိုဘိုင်းတယ်လီဖုန်း ပြောဆိုဆက်သွယ်ခများနဲ့ ပတ်သက်ပြီးတော့ စိစစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ရှင်းလင်းတင်ပြရာမှာ ဂဏန်းများ၊ အင်္ဂလိပ်စာများပါတဲ့အတွက် ဖတ်ကြားရှင်းလင်း တင်ပြခွင့်ပြုပါရန်မေတ္တာရပ်ခံပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးသိန်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန)။** ။ အဲဒီလို စိစစ်တဲ့အခါမှာ ကျွန်တော်တို့ (၁-၂-၂၀၀၃)ရက်နေ့မှ စတင်ပြီးတော့ မိုဘိုင်းဖုန်းခေါ်ဆိုခနှုန်းထားတွေကို မြို့တွင်းခေါ်ဆိုခ နှုန်းထား တစ်မိနစ်မှာ ၂၅ ကျပ်နှုန်း၊ နယ်အ ဝေးခေါ်ဆိုနှုန်းထား တစ်မိနစ်မှာ(၃၅)ကျပ်နှုန်းဖြင့် ကျွန်တော်တို့ ကောက်ခံဆောင်ရွက်ခဲ့တာကို တွေ့ရှိရပါတယ်။ ၂၀၀၉ ခုနှစ် ၁၀ လပိုင်းမှာ နိုင်ငံတကာမိုဘိုင်း တယ်လီဖုန်းခေါ်ဆိုခ နှုန်းထားတွေနဲ့ မြန်မာနိုင်ငံရဲ့ မိုဘိုင်းတယ်လီဖုန်း တစ်လုံးအတွက် ခေါ်ဆိုခနှုန်းထားတွေကို ကျွန်တော်တို့ နှိုင်းယှဉ်စိစစ်ကြည့်ပါတယ်။ မိုဘိုင်းတယ်လီဖုန်းတစ်လုံးအတွက် ခေါ်ဆိုမှု အဲ ဒီအချိန်က ကျွန်တော်တို့ နိုင်ငံရဲ့ခေါ်ဆိုခ ဝန်ဆောင်မှု ကုန်ကျစရိတ်ကို ပြန်လည်ပြီး စိစစ်တွက်ချက်ခဲ့ပါတယ်။ နှိုင်းလည်းနှိုင်းယှဉ်ခဲ့ပါတယ်။ ဒီ လိုစိစစ်တွက်ချက် နှိုင်းယှဉ်ခဲ့တဲ့အခါမှာ ကျွန်တော်တို့ဆီက ကျွ န်တော်တို့ မိုဘိုင်းတယ်လီဖုန်းတစ်လုံးရဲ့ ကုန်ကျစရိတ် operating cost ကိုပဲ အခြေခံပါတယ်။ တစ်မိနစ်ကုန်ကျစရိတ်ဟာ ကျွန်တော်တို့ (Local)လို့ ခေါ်တဲ့ မြို့တွင်း Call ကို ၂၈ ကျပ်နှင့် ကျွန်တော်တို့

နယ်ဝေး call ကို ၃၉ ကျပ်ဆိုပြီး ကျ သင့်ပါတယ်။ ဒီလို ကျွန်တော်တို့ တွက်ချက်တဲ့အခါမှာ Operating Cost လုပ်ငန်းလည်ပတ်တဲ့ဥပမာအားဖြင့် ဝန်ထမ်းလစာ၊ စက်သုံးဆီ၊ ကျွန်တော်တို့ အဆောက်အဦ အဲဒီလိုဟာတွေကိုပဲ ထည့်သွင်းတွက်ချက်တာ ဖြစ်ပါတယ်။ Investment Cost ဆိုတဲ့ ယခင်တုန်းက ဒီဟာကို လုပ်ကိုင်ဆောင်ရွက်ဖို့အတွက် ရင်းနှီးမြှုပ်နှံရတဲ့ဟာကို ကျွန်တော်တို့ ထည့်သွင်းတွက်ချက်ခဲ့ခြင်းတောင် မရှိသေးပါဘူး။ ကျွန်တော်တို့ ဝန်ထမ်းလစာ စသည်ဖြင့် သုံးစွဲနေရတဲ့ စက်သုံးဆီ စသည်ဖြင့် Transmission ကို လုပ်နေရတယ် စသည်ဖြင့်. ဒါကိုပဲ ကျွန်တော်တို့ ထည့်သွင်းတွက်ချက်ခဲ့တာ ဖြစ်ပါတယ်။ Investment Cost ကို မတွက်ချက်ခဲ့ သေးပါဘူး။ အဲဒီအချိန်တုန်းကပင်လျှင် local ဟာ ၂၈ ကျပ် ကျသင့် ပြီးတော့ ဒီ အဝေး ခေါ်ဆိုခဟာ ၃၉ ကျပ်ကျသင့်ကြောင်း တွေ့ရှိရပါတယ်။ အဲဒီအချိန်မှာ နိုင်ငံတကာ တယ်လီဖုန်း ခေါ်ဆိုခ နှုန်းထားများကို ဝန်ကြီးဌာနအနေဖြင့် ပြန်လည်စိစစ် ပြီးတော့ တွက်ချက်တင်ပြထား တာဟာဆိုလို့ရှိရင် မြန်မာငွေ မြို့တွင်း (၂၅)ကျပ် နယ်ဝေး(၃၅)ကျပ် ဖြစ်ပါတယ်။ အဲဒီအချိန်က စင်္ကာပူမြို့တွင်း(၁၂၀)၊ နယ်ဝေး(၁၂၀) ဖြစ်ပါတယ်။ ထိုင်း (၉၀)၊ နယ် ဝေး(၂၇၀)၊ ဗီယက်နမ် မြို့တွင်း(၈၀)၊ နယ် ဝေး(၉၀)စသည်ဖြင့် ကျွန်တော်တို့ ဒီဟာကို ကျွန်တော်တို့ ၁၉-၁၂-၂၀၀၉ ရက်နေ့မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့အစည်းအဝေးမှတ်စဥ် (၄၈/၂၀၀၉) သို့ တင်ပြပြီးတော့မှ ကျွန်တော်တို့ ၁၉-၁၂-၂၀၀၉ မှာ ဝန်ကြီးဌာနစီမံခန့်ခွဲရေး ကော်မတီကနေ ပြီးတော့ ဆုံးဖြတ်ချက်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ အစည်းအ ဝေး ခုနက ကျွန်တော်တင်ပြတဲ့ (၄၈/၂၀၀၉)ကို တင်ပြပြီးတော့မှ ၃၁-၁၂-၂၀၀၉ မှာ ဒီဟာကို သဘောတူ ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ ယခုလက်ရှိ ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့အတွက် ထပ်မံပြီးတော့ သေချာမှုရှိစေဖို့အတွက် ကျွန်တော့် အနေနဲ့ ဒီခုန အိမ်နီးချင်းနိုင်ငံများရဲ့ အာဆီယံနိုင်ငံများရဲ့ ကိုယ်စားလှယ်တော်ကြီး ပြောကြားသွားတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရယ် အဲဒီက မိုဘိုင်း အော်ပရေတာတွေ လက်ရှိ ပျမ်းမျှခေါ်ဆိုခနှုန်းထားများကို Internet မှ သော်လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း ထပ်မံပြီးတော့ လေ့လာဆန်းစစ်ခဲ့ပါတယ်။ အဲသလို လေ့လာဆန်းစစ် ခဲ့တဲ့အခါမှာ စင်္ကာပူ အော်ပရေတာ singtel ဖြစ်ပါတယ်။ ကျွန်တော်တို့ Prepaid GSM(၁၀၄) မြို့တွင်း ဖြစ်ပါတယ်။ (၁၀၄)နယ်ဝေးဖြစ်ပါတယ်။ website နာမည်က www.singtel.com ဖြစ်ပါတယ်။ ဒါကိုကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီး ဒီအင်တာနက်မှာ ကြည့်ရှုနိုင်ပါတယ်။ ထိုင်းအော်ပရေတာ AIS ဖြစ်ပါတယ်။ မြို့တွင်း ၄၀ ဖြစ်ပါတယ်။ နယ် ဝေး ၈၀ ဖြစ်ပါတယ်။

Website နာမည်က www.ais.co.th ဖြစ်ပါတယ်။ အင်ဒိုနီးရှား အော် ပရေတာ Tel komsel ဖြစ်ပြီး မြို့တွင်း ၈၅၊ နယ် ဝေး ၈၅ ဖြစ်ပါတယ်။ website နာမည်က www.telkomsel.com ဖြစ်ပါတယ်။ ဗီယက်နမ် မိုဘိုင်းအော် ပရေတာ မြို့တွင်း ၃၄ နယ်ဝေး ၃၄ Website နာမည်က www.mobiphone.com.vn ဖြစ်ပါတယ်။ အချိန်ကို ငဲ့ညာသောအားဖြင့် ကျွန်တော် ဆက်လက်ပြီး ဒီဟာတွေကို အသေးစိတ်မတင်ပြတော့ပါဘူး။ ကျွန်တော့်ဆီမှာ Internet Website အထောက်အထားတွေပါ ကိုယ်စားလှယ်ကြီးများကြည့်ရှုချင်တယ်ဆိုရင် ရရှိနိုင်ပါကြောင်း ဥက္ကဋ္ဌကြီးအား တင်ပြအပ်ပါတယ်။ ဒီနေရာမှာ ကိုယ်စားလှယ်တော်ကြီးများကို တင်ပြလိုတာက Mobile Phone ခေါ်ဆိုခ နှုန်းထားများနှင့် ပတ်သက်ပြီး တာ့ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ အဲဒီနိုင်ငံမှာရှိကြတဲ့ Operator တစ်ဦးနှင့်တစ်ဦး မတူညီကြတာကို ဒါတွေဟာ ခေါ်ဆိုမှု နှုန်းထား မတူညီကြတာကို တွေ့ရှိရပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ Operator တစ်ချို့နိုင်ငံမှာ ၅ ဦး၊ ၆ ဦး၊ ၇ ဦး စသည်ဖြင့် ရှိကြတဲ့အခါမှာ သူတို့က သူတို့ဆီကို ကျွန်တော်တို့ Customer များများရရှိရေးအတွက် ဆွဲ ဆောင်ကြတဲ့အခါမှာ တစ်ချို့ Operator တွေဟာ Call Charge Per Minute ကို ဖော်ပြထားပြီးတော့၊ တစ်ခါ ခေါ်တိုင်းခေါ်တိုင်းကို ကျွန်တော် Initial Charge ယူလိုက်တာကို ဖော်ပြမထားပါဘူး။ Call Charge Permitted က ချိုပါတယ်။ သို့သော် တယ်လီဖုန်းကောက်ပြီး Contact လုပ်လိုက်တာနဲ့ ဖတ်ကနဲ့ ယူလိုက်တဲ့ဟာကို ကျွန်တော်တို့ ဖော်ပြမထားပါဘူး။ ဒါကိုလည်းပဲ ကျွန်တော်တို့ Charge လုပ်ရပါတယ်။ ပေးရပါတယ်။ တစ်ချို့ operator တွေဆိုလို့ရှိရင် ကျွန်တော်တို့သည် Initial Charge ကို ယူတဲ့အတွက် တစ်နည်းအားဖြင့်ပြောရရင် call ပြုတ်ကျသွားတိုင်း ပြန်ခေါ်ရတဲ့အတွက် Call ပြုတ်ကျတဲ့လမ်းကတောင်မှ ကျွန်တော်တို့တင်တဲ့ သာဓကတွေရှိခဲ့ပါတယ်။ တစ်ချို့ Operator တွေကျတော့လည်း ကောင်းမွန်တဲ့လမ်းကြောင်း၊ သမရိုးကျ သတ်မှတ်ထားတဲ့ လမ်းကြောင်းအတိုင်း မသွားဘဲနဲ့ Grey Route လို့ခေါ်တဲ့ တရားမဝင် လမ်းကြောင်းတွေကနေ တင်ပေးပြီး call အရည်အသွေး ကောင်းတာ မကောင်းတာကို နောက်ထား ဈေးနှုန်းကို ပြိုင်ဆိုင်တာကိုတွေ့ရှိရပါတယ်။ သိက္ခာရှိတဲ့ Operator ကြီးတွေကတော့ အဲဒီလို မလုပ်ဘဲနဲ့ အရည်အသွေးကောင်း တဲ့ လမ်းကြောင်း ကိုယ်ပိုင် Network ကနေပြီးတော့ဘဲ တင်ပေးတာကို တွေ့ရှိရ ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ပြောဆိုဆက်သွယ်နေတဲ့ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းရဲ့ လက်ရှိ မိုဘိုင်း ပြည်တွင်းတယ်လီဖုန်း

ခေါ်ဆိုခနှုန်းထားဟာ တစ်မိနစ်လျှင် ကျပ် ၅၀ နှုန်းဟာ ၁-၁-၂၀၁၀ ရက်နေ့မှစပြီးတော့ ၂၀၁၀ ရက်နေ့မှစ၍ ပြောင်းလဲကောက်ခံခဲ့သော နှုန်းထားဖြစ်ပါတယ်။

ကျွန်တော်တို့ဟာမြို့တွင်း နယ်ဝေးရယ်လို့ သတ် မှတ်ထားတာမဟုတ်ပါဘူး။ တစ်ပြည်လုံးပျှမ်းမျှခေါ်ပြီးတော့ ကော့သောင်းကနေပြီးတော့ ခေါင်လန်ဖူး ပြောမယ်ဆိုလည်း (၅၀)ပဲ ဖြစ်ပါတယ်။ နေပြည်တော်ကနေပြီးတော့ ခေါင်လန်ဖူး ၊ ကော့သောင်းကို ပြောမယ်ဆိုရင် လည်း (၅၀)ပဲ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးပြောတဲ့ တရုတ်ပြည်မှာ ကျွန်တော်တို့ ကူမင်းမြို့အတွင်းမှာ ပြောချ င်ရင် ဈေးနှုန်း တစ်မျိုးဖြစ်ပါတယ်။ ကူမင်းကနေပြီး ပေကျ င်းကိုပြောရင် တမျိုးဖြစ်ပါတယ်။ ကူမင်းကနေပြီး တစ်ခြားပြည်နယ်ပြောရင် တစ်မျိုးဖြစ်ပါတယ်။ ဒါဟာလဲပဲ သူတို့ရဲ့ နိုင်ငံအခြေ အနေ သူတို့ရဲ့အော်ပရေတာ တွေ အခြေအနေအရ သတ်မှတ်ထားတာဖြစ်ကြောင်းကို တွေ့ရှိရပါတယ် ။ ကျွန်တော်တို့အနေနဲ့ ဒီနှုန်းဟာ ၁-၁-၂၀၁၀ ရက်နေ့ကမှ ပြောင်းလဲကောက်ခံခဲ့တဲ့ နှုန်းထားဖြစ်ပြီးတော့ ၎ င်းနှုန်းထား ပြောင်းလဲသတ်မှတ်မှုဟာလည်းပဲ ကာလမရှည်ကြာသေးပါဘူး။ အဲဒါအပြင် အခြားနိုင်ငံများက ကျွန်တော်အခုတင်ပြခဲ့တဲ့ Call Charge ဟာ Permanent နှိုင်းယှဉ်ကြည့်တဲ့ အခါမှာလဲပဲ ယနေ့အထိ ကျိုးကြောင်းဆီလျော်တဲ့ ခေါ်ဆိုခနှုန်းထား ဖြစ်နေတာကိုတွေ့ရှိကြောင်း ဖြေကြားအပ်ပါတယ်။ ကျွန်တော်တို့ ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအနေဖြင့်တယ်လီဖုန်း တပ်ဆင်ခနှင့်ပြောဆိုခက ရရှိတဲ့ငွေတွေကို နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးနဲ့အခွန်ဝန်ကြီးဌာနကို အားလုံးအပ်နှံပြီးတော့မှ မိုဘိုင်းဖုန်း အသုံးပြုခွင့်မရသေးတဲ့ လိုင်းဖုန်း အသုံးပြုခွင့် မရသေးတဲ့ဒေသတွေကို ပြောဆိုဆက် သွယ်နိုင်အောင်ဆောင်ရွက်ရာမှာလည်းပဲ ကျွန်တော်တို့ ဆက်လက်အသုံးပြုနေရပါတယ်။ ဥပမာအားဖြင့် ကိုယ်စားလှယ်တော်ကြီးတို့ ကချင်ပြည်နယ်မှာ ပူတာအို၊ မချမ်းဘော၊ ခေါင်လန်ဖူး စသည့်ဖြင့် အဲဒီဒေသတွေထိအောင် ကျွန်တော်တို့ဟာ မိုဘိုင်းဖုန်း ဆက်သွယ်နိုင်သော် လည်းပဲ အလားတူ ဒေသတွေမှာ ကျွန်တော်တို့ ဆက်သွယ်လို့ မရသေးပါဘူး။ အဲဒါတွေကို ကျွန်တော်တို့ဟာ ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဆောင်ရွက်လဲ ပေးနေပါတယ်။ ဒ့ါအပြင် နိုင်ငံတော်နဲ့ ပြည်သူများရဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး တိုးတက် ဖွံ့ဖြိုးရေးဆိုင်ရာများ လမ်းပမ်းဆက်သွယ်ရေးဆိုင်ရာများ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာများနှင့် သဘာဝပတ်ဝန်းကျင်ဘေးအန္တရာယ် ကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများမှာလည်း ဒီကရတဲ့ ကျွန်တော်တို့ငွေများနဲ့ သုံးစွဲလျက်ရှိကြောင်း သိရှိရပါတယ်။ ကချင်ပြည်နယ်

မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးစံထွန်း အနေဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေးမှာ သတင်းအချက်အလက် နည်းပညာဖွံ့ဖြိုးမှုကဏ္ဍနှင့် ပတ်သက်ပြီးတော့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အား ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်သို့ ဦးတည်ချီတက်ရာမှာ သတင်းအချက်အလက်နှင့် နည်းပညာဖွံ့ဖြိုးမှုကဏ္ဍဟာ အလွန်အရေးပါတဲ့ ကဏ္ဍတစ်ခုဖြစ်တဲ့အတွက် မြန်မာနိုင်ငံဟာ လက်ရှိသတင်းအချက်အလက် နည်းပညာသုံးစွဲမှု အခြေအနေနှ င့် ဆက်လက်ပြီးတော့ မြို့ပြနှင့် ကျေးလက်များအထိ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေးအတွ က် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပက်သက်ပြီးတော့ မေးမြန်းခဲ့တာကို တွေ့ရှိရပါတယ် ။ ယခုအကြိမ်မှာလည်းပဲ ကျွန်တော်တို့ အထက်ပါအတိုင်း တယ်လီဖုန်းခေါ်ဆိုခ နှုန်းထားများနှင့် ပက်သက်ပြီးတော့ ကိုယ်တိုင် မေးမြန်းထားတာကို တွေ့ ရတဲ့အတွက် ဒီလိုဆက်သွယ်ရေးကဏ္ဍမှာ အထူးစိတ်ဝင်စားစွာဖြင့် ဆွေးနွေးမေးမြန်းတဲ့အတွက် ကျွန်တော့် အနေဖြင့် အထူးကျေးဇူး တင်ရှိပါကြောင်း ပြောကြား လိုပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကမ္ဘာ့နိုင်ငံအများစု မှာရှိကြတဲ့ ပြည်သူများအနေဖြင့် One Phone Call Can Complete One Business တယ်လီဖုန်းဆက်သွယ်မှုတစ်ခုဟာ အလုပ်တစ်ခုကို ပြီးမြောက်စေနိုင်တယ်ဆိုတဲ့ ခံယူချက်ဖြင့် နေ့စဉ်တစ်ဦးနှင့်တစ်ဦး တစ်နိုင်ငံနှင့်တစ်နိုင်ငံ လုပ်ငန်းကိစ္စများကိုပြောဆိုဆက်သွယ်ဆောင်ရွက်နေကြတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်အစိုးရအဖွဲ့ရဲ့ ကြီးကြပ်လမ်းညွှန်မှုနှင့်အညီ နိုင်ငံတော်အတွ င်းရှိ ပြည်သူများရဲ့ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေဖို့နဲ့ တစ်ဦးနဲ့တစ်ဦး အဆင်ပြေချောမွေ့စွာ ပြောဆိုဆက်သွယ်နိုင်ဖို့အတွက် ဆက်လက် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လောလောဆယ်မှာလည်း ပုဂ္ဂလိကကဏ္ဍနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပြီးတော့ GSM Mobile ဆက်သွယ်မှုကွန်ယက်စနစ်ကို တိုးချဲ့ ဆောင်ရွက်လျက်ရှိတာကို ကိုယ်စားလှယ်တော်ကြီးများ အသိပင်ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပက်သက်ပြီးတော့ လဲ သတင်းစာဂျာနယ် မဂ္ဂဇင်း စာစောင်တွေမှာလည်း ပါရှိပြီးဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား ။ ကျွန်တော့်ကို အမျိုးသားလွှတ်တော်မှာယခုကဲ့သို့ ဆွေးနွေးဖြေကြားခွင့်ပေးတဲ့အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို အထူးကျေးဇူးတင်လေးစားပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ ယခုဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းမယ့် မေးခွန်းတွေဟာ ပညာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်း က ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက် ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ရေနံချောင်းမြို့နယ်၊ ဘုရားကုန်းကျေးရွာ အ ခြေခံပညာအလယ်တန်းကျောင်းခွဲကို အခြေခံပညာ အလယ်တန်းကျောင်း အဖြစ်လည်းကောင်း၊ လွန်ပင်ရှိုကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်း ကျောင်း၊ ဖောင်းကွဲကျေးရွာအုပ်စု ဖောင်းကွဲကျေးရွာတွဲဖက်အခြေခံပညာ အလယ်တန်းကျောင်းနှင့် ကံကြီးကျေးရွာအုပ်စု ကံကြီးကျေးရွာ တွဲဖက်အ ခြေခံပညာ အလယ်တန်းကျောင်းတို့အား အလယ်တန်းကျောင်းခွဲများအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးပါရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဒါကြောင့် ယခုမကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်ငြိမ်း မေးမြန်းနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၂။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စု ဝန်ကြီးများ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော့် အနေနဲ့ စာသင်ကျောင်း(၄)ကျောင်းနဲ့ ပတ်သက်တဲ့ မေးခွန်းများကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါ တယ်။ ပထမဦးစွာ ကျွန်တော်တင်ပြမေးမြန်းလို တဲ့ မေးခွန်းကတော့ မကွေးတိုင်း ဒေသကြီး၊ ရေနံချောင်းမြို့နယ်ပင်းဝကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ အခြေခံပညအလယ်တန်းကျောင်းခွဲမှ အခြေခံပညာ အလယ်တန်း အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် တင်ပြထားသော ကိစ္စဖြစ်ပါ တယ်။ ရေနံချောင်းမြို့နယ် ပင်းဝကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းခွဲဟာ ၁၉၉၆ခုနှစ် ကစပြီးတော့ ပညာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုမိန့်ဖြင့် ဖွင့်လှစ်ခဲ့ပါတယ်။ ထိုသို့ဖွင့်လှစ်ခဲ့သည်မှာ ယခုဆိုရင် (၁၅)နှစ်ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ် ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာ အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် ရေနံ ချောင်းမြို့နယ်

ပညာရေးမှူး၏ ကွင်းဆင်းစစ်ဆေးထောက်ခံချက်ယခင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက် ၊ မြို့နယ်ပညာရေးမှူးရုံး၏ ထောက်ခံချက်၊ ယခင်ကျေးရွာအုပ်စုအေးချမ်းသာယာရေးဖွံ့ဖြိုးရေးကောင်စီ၏ထောက်ခံချက် ယခင် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက် တို့နဲ့အတူ ရေနံချော င်းမြို့နယ် ပညာရေးမှူးရုံးမှတစ်ဆင့် မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံးသို့ လုပ်ထုံးလုပ်နည်း နဲ့အညီ တင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ပင်းဝကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ အလယ်တန်းကျောင်းခွဲဟာ ၁၉၉၆ခု ဇူလိုင်လ ၁၅ရက်နေ့မှ စတင်ဖွင့်လှစ်ခဲ့သဖြင့် ကျောင်းခွဲသက်တမ်း(၁၅)နှစ် ရှိပြီ ဖြစ်ခြင်း၊ ကျောင်းအဆောက်အဦ လုံလောက်မှု ရှိခြင်း၊ ပတ်ဝန်းကျင်အရံ ကျေးရွာများမှ မူ လတန်းကျောင်းသား(၇၄၈)ဦး အလယ်တန်းကျောင်းသား (၂၁၃)ဦးရှိခြင်း၊ ကျောင်းဝန်းဧရိယာလုံလောက်မှုရှိခြင်း၊ ကျောင်းအင်္ဂါရပ်နှင့် လည်းပြည့်စုံမှုရှိခြင်း၊ ရေနံချောင်းမြို့နဲ့လည်း အလှမ်းဝေးကွာခြင်း၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များကလည်း ပညာ ရေးမှူးမှတစ်ဆင့် ထောက်ခံတင်ပြပြီးဖြစ်ခြင်းတို့ကြောင့် အခြေခံပညာ အလယ်တန်းကျောင်း ခွဲအဆင့်မှ အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးပါရန် ထောက်ခံတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍တင်ပြပါ ဘုရားကုန်းကျေးရွာ အခြေခံပညာ အလယ်တန်း ကျောင်းခွဲအား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရေး တင်ပြတောင်းခံထားသည်ကို အလယ်တန်းကျောင်းအဖြစ်သို့ တိုးမြှင့်ပေးနိုင်မည့် အခြေအနေနှင့် မည်သည့် အချိန်တွင် တိုးမြှင့်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ ရေနံချောင်းမြို့နယ် လွန်ပင်ရှိကျေးရွာတွဲဖက် အခြေခံပညာ အလယ်တန်းကျောင်းကိစ္စ မေးမြန်းသွားမှာဖြစ်ပါတယ်။ ရေနံ ချောင်းမြို့နယ် လွန်ပင်ရှိကျေးရွာတွဲဖက် အလယ်တန်းကျောင်းကို ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်နဲ့အညီ ၁၉၈၀ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့ပါတယ်။ ယခုဆိုလျှင် နှစ်ပေါင်း(၃၀)ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ လွန်ပင်ရှိကျေးရွာ အခြေခံပညာ တွဲဖက်အလယ်တန်းကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရန် ရေနံချောင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက်မြို့နယ်ပညာရေးမှူးတို့၏ ထောက်ခံချက်တို့နှင့်အတူ လုပ်ထုံးလုပ်နည်းနှင့်အညီ မကွေးတိုင်းပညာရေးမှူးရုံးသို့ ဆက်လက်တင်ပြထား ရှိပြီး ဖြစ်ပါတယ်။ အဆိုပါ လွန်ပင်ရှိကျေးရွာတွဲဖက် အခြေခံပညာ အလယ်တန်းကျောင်းသည် တွဲဖက်အဖြစ် ဖွင့်လှစ်ခဲ့သည်မှာ နှစ် (၃၀)ကြာမြင့်ခဲ့ပြီဖြစ်ခြင်း၊

သင်ကြားရေးပိုင်းဆိုင်ရာ ဆရာ/ဆရာမများ ငှားရမ်းသင်ကြားနေ ရသည်မှာ ကြာမြင့်ပြီဖြစ်ခြင်းတို့ကြောင့် ငှားရမ်းရေးအတွက် အခက်အခဲရှိခြင်း၊ စာသင်ဆောင်ကျောင်းသုံး ပရိဘောဂများ ပြည့်စုံခြင်းတို့ ကြောင့် လွန်ပင်ရှိ တွဲဖက် အခြေခံပညာအလယ်တန်းကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်းခွဲသို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်မည့်အခြေအနေ အချိန်တို့အား သိရှိလိုပါသဖြင့် မေးမြန်းတင်ပြခြင်းဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ရေ နံချောင်းမြို့ ဖောင်းကွဲကျေးရွာအုပ်စု၊ ဖော င်းကွဲကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းကိစ္စကို မေးမြန်းလို ပါတယ်။ ရေနံချောင်းမြို့နယ် ဖောင်းကွဲကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်း ကျောင်းဟာ ၁၉၈၁ ခုနှစ်မှ ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်နဲ့ စတင်ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် နှစ်ပေါင်း (၃၀)ကျော် ကြာမြင့်ခဲ့ပြီး ဖြစ်ပါတယ်။ ဆရာ /ဆရာမများကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ငှားရမ်း သင်ယူနေရပါတယ်။ ကျောင်းသားများမှ ကျောင်းလခ မတတ်နိုင်သဖြင့် အလယ်တန်း ပညာသင်ယူလိုသော်လည်း သင်ယူနိုင်ခြင်းမရှိကြပါ ။ အဆိုပါကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်းခွဲအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူ အဆင့်ဆင့်တို့မှ ထောက်ခံချက်များဖြင့် မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံးသို့ တင်ပြထား ပြီး ဖြစ်ပါတယ်။ သို့ပါ၍ တင်ပြထားသော ဖောင်းကွဲကျေးရွာ တွဲဖက်အခြေခံပညာ အလယ်တန်းကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်းခွဲအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်မည့် အခြေအနေနှင့် တိုးမြှ င့်ပေးနိုင်မည့် အချိန်တို့အား သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ရေနံချောင်း မြို့နယ် ကံကြီးကျေးရွာအုပ်စု ကန်ကြီးတွဲဖက် အခြေခံပညာအလယ်တန်းကျောင်းကိစ္စ မေးမြန်းတင်ပြလိုပါတယ်။ ရေနံချောင်းမြို့နယ် ကန်ကြီးကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းကို ၁၉၇၉-၁၉၈၀ပညာသင်နှစ်မှ စတင်ပြီးတော့ ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်နဲ့ ဖွင့်လှစ်သင်ကြားခဲ့ပါတယ်။ ယခုဆိုလျှင် တွဲဖက်ကျောင်းအဖြစ် သင်ကြားခဲ့သည်မှာ နှစ်ပေါင်း (၃၀)ကျော်ရှိပြီး ဖြစ်ပါတယ်။ အဆိုပါ တွဲဖက်အလယ်တန်းကျောင်းအား အခြေခံပညာအလယ်တန်းကျောင်းခွဲအဆင့် တိုးမြှင့်သတ်မှတ်ပေးနိုင်ရေး ရေနံချောင်းမြို့နယ် တာဝန်ရှိသူ ပညာရေးမှူး၊ အုပ်ချုပ် ရေးအာဏာပိုင် အဖွဲ့အစည်းများ၏ အဆင့်ဆင့် ထောက်ခံချက်တို့ဖြင့် မကွေးတိုင်းဒေသကြီး ပညာရေးမှူးထံ

သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသဖြင့် လုပ်ထုံးလုပ်နည်းနဲ့အညီ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ သို့ပါ၍တင်ပြထားသော ကန် ကြီးကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်း ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း ခွဲအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်မည့် အခြေအနေနှင့် တိုးမြှင့်ပေးနိုင်မည့်အချိန်တို့အား သိရှိလိုပါသဖြင့် မေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။

**လက်ပံတန်းမြို့နယ်နှင့် သာယာဝတီမြို့နယ်တို့မှ မူလ တန်းကျောင်း(၁၂)ကျောင်းသည် ဥပမိရုပ် မကောင်းသဖြင့် ကျောင်းသူကျောင်းသားများ စာသင်ရာတွင် အခက်အခဲများနှင့် ရင်ဆိုင် နေရပါ၍ လာမည့်ဘဏ္ဍာရေးနှစ် သို့မဟုတ် သင့်တော်မည့် ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်ပေး နိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးမြင့်ထွန်းမေးမြန်းနိုင်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်ကိုယ် စားလှယ် ဦးမြင့်ထွန်း ဖြစ်ပါတယ်၊ ကျွန်တော်တို့ လက်ပံတန်းမြို့နယ်နဲ့ သာယာဝတီမြို့နယ်တို့က မူလတန်းစာသင်ကျောင်း အတော်များများဟာ ဥပမိ ရုပ်မကောင်းတဲ့အတွက်ကြောင့် သက်ဆိုင်ရာ ဦးစီးဌာနကလည်း အတတ်နိုင်ဆုံး ကူညီပံ့ပိုး ပေးလျက်ရှိပါတယ်။ သို့သော်လည်းပဲ အခုတင်ပြမယ့် ကျောင်း (၁၂) ကျောင်းကတော့ ယခုတိုင် ဥပမိ ရုပ် အတော်လေး မကောင်းသေး တာကြောင့် ကျောင်းသူ ကျောင်းသားတွေ စာသင်ရာမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရပါတယ် ။ ဒါကြောင့် လာမည့် ဘဏ္ဍာရေးနှစ် ဒါမှမဟုတ် သင့်တော်တဲ့ ဘဏ္ဍာရေးနှစ်တွေမှာ ပြင်ဆင်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်း လိုပါတယ်ခင်ဗျာ။ အဲဒီကျောင်းတွေကတော့ လက်ပံတန်းမြို့နယ်က အမက (ကြိတ်ကုန်း)၊ အမက (ရင်းတိုက်ကုန်း)၊ အမက(ကရင်စု)(ရေလျှံ)၊ အမက(အောင်လံကုန်း)၊ အမက(တော်လှန်ရေး)၊ အမက (တာဆုံ)တို့ဖြစ်ပါတယ်။ သာယာဝတီမြို့ နယ်ထဲကတော့ အမက (ဆင်လန်း)၊ အမက(ကျီကန်းမ)၊ အမက(ဆင်စခန်း)၊ အမက(အင်းလဲ)၊ အမက(မြောက်ပန်းဆွဲ)နဲ့ (သရက်ကုန်း) (စာဖြူစု) တွဲဖက် အထကတို့ပဲ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မောင်တောမြို့ပေါ်ရှိ အမှတ် (၁)အစိုးရအလယ်တန်းကျောင်းကို အစိုးရအထက်တန်းကျောင်းခွဲ အဖြစ် အဆင့်တိုးမြှင့်ပေးပါရန် နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမောင်သာခင် မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးမောင်သာခင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်သာခင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မောင်တောမြို့ဟာ မြန်မာနိုင်ငံရဲ့အနောက်ဖက် အစွန်ဆုံး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကပ်လျှက်ရှိနေတဲ့ ခရိုင်မြို့ကြီး တစ်မြို့ဖြစ်နေပါတယ်။ လူဦးရေ အားဖြင့် ငါးသိန်းနှစ်သောင်းကျော်ရှိတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ မောင်တောမြို့နယ်တွင် နိုင်ငံတော်က အခြေခံပညာအထက်တန်းကျောင်း(၅)ကျောင်း၊ အလယ်တန်းကျောင်း(၁၁)ကျောင်း နဲ့ မူလတန်းကျောင်း (၁၄၃)ကျောင်းကို ဖွင့်လှစ်ပေးထားတာကို ဝမ်းသာစွာ တွေ့မြင်ရပါတယ်။ မြို့ပေါ်မှာတော့ အထက်တန်းကျောင်းတစ် ကျောင်းသာရှိပြီး အထက်တန်းအဆင့် (၉)တန်း (၁၀)တန်း ကျောင်းသား/သူ(၁၃၀၀)ခန့်ကို စာသင်ခန်း (၁၇)ခန်းမှာ (၁)ခန်းစီ ကျောင်းသား/သူ (၈၀)ခန့်ထားပြီးတော့ သင်ကြားပေးနေရတာကို တွေ့ရပါတယ်။ ဒါကြောင့် ထိရောက်မှုသင်ကြားမှု မပေးနိုင်ပဲ (၁၀)တန်းအောင်ချက်က တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာတာကို တွေ့မြင်ရပါ တယ်။ လက်ရှိမောင်တောမြို့ပေါ် အလက (၁)အလယ်တန်းကျောင်းဟာ ဥပစိ ရုပ်ကောင်းခြင်း၊ ခြံဝန်းကျယ်ပြန့်ခြင်း၊ ဆက်သွယ်ရေးကောင်းခြင်းတို့ကြောင့်မြို့ပေါ် အလက(၁)ကို ၂၀၁၁-၂၀၁၂ စာသင်နှစ်တွင် အထက်တန်းကျောင်းခွဲအဖြစ် တိုး မြှင့်ပေးရန် အစီ အစဉ် ရှိ/မရှိကို သိရှိလို ပါ သည် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၅၁။**

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင် လန်းချမ်းမြေ့ကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး(၃)ဦး၏ မေးခွန်း များကို ကျွန်တော် တစ်ဆင့်စီ ဖြေကြားပေးမှာ ဖြစ်ပါတယ်။ ပထမဆုံးကတော့ မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း၏ မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပထမဆုံးမေးခွန်းကို ကျွန်တော်အနေနဲ့ ဖြေကြားရမယ်ဆိုရင်တော့ ပညာရေး ဝန်ကြီး ဌာနအောက်တွင် အခြေခံပညာအလယ်တန်းကျောင်း ခွဲပေါင်း(၁၇၈၃)ကျောင်း ရှိပါတယ်။ အခြေခံ ပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့် ဖွင့်လှစ်ရေးအတွက် အလယ်တန်းအဆင့် တွင် တက်ရောက်နေသော ကျောင်းသား ဦးရေ လမ်းပန်းဆက် သွယ်ရေး ခက်ခဲမှုအခြေအနေ၊ ကျောင်းဥပဓိရုပ်တို့ကို စိစစ်၍ တန်းစီဇယားပြုစုထားပါတယ်၊ တန်းစီဇယားပါအတိုင်း ဦးစားပေး အဆင့်အလိုက် အဆင့်တိုးမြှင့်ဖွင့်လှစ်ရေးအတွက်အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဖွံ့စည်းပုံစိစစ်ရေးအဖွဲ့သို့ တင်ပြထောက်ခံချက်ရရှိပြီးပါက ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြပြီးခွင့်ပြုချက်ဖြင့် အဆင့်တိုးမြှင့်ဖွင့်လှစ်ရေး ဆောင်ရွက်လျက် ရှိပါသည်။ သို့ပါ၍ ရေနံချောင်းမြို့နယ်ဘုရားကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ အခြေခံပညာအလယ်တန်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်နိုင် ရေးအတွက် တန်းစီဇယားပါ ဦးစားပေး အစီအစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယအချက်ကတော့ လွန်ပင်ရှိုကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်း မှ အခြေခံပညာအလယ်တန်းကျောင်းခွဲသို့ တိုးမြှင့်ဖွင့်လှစ်ခွင့် ရှိ /မရှိ ကို မေးမြန်းထားတာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီမေးခွန်းကို ကျွန်တော့်အနေနဲ့ ဖြေ ကြားရမယ်ဆိုရင် အခြေခံ ပညာအလယ်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ဖွင့်လှစ်ရေးအတွက် အခြေခံပညာအလယ်တန်းအဆင့် သတ္တမတန်းတွင် တက်ရောက်နေသော ကျောင်းသားဦးရေ ၊ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲမှု

အခြေအနေများ၊ နောက်ပြီးတော့ ကျောင်းဥပဓိရုပ်တို့ကို စိစစ်၍ တန်းစီဇယားပြုစု ထားပါတယ်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွင်း အခြေခံပညာအလယ်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ရာတွင် အလယ်တန်းအဆင့် သတ္တမတန်း ကျောင်းသားစုစုပေါင်း (၂၁၁)ဦးနှင့်အထက် ကျောင်းများကိုသာ ဖွင့်လှစ်ခွင့်ပြုခဲ့ပါသည်။

လွန်ပင်ရှိကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းသည် အလယ်တန်းအဆင့် သတ္တမတန်းကျောင်းသား (၅၁)ဦးသာ ရှိပါတယ် ။ အဆိုပါကျောင်း၏ ကျောင်းသားဦးရေ နှင့် ပတ်ဝန်းကျင်ကျောင်းများမှ တက်ရောက်လာသည့် ကျောင်းသားဦးရေ တိုးတက်လာမှုအပေါ် မူတည်၍ အခြေခံပညာ အလယ်တန်းကျောင်းခွဲ အဆင့်သို့ တိုးမြှင့်ရေးကို တန်း စီဇယားအရ စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဦးအောင်ငြိမ်း၏ နောက်မေးခွန်းတစ်ခုကတော့ ဖောင်းကွဲကျေးရွာ တွဲဖက် အခြေခံ ပညာအလယ်တန်းကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်းခွဲသို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ပါရန် ကိစ္စဖြစ်ပါတယ်။ဥက္ကဋ္ဌကြီးခင်ဗျား၊ အခြေခံပညာအလယ်တန်းကျောင်းခွဲအဆင့်တိုးမြှင့်ဖွင့်လှစ်ရေး အတွက် အခြေခံပညာအလယ်တန်းဆင့် သတ္တမတန်းတွင် တက်ရောက်နေသော ကျောင်းသားဦးရေ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု အခြေအနေများ၊ ကျောင်းဥပဓိရုပ်တို့ကို စိစစ်၍ တန်းစီဇယား ပြုစုထားပါတယ်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွင်း အခြေခံပညာ အလယ်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ရာတွင် အလယ်တန်းဆင့် သတ္တမတန်း ကျောင်းသား စုစုပေါင်း ယခင်အတိုင်းပါပဲ (၂၁၁)ဦးနှင့်အထက်ကျောင်းများကိုသာ ဖွင့်လှစ်ခွင့်ပေးခဲ့ပါတယ်။

ဖောင်းကွဲကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းတွင် အလယ်တန်းအဆင့် သတ္တမတန်းကျောင်းသား(၇၉)ဦးသာ ရှိပါတယ်။ သို့ပါ၍ အဆိုပါကျောင်း၏ ကျောင်းသားဦးရေနှင့် ပတ်ဝန်းကျင်ကျောင်းများမှ တက်ရောက်လာ သည့်ကျောင်းသားဦးရေ တိုးတက်လာမှု အပေါ် မူတည်၍ အခြေခံပညာအလယ်တန်းကျောင်းခွဲ တိုးမြှင့်ရေးကို တန်းစီဇယားအရ စီစဉ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းကို ဖြေကြားအပ်ပါတယ်။

နောက်မေးခွန်းတစ်ခုကတော့ ရေနံချောင်းမြို့နယ်၊ ကံကြီးကျေးရွာ တွဲဖက် အခြေခံ ပညာအလယ်တန်းကျောင်းမှ အခြေခံပညာ အလယ်တန်းကျောင်းခွဲသို့ တိုးမြှင့်ဖွင့်လှစ်ရန် ကိစ္စ ဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်အတိုင်းပါပဲ။ ဒီအခြေခံပညာအလယ်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ဖွင့်လှစ်ရေးအတွက် အခြေခံပညာအလယ်တန်းဆင့် သတ္တမတန်းတွင် တက်ရောက်နေသော ကျောင်းသားဦးရေ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုအ ခြေအနေများ၊ ကျောင်းဥပမိရုပ်တို့ ကို စိစစ်၍ ကျွန်တော်တို့ အနေနဲ့ တန်းစီဇယားပြုစုထားပါတယ် ။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် အခြေခံပညာ အလယ်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ရာတွင် အလယ်တန်းဆင့် (သတ္တမတန်း) ကျောင်းသား စုစုပေါင်း(၂၁၁)ဦးနှင့် အထက်ကျောင်းများကိုသာ ဖွ င့်လှစ်သင်ကြားခွင့်ပြုခဲ့ပါတယ်။

ကံကြီးကျေးရွာ တွဲ ဖက်အခြေခံပညာအလယ်တန်းကျောင်းသည် အလယ်တန်းဆင့် သတ္တမတန်း ကျောင်းသား(၃၃)ဦးသာ ရှိပါတယ်။ သို့ပါ၍ အဆိုပါကျောင်း၏ ကျောင်းသားဦးရေ နှင့် ပတ်ဝန်းကျင်ကျောင်းများမှ တက်ရောက်လာမည့် ကျောင်းသားဦးရေ တိုးတက်လာမှုအပေါ် မူတည်၍ အခြေခံပညာအလယ်တန်းကျောင်းခွဲ တိုးမြှင့်ရေး ကို တန်းစီဇယားအရ စီစဥ်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း၏ ပညာရေးကဏ္ဍမေးခွန်းဖြစ်ပါတယ်။ အဲဒါကို ကျွန်တော့ အနေနဲ့ ဖြေကြားရမယ်ဆိုရင်တော့ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်ရှိ ကြိတ်ကုန်း အ.မ.က၊ ရင်းတိုက်မြောင် အ .မ.က၊ ကရင်စု (ရေလျှံ) အ.မ.က၊ အောင်လံကုန်း အ .မ.က၊ တော်လှန်ရေး အ.မ.က၊ တာဆုံ အ.မ.ကနှင့် သာယာဝတီမြို့နယ်ရှိ ဆင်လန်အ.မ.က၊ ကျီကန်းမ အ.မ.က ၊ဆင်စခန်း အ.မ.က၊ အင်းလဲ အ.မ.က၊ မြောက်ပန်းဆွဲ အ.မ.က၊ သရက်ကုန်းစာဖြူစု တွဲဖက် အ.ထ.က တို့သည် ဥပမိရုပ်မကောင်းသဖြင့် ကျောင်းသားကျောင်းသူများ စာသင်ရာ၌ အခက်အခဲများ နှင့် ရင်ဆိုင် နေရကြောင်းကို ဘယ် ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင် ပေးနိုင်ခြင်း ရှိ /မရှိကို မေးခွန်း မေးထားပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာန တွင် အခြေခံပညာ အထက်တန်း၊ အခြေခံ ပညာ အလယ်တန်း၊ အခြေခံပညာမူလတန်းကျောင်းပေါင်း စုစုပေါင်း (၄၁၂၇၂) ကျောင်း ရှိပါတယ်။ အခြေခံပညာကျောင်းများတွင် ပျက်စီးသော ကျောင်းဆောင်များကို ပြုပြင်ပြင်ဆင်ခြင်း၊ လိုအပ်ပါက ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်း၊ ကျောင်းသားဦးရေများ တိုးတက်လာပါက ကျောင်းသားနှင့် ကျောင်းဆောင်မျှတမှု မရှိလျှင် အသစ်တိုးချဲ့ဆောက်လုပ်ခြင်းများကို ဆောင်ရွက်လျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် သာယာဝတီမြို့နယ်ရှိ အခြေခံပညာကျောင်း(၃)ကျောင်းအတွက် ငွေကျပ်(၅၄)သန်းနှင့် လက်ပံတန်းမြို့ရှိ အခြေခံ ပညာကျောင်း (၆)ကျောင်းအတွက် ငွေကျပ်(၁၀၈)သန်းကို ခွဲဝေ၍ ဆောင်ရွက်နေဆဲဖြစ်ပါတယ်။

လက်ပံတန်းမြို့နယ်ရှိ တင်ပြပါအခြေခံပညာကျောင်း (၆)ကျောင်းနှင့် သာယာဝတီမြို့နယ်ရှိ တင်ပြပါ အခြေခံပညာကျောင်း(၆)ကျောင်း တို့ကိုလည်းလာမည့် ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်တွင် တန်းစီဇယားဦးစားပေး အစီအစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်သာခင်၏ ပညာရေးကဏ္ဍမေးမြန်းချက်ကို ဖြေ ကြားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မောင်တောမြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းတွင် ကျောင်းသားဦးရေ(၄၀၀)ဦးခန့် ပညာသင်ကြားလျက်ရှိပြီး မောင်တောမြို့နယ် အခြေခံပညာ အထက်တန်း ကျောင်းနှင့် (၁)မိုင်သာ ကွာဝေးပါတယ်။

မောင်တောမြို့နယ် အမှတ် (၁)အခြေခံပညာ အလယ်တန်းကျောင်း၏ ကျောင်းသားဦးရေနှင့် ပတ်ဝန်းကျင်ကျောင်းများမှ ကျောင်းသားဦးရေတိုးတက်လာမှု အပေါ် မူတည်၍ အခြေခံပညာအထက်တန်းကျောင်းခွဲ တိုးမြှင့်ရေးကို တန်းစီဇယားအရ စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးကို နည်းနည်းမေးချင်တာ တွဲဖက်ကျောင်းဆိုရင် ဆရာတွေကို မိဘတွေက ငှားရတာ။

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ဟုတ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျောင်းခွဲ ဆိုရင် အစိုးရက ပံ့ပိုးရတယ်။ ဒါပေမယ့် ကျောင်းခွဲသည် မိခင်ကျောင်းရဲ့ အမြဲအုပ်ချုပ်မှုအောက်မှာရှိတယ်။

**အချိန်၊ ၁၁း၀၀။**

**ဒေါက်တာမြဲအေး (ပြည်ထောင်စု ဝန်ကြီး၊ ပညာရေး ဝန်ကြီးဌာန )။** ။ဟုတ်ပါတယ် ဥက္ကဋ္ဌကြီး။ Session မရှိသေးလို့သာ ကျောင်းခွဲထားတာ။ ကြိုးစားနေပါတယ်။

**ဥက္ကဋ္ဌ။** ။ Session ရှိရင်တော့ ကျောင်းခွဲမထားတာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာမြဲအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ဟုတ်ကဲ့ပါ။

**အချိန်၊၁၁း၀၁။**

**ဥက္ကဋ္ဌ။** ။ အဲဒီတော့ တကယ်တော့ တွဲဖက် ကျောင်းဆိုတဲ့ ကိစ္စ ပါ။ ကျွန်တော့် အမြင်တော့ မိဘ ကဆရာတာဝန်ယူရတဲ့အခါမှာ ဒီဆရာတာဝန်ယူရတဲ့အခါမှာ ဒီဆရာတွေရဲ့ အရည်အချင်းပြည့်ဝမှုဆိုတဲ့ အပိုင်းမှာ အားနည်းနိုင်တဲ့ အနေအထားရှိပါတယ်။ ဒါကတော့ အစိုးရကပဲ လုံးဝတာဝန်ယူသင့်တယ်လို့ ထင်ပါတယ်။ သို့ သော်လည်း (၁၇၈၃) ကျောင်း ရှိနေတဲ့အခါကျတော့ ဒါတော်တော်လေးများတဲ့ အနေအထားဖြ စ်တဲ့အတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေက အဆိုတစ်ရပ်အနေနဲ့ တင်သွင်းသင့်တယ် လို့ ထင်ပါတယ်။ ဒီလွှတ်တော် သက်တမ်း(၅)နှစ်အတွင်းမှာ တွဲဖက်ကျောင်းတွေမရှိတော့၊ ဆောင်ရွက်ဖို့ အစိုးရကို တိုက်တွန်းကြောင်းအဆို တင်သွင်းသင့်တယ်။ ဒါ(၁၇၈၃)ကျောင်းပေါ့၊ ကျောင်းဥပဓိရုပ်ပင်မအားဖြင့် အစိုးရမှာတာဝန်ရှိသော်လည်း အစိုးရရဲ့ဘဏ္ဍာရေး အနေအထားအရ စေတနာရှင် ပြည်သူကလည်း တာဝန်ရှိပါတယ်။ ကျောင်းဥပဓိရုပ်နဲ့ ပတ်သက်လို့ ကျောင်းဥပဓိရုပ်ကောင်းမှ တွဲဖက်ကျောင်းတို့ ကျောင်းခွဲတို့ပေးမယ်ဆိုတဲ့ အချက်ကလေးကိုတော့ ပညာရေးဝန်ကြီးဌာန၊ ဒါကို ထည့်ပြီးစဉ်းစားဖို့ မသင့်ပါဘူး။ ဘာကြောင့်လည်ဆိုတော့ အစိုးရကလည်း သက်ဆိုင်နေပါတယ်။ တချို့ကျေးရွာတွေက ဆင်းရဲတာရှိပါတယ်။ အဲဒီတော့ ကျောင်းဥပဓိရုပ်နဲ့ ပတ်သက်လို့ကတော့ လက်ရှိအနေအထားအရ ပြည်သူရဲ့ စေတနာရှင်တွေရဲ့ ပံ့ပိုးမှု ၊ အစိုး ရရဲ့ ခွဲဝေပေးမှုအပေါ် မှာ မူတည် ပြီးတော့ ဒါလူထုက အင်တိုက်အားတိုက်ဆောင်ရွက်ရမှာလို့ ယူဆပါတယ်။ ဒါကြောင့်မို့ဖွဲ့စည်းခုတင်ပြတဲ့ ကိုယ်စားလှယ်တွေ စုပေါင်းပြီးတော့ ဒီအဆိုကို လွှတ်တော်မှာတင်သွင်းသင့်တယ်လို့ တိုက်တွန်းပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လာမယ့် တနင်္လာနေ့ ကစပြီးတော့ ဥပဒေကြမ်းဆွေးနွေးတဲ့ ကိစ္စတွေ ဆော င်ရွက်မှာဖြစ်ပါတယ်။ ဥပဒေကြမ်းဆွေးနွေးခြင်းဟာ ဒါပထမဆုံးအတွေ့အကြုံ ဖြစ်ပါလိမ့်မယ်။ နောက် ယခင် ၁၉၄၈ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့က ကျင်းပသွားတဲ့ တိုင်းပြုပြည်ဖြူလွှတ်တော် ပါလီမန် ပဉ္စမညီလာခံမှတ်တမ်းစာတွဲ(၅)၊ အစည်းအဝေးအမှတ်(၁၆)ကို ဖတ်ကြားပြပါမယ်။ အဲဒီအချိန်တုန်းက ဥပဒေကြမ်းတွေကို လွှတ်တော်ကိုယ်စားလှယ်တွေကို ကြိုတင်ဖြန့်ဝေထားပါတယ်။ ဥပဒေကြမ်း တင်သွင်းတဲ့ရက်မှာ ပထမဆုံးဝန်ကြီးက ဥပဒေကြမ်းတင်သွင်းခွင့် အဆိုတင်ပါတယ်။ ဒီအဆိုကို ထောက်ခံပါတယ်။ ထောက်ခံပြီးလို့ရှိရင် အဆိုကို ခွင့်ပြုပါတယ်။ ခွင့်ပြုတဲ့အခါမှာ ဥပဒေကြမ်း တင်သွင်းခွင့်အဆို အဲဒီကျမှတင်ပါတယ်။ တင်တဲ့အခါမှာ ဥက္က ဋ္ဌကနေပြီး တင်သွင်းခွင့် ပြုပါတယ် ဆိုတဲ့အခါမှာ ဥပဒေကြမ်းတင်သွင်းပါပြီလို့ပဲ ပြောပါတယ်။ ဖတ်ကြားခြင်းမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဥပ ဒေကြမ်းကို ကြိုတင်ဝေငှထားပြီးသားဖြစ်လို့ ဖြစ်ပါတယ်။ တ စ်ဆက်တည်းမှာ ဥပဒေကြမ်းဆွေးနွေးပါတယ်။ ပုဒ်မ ၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ သဘောတူပါသလား။ ဒီလိုဆွေးနွေးသွားတယ်။ အဲ ဒီတော့ ပုဒ်မတွေ အားလုံး ပြီးတဲ့အခါ မှာ နိဒါန်းသည် ဤဥပဒေကြမ်း၏ အစိတ်အ ပိုင်းဖြစ်သည်။ ဒါပြီးတဲ့အခါမှာ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ အဲဒါပြီးတဲ့အခါမှာ ဝန်ကြီးကနေပြီး တော့ ဤဥပဒေ ကြမ်းကို အတည်ပြုပေးပါရန် အဆိုတင်သွင်းတဲ့အခါမှာ သဘောတူ /မတူ မေးမြန်းပြီးတော့ အတည်ပြုတာ ဖြစ်ပါတယ်။ ခုတော့ကျွန်တော်တို့ အစဖြစ်တဲ့အတွက် ဥပဒေကြမ်းတွေလည်း ကြို တင်ဝေထားတယ်။ ဝေထားပြီးမှ ဆွေးနွေးလိုတဲ့ ပုဂ္ဂိုလ် တွေ ဘယ်နေ့မှာ ဆွေးနွေးနိုင်မှာလည်း အမည်စာရင်းပေးနိုင်ပါတယ်ဆိုပြီး (၅)ရက်တန်သည်၊ (၆)ရက်တန်သည်၊ (၇)ရက်တန်သည် ဒါကျွန်တော်လုပ်ပေးထားတာ ဖြစ်ပါတယ်။ အစမို့လို့ လုပ်ပေးထားတာ ဖြစ်ပါတယ်။ အဲဒီတော့ (၄၈) ခုနှစ်ကကျွန်တော်တို့နိုင်ငံမှာ တိုင်းပြုပြည်ပြု လွှတ်တော်စပြီးတော့ ကျင်းပသွားတဲ့အချိန်မှာ အဲဒီတုန်းကပုဂ္ဂိုလ်တွေ ကျင့်သုံးသွားတဲ့ အလေ့အကျင့်တွေဟာ ကမ္ဘာ့ပါလီမန်တွေ ကျင့်သုံးတဲ့အချိန်မှာအလေ့အကျင့်တွေနဲ့ ထပ်တူ ထပ်မျှ ဖြစ်နေတာတွေ့ရတဲ့ အတွက် အလွန်လေးစားချီးကျူးဖို့ကောင်းပါတယ်။ အလွန်လည်း စာဖတ်ထားတယ်ဆိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ အနေအထားရှိပါတယ်။ အဲဒီတော့ (၄၈)ခုနှစ်မှာ တင်သွင်းတဲ့ ၁၉၄၈ ခုနှစ် မီးရထား စုံစမ်းရေး ကော်မတီ

ဥပဒေကြမ်းကို တင်သွင်းဆွေးနွေးအတည်ပြုခြင်းကို ဖတ်ပြပါ့မယ်။ပထမဦးဆုံး ကူးသန်းရောင်းဝယ်ရေး၊ ထောက်ပံ့ရေးနဲ့ သယ်ယူပို့ဆောင်ရေးဌာန ၊ ဝန်ကြီး ဦးကိုကိုကြီး ကနေပြီးတော့ ဥက္ကဋ္ဌမင်းခင်ဗျား။ ၁၉၄၈ ခုနှစ်၊ မီးရထားစုံစမ်းရေးကော်မတီ ဥပဒေကြမ်းကို တင်သွင်းခွင့်တောင်းခံပါတယ်။ ပြောပါတယ်။ အဲ ဒီတော့ ကူးသန်းရောင်းဝယ်ရေး ထောက်ပံ့ရေးနဲ့ သယ်ယူပို့ဆောင်ရေး ဌာန၊ ဝန်ကြီးရဲ့ ပါလီမန်အတွင်းဝန် ဦးအောင်သန်း ကနေ ကျွန်တော် ထောက်ခံပါတယ်လို့ တင်ပြပါတယ်။ ဥက္ကဋ္ဌကနေ ယခုအဆိုမှာ ၁၉၄၈ ခုနှစ် မီးရထားစုံစမ်းရေးကော်မတီဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခွင့် တောင်းခံခြင်းဖြစ် သည်။ ဥက္ကဋ္ဌ ဒီအဆိုကို သဘောတူရင် တူတယ်လို့ ပြောကြပါ။ အမတ်များ သဘောတူပါတယ်။ ဥက္ကဋ္ဌ သဘောမတူလျှင် မတူ ဘူးလို့ ပြောကြပါ။ သဘောမတူသူမရှိပါဘူး။ ဥက္ကဋ္ဌ သဘောမတူသူ မရှိသဖြင့် အဆိုအတည် ဖြစ်ပါပြီ။ ဥပဒေကြမ်းကို တင်သွင်းခွင့်ပြုပါတယ်လို့ ပြောပါတယ်။ ကူးသန်းရောင်းဝယ်ရေး ထောက်ပံ့ရေးနဲ့ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၊ ဦးကိုကိုကြီးက နေပြီးတော့ ဥက္ကဋ္ဌမ င်းခင်ဗျား။ ၁၉၄၈ခုနှစ် မီးရထား စုံစမ်းရေးကော်မတီဥပဒေကြမ်းကို ဆွေးနွေးရန် အဆိုတင်သွင်းပါတယ်။ဒီကျမှ ဆွေးနွေးရန် အဆိုတင်သွင်းတာဖြစ်ပါတယ်။ ပထမတင်သွင်းတာကတော့ ဥပဒေကြမ်းတင်သွင်းခွင့်တောင်းခံခြင်း ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဤဥပဒေကြမ်းကို ထပ်လောင်းတင်သွင်းရတဲ့အချက်က ကျွန်တော်တို့ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တုန်းက မီးရထား ဌာနကနေပြီးတော့ မီးရထားစုံးစမ်းရေးကော်မတီကို ခန့်ခဲ့ပါတယ်။ ၎င်းကော်မတီ၏ တာဝန်ဝတ္တရားတွေကတော့ ကျွန်ဘဝက ပြောစရာဆိုစရာရှိတဲ့ အမှုမျိုး တွေရှိတယ်။ လိုအပ်တဲ့မီးရထားဌာနအတွက် ပစ္စည်းများကို နိုင်ငံခြားမှ ဝယ်ယူရာတွင် တရားမျှတမှု ရှိသလော၊ မရှိသလော ။ မီးရထားအုပ်ချုပ်သော နေရာတွင် တရားမျှတမှု ရှိသလော၊ မရှိသလော။ ဤအချက်များကို စုံစမ်းရန်ဆိုပြီး ဖဆပလ အစိုးရက ဇန်နဝါရီလတုန်းက ဒီကော်မတီကို ဖွဲ့ ခဲ့ပါတယ်။ ဖွဲ့ထားတော့ ၄င်းကော်မတီကို ပေးရမယ့် အာဏာတွေကို ဥပဒေအရ ပြုလုပ်ရမှာ ဖြစ်တဲ့အတွက် ယခုကဲ့သို့ ဥပဒေကြမ်းကို တင်သွင်းရခြင်းဖြစ်ပါတယ်လို့ တင်ပြပါတယ်။ အဲဒီမှာ အဲဒီဝန် ကြီးရဲ့ ပါလီမန်အတွင်း ဝန် ဦးအောင်သန်းက ကျွန်တော်က ထောက်ခံပါတယ်လို့ ပြောပါတယ်။ ဥက္ကဋ္ဌအနေနဲ့ ယခုအဆိုမှာ ၁၉၄၈ ခုနှစ် မီးရထားစုံစမ်းရေးကော်မတီဥပဒေကြမ်းကို ဆွေးနွေး ရန် ဖြစ်သည်။ ဒီအဆိုကို သဘောတူရင် တူတယ်လို့ပြောပါ။ အမတ်များ သဘောတူပါတယ်။ သဘောမတူလျှင် မတူဘူးလို့ ပြောကြပါ။ သဘောမတူသူမရှိဘူး။ သဘောမတူသူမရှိသဖြင့် အဆိုအတည်ဖြစ်ပါပြီဆိုတဲ့ တစ်ခါတည်း ရက်ကိုမပေးဘဲနဲ့ တစ်ခါတည်း

ဆက်ပြီးတော့ ဒီမှာ ဆွေးနွေးတာဖြစ်ပါတယ်။ တစ်ရက်တည်းမှာ တစ်ထိုင်တည်းမှာ ဥက္ကဋ္ဌ ယခု အဆိုမှာ ဤဥပဒေကြမ်း၏ ပုဒ်မ၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ ပြောကြပါ။ သဘောတူပါတယ်။ ဥက္ကဋ္ဌ သဘောမတူလျှင် မတူဘူးလို့ ပြောကြပါ။ သဘောမတူသူမရှိ။ ဥက္ကဋ္ဌကသဘော မတူသူ မရှိသဖြင့် ထိုအဆိုအတည်ဖြစ်ပါ ပြီ။ ဤဥပဒေကြမ်း၏ ပုဒ်မ၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်ဆိုတော့ ပုဒ်မ၁၊ ပုဒ်မ ၂၊ ပုဒ်မ ၃ ဒီအတိုင်းပဲသွားပါတယ်။ ပုဒ်မ ၃ ရောက်တဲ့အခါမှာ ဥက္ကဋ္ဌကနေ ယခုအဆို မှာ ဥပဒေကြမ်း၏ ပုဒ်မ ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်လို့ ပြောတဲ့အခါမှာ မန္တလေး ကျေးလက်တောင်ပိုင်းအမတ် ဦးဘသီ ကနေပြီးတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ်(၃)၊ စာကြောင်းရေ (၃)မှာ အောက်ပါကိစ္စများနဲ့ စပ်လျဉ်း၍ တရားမကျင့် ထုံးကိုဓဥပဒေ ဆိုတဲ့စကားပါ ပါတယ်။ အဲဒီစကားမှာ "ကိုဓ" ဆိုတဲ့ စကားကို ဖျက်ဖို့ပြင်ဆင်ဖို့ ခွင့်တောင်းပါတယ်။ ပြီးတဲ့နောက် (က)မှာ ဆိုင်ရာအကြောင်းအရာ နှင့် စာချုပ်စာတမ်း စသည်များကို ဖွင့်လှစ်ထုတ်ဖော်ခြင်းနှင့် ကြည့်ရှုစိစစ်ခြင်းတို့ ဆိုလို့ရှိရင် လူတစ်ယောက်တည်းနှ င့်သာ သက်ဆိုင်ပါတယ်။ သို့ပါသော ကြောင့် ထုတ်ဖော်နဲ့ "ခြင်း" ဆိုတဲ့ စကားအကြားမှာ "စေ"ဆိုတဲ့ စကားထည့်ပေးဖို့နဲ့ (ဃ)မှာ ကျမ်း၊ ကျိန် ထွက်ဆိုချက်"အလွှာ"ဆိုတဲ့နေရာမှာ ထွက်ဆိုချက်"အ"ဆိုတဲ့စာလုံးများကို ဖျက်ပေးဖို့ ဤအပိုဒ်မှာ (၃)ခုကို ပြင်ဆင်ခွင့်ပေးဖို့ ခွင့်တောင်းပါတယ်။ ဒါကို သရက်ကျေးလက် အနောက်ပိုင်းအမတ် ကိုအောင်က ကျွန်တော်ကထောက်ခံပါတယ်လို့ ပြောပါတယ်။ အဲဒီအချိန်မှာ ဥက္ကဋ္ဌက ပြင်ဆင်ချက် အဆိုမှာ ပုဒ်မ ၃၊ စာကြောင်းရေ ၃ မှ "ကိုဓ" ကို ဖျက်ရန် (က)မှ ထုတ်ဖော်နှင့် ခြင်းကြားမှ "စေ" ကို ထည့်ရန်နှင့် (ဃ)မှ ကျမ်းကျိမ်နောက်ကထွက်ဆိုချက် "အ"ဆိုတဲ့စကားကိုဖျက်ရန် ဖြစ်သည်။ ဒီပြင်ဆင်ချက်အဆိုကို သဘောတူရင် တူတယ်လို့ ပြောကြ ပါ။ အမတ်များ သဘောတူပါတယ် ။ သဘောမတူရင် မတူဘူးလို့ ပြောကြပါ။ သဘောမတူသူမရှိပါ။ ဥက္ကဋ္ဌက သဘောမတူသူ မရှိသဖြင့် ပြင်ဆင်ချက်အဆို အတည်ဖြစ်ပါပြီ ဆိုတဲ့အတွက် ပုဒ်မ ၃ က ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်သွားတာ တွေ့ရပါတယ်။ နောက်တစ်ခုကတော့ ပုဒ်မ ၄ ရောက်လာပါတယ်။ ဥက္ကဋ္ဌ ကနေပြီးတော့ ယခုအဆိုမှာ ဤဥပ ဒေကြမ်း၏ ပုဒ်မ ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်တဲ့ မန္တလေးကျေးလက်တောင်ပိုင်းအမတ် ဦးဘသီက ဥက္ကဋ္ဌ ကြီးခင်ဗျား။ ပုဒ်မ ၄ မှာ တစ်ဦး တစ်ယောက်သောသူသည် ဆိုတဲ့စကားကိုဖျက်ဖို့ နောက် ကော်မတီသို့ဖြစ်စေ၊ ကော်မတီရှေ့တွင်

ဖြစ်စေ စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း တင်ပြထွက်ဆိုသည့် သက်သေခံချက် ဆိုတဲ့ နောက်က "နှင့်ပတ်သက်၍"ထိုသူအားအစားအတွက် "ထိုသို့ထွက်ဆိုသူအား" ဆိုတဲ့ စကားကို ထည့်ပေးဖို့ရန် မေတ္တာရပ်ခံပါတယ် ။ ဒါကို သရက်ကျေးလက်နောက်ပိုင်းအမတ် ကိုအောင် က ကျွန်တော်ကထောက်ခံပါတယ်လို့ပြောပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌက ပြင်ဆင်ချက် အဆိုမှာ ပုဒ်မ ၄ ပထမစာကြောင်းမှာ တစ်ဦးတစ်ယောက်သောသူသည် ဆိုတဲ့စကားကို ဖျက်ရန် နှင့် သက်သေခံချက်နောက်က "နှင့် ပတ်သက်၍" ထိုသူအား အစားအတွက် ထိုသို့ ထွက်ဆိုသူ အား ဆိုသော စကားကို ထည့်သွင်းရန်ဖြစ်သည်။ ဒီပြင်ဆင်ချက်အဆိုကို ဥက္ကဋ္ဌက ဖတ်ပြပါ တယ်။ ဒီပြင်ဆင်ချက်အဆိုကို သဘောတူရင် တူတယ်လို့ ပြောကြပါ။ အမတ်များ သဘောတူ ပါတယ်။ ဥက္ကဋ္ဌက သဘောမတူရင် မတူဘူးလို့ ပြောကြပါ။ သဘောမတူသူမရှိ။ ဥက္ကဋ္ဌက သဘောမတူသူ မရှိသဖြင့် ပြင်ဆင်ချက်အဆိုကို အတည်ဖြစ်ပါပြီလို့ ပြော ပါတယ်။ ဒီလိုပဲ ပုဒ်မ ၄၊ ၅၊ ၆၊ ၇၊ ၈ စသည်ဖြင့် ဆောင်ရွက်သွားတာ တွေ့ရပါတယ်။ အဲဒီတော့ဒီမှာ ပြင်ဆင်ချက်အဆိုဟာ မူလရဲ့ မူလ ဥပဒေပုဒ်မရဲ့ အဓိပ္ပါယ်နဲ့ အနှစ်သာရ လုံးဝပြောင်းလဲခြင်း မရှိတာကို တွေ့ရပါ တယ်။ တကယ်လို့ ပြောင်းလဲမှုများ ရှိလာခဲ့သော် မူလ အဆိုအတိုင်း ထောက်ခံတဲ့ပုဂ္ဂိုလ် ၊ ပြင်ဆင်ချက် အဆိုကို ထောက်ခံတဲ့ပုဂ္ဂိုလ်၊ ဒါကို ကျွန်တော်တို့ မဲ စနစ်နဲ့မဲခွဲပြီးတော့ ဆုံးဖြတ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလုပ်ထုံးလုပ်နည်းလေးတွေကို လွှတ်တော်ကိုယ်စားလှယ်များ သိရှိထားခြင်းအားဖြင့် လာမယ့် တနင်္လာနေ့ကစပြီး ကျွန်တော်တို့ ဥပဒေကြမ်းတွေ ဆွေးနွေးခြင်း တို့ကို ကိုင်မှာ ဖြစ်ပါတယ်။ အဲ ဒီတော့ ယခင့်ယခင်က ဥပဒေကြမ်းဆွေးနွေး ဖို့အတွက် ဥပဒေကြမ်းဝေပြီးလို့ ရှိရင် ဆွေးနွေးဖို့ အမည်စာရင်း တင်သွင်းရမယ့် ရက်ကို ခွဲပြီးတော့၊ ခွာပြီးတော့ သတ်မှတ်ပေးခြင်းမရှိပါဘူး။ အခုတော့ ကျွန်တော်တို့လုပ်ငန်းအစဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တွေဘက်က စဉ်းစားပြီးတော့ အခက်အခဲရှိမှာစိုးလို့ ကျွန်တော့အနေနဲ့ ခွဲခွဲပြီးတော့ ပေးပါတယ်။ သို့သော် အရေးကြီး တဲ့ဥပဒေ အရေးကြီးလျှင် ကြီးလာသလို ချက်ချင်း ဆွေးနွေးရမယ့်ကိစ္စမျိုးတွေလည်း ပေါ်ပေါက်လာနိုင်ပါတယ်။ ဒါကိုသိထားဖို့ပါပဲ။ အခု ကျွန်တော် ပေးတာသည် အခွင့် ့အရေးတစ်ရပ်အနေနဲ့ မယူဆစေ လိုပါဘူး။ လုပ်ငန်းအဆင်ပြေအောင် ဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပါတယ်။ ဒီလုပ်ထုံး လုပ်နည်းလေးတွေကို အလေ့အကျင့်ရသွားအောင် ဆောင်ရွက်ဖို့လိုပါတယ်။ ပြည်ထောင်စုဝန်ကြီးများ ပြန်လည်

ထွက်ခွါနိုင်ပါပြီ။ ဒီနေ့အစီအစဉ်နည်းနည်းများတဲ့အတွက် အချိန်လေးရှိတဲ့အခါမှာ ကျွန်တော်တို့ ယမန်နေ့က တင်သွင်းခဲ့တဲ့အဆိုတွေကို ဆွေးနွေးတာတွေ ဆက်ပြီး ဆောင်ရွက်ပါမယ်။

**ဦးရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်စေရေး အတွက် ခရီးသွားလာရေးဥပဒေအားဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင် တင်သွင်းထားသည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်စေရေး အတွက် ခရီးသွား လာရေးဥပဒေအား ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက အမည်စာရင်းတင်သွင်း ထားပါတယ်။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၁၃။**

**ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ ကျွန်တော် ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးရှုမောင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)ရဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခရီးသွားလာရေး ဥပဒေ အား ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်းရန် ဆိုတဲ့အဆိုကို ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ဟာ မြန်မာTourism Board ရဲ့ ဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အရင် န .ဝ.တ လက်ထက်မှာတုန်း ကတော့ ကျွန်တော်တို့ဟိုတယ်ခရီးသွားဝန်ကြီးဌာနတစ်ခုတည်းကပဲ ခရီးသွားလုပ်ငန်းကို ဆောင်ရွက် ပြီးတော့ အခု ကျွန်တော်တို့ နိုင်ငံတော်အစိုးရသစ် လက်ထက်မှာ ဒါ ဧပြီလ ၁ ရက် ကနေစပြီး လွှဲပြောင်းပြီးတော့ ဧပြီလ ဒုတိယအပတ်မှာပင် နိုင်ငံတော်ဝန်ကြီး၊ပြည်ထောင်စုဝန်ကြီး၊ ကျွန်တော် ဟိုတယ်နှင့်ခရီးသွားဝန်ကြီးကနေပြီးတော့နောက်ပိုင်းမှာ ပုဂ္ဂလိကများ အဓိကခရီးသွားကဏ္ဍဆောင် ရမယ့်ကိစ္စဖြစ်တဲ့ အတွက်ကြောင့် Myanmar Tourism Board ကြီးကို ကျွန်တော့် ကို ဥက္ကဋ္ဌ

အနေနဲ့ တာဝ န်ပေးလိုက်ပါတယ်။ တာဝန်ပေးပေ မယ့်  ကျွန်တော်တို့ မေ့နေတဲ့ တစ်ချက်ကို အခု ဦးရှုမောင်က ထောက်ပြသွားပါတယ်။ ဘာဖြ  စ်လို့လည်းဆိုတော့ ခရီးသွားလာရေး ဥပဒေအရ ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်းရန်ဆိုတာ မလုပ်မဖြစ်လုပ်ရမယ့် ကိစ္စဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့က ခရီးသွားအနေနဲ့  ဒီနေ့အထိ သုံးသိန်းတောင် မပြည့်ပါဘူး။  ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံတွေဆို ထိုင်းဆို ၁၇သန်း ၁၈ သန်းလောက်ရှိနေပါပြီ၊ နောက်ဆုံး ကျွန်တော်တို့ လာအို လူဦးရေ ၄သန်းလောက်ရှိတဲ့ နိုင်ငံတောင်မှ ၂ သန်းကျော်ပါပြီ။ ကမ္ဘောဒီးယားဆို ၃ သန်း ကျော်သွားပါပြီ၊ ဒါကြောင့်ကျွန်တော်တို့အနေနဲ့က နိုင်ငံတော် ဒီဝန်ကြီးဌာနတစ်ခုတည်း အားကိုးလို့ မရဘဲနဲ့ တစ်ဘက်ကပုဂ္ဂလိက အဖွဲ့အစည်းတွေဦးဆောင်တဲ့ Myanmar Tourism Board  ကြီးကို ဖွဲ့ဖို့လိုတဲ့အတွက်ကြောင့် ဧပြီလကနေစပြီးတော့ လုံးပန်းပါတယ်။ အရင်တုန်းကတော့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအောက်မှာ အသင်းအဖွဲ့ (၃)ဖွဲ့ပဲ ရှိပါတယ်။ မြန်မာဟိုတယ် လုပ်ငန်းရှင်များအသင်း၊ မြန်မာခရီးသွားလုပ်ငန်းရှင်အသင်း  ၊  ဈေးကွက်မြှင့်တင်ရေးအသင်းပဲ ရှိပြီးတော့ ကျွန်တော်ကိုင်ပြီးနောက်ပိုင်းမှာ (၁၁)သင်းတိုးလာပါတယ်။ အဲဒီမှာမှ စားသောက်ဆိုင်များ အသင်းတို့ ခုနတုန်းက Guide နဲ့ပတ်သက်တဲ့အသင်း၊ အသင်း တော်တော်များများနောက်ပြည်တွင်း ခရီးသွားလာရေးအသင်း  သယ်ယူပို့ဆောင်ရေးအသင်း၊  ကျန်းမာရေးဝန်ဆောင်မှုအသင်းတို့ကအစ တိုးလာတဲ့အတွက်ကြောင့် လာမယ့်ခရီးသွားတွေကို ကျွန်တော်တို့ Ready ဖြစ်နေပါပြီ။ အဲဒီတော့ တစ်ဖက်ကလည်း     မြန်မာနိုင်ငံကို အထူးစိတ်ဝင်    စားပါတယ်။ နောက်မြန်မာနိုင်ငံအနေနဲ့ ပြောလို့ရှိရင်တော့ ဟိုးထိပ်က မြစ်ကြီးနား၊    ပူတာအိုကနေ  စပြီးတော့ အောက် ကော့သောင်း အထိအောင် စိတ်ဝင်စားစရာ  နေရာချည်းပဲ  ဖြစ်ပါတယ်။ ထိုင်းဆိုလို့ရှိရင်  ၁၇သန်း  လာတယ်။ လူတစ်ယောက်ကို ဒေါ်လာ၁၀၀၀ သုံးတဲ့အတွက်ကြောင့် ၁၇ဘီလီယံ အေးအေးဆေးဆေး သူတို့ ရပါတယ်။ ကျွန်တော်တို့ဆီမှာ     တစ်ယောက်ကို သုံးတာက     ၂၀၀  လောက်တောင်မသုံးတဲ့ အနေအထားမျိုးရှိပါတယ်။ လာတဲ့လူဦးရေကလည်း ၃ သန်းပဲ ဖြစ်တဲ့အတွက်ကြောင့် မြှင့်တင်ဖို့ လိုပါတယ်။ နောက်တစ်ခုက အဓိက  ကျွန်တော်တို့ နိုင်ငံအတွက်  ခရီးသွားလိုအပ်တယ်ဆိုတာက ပြည်ပမီဒီယာတွေက ကျွန်တော်တို့   အပေါ်မှာ အဆိုးမြင်ဝါဒနဲ့ တော်တော်     များများ   ရေးကြ ပါတယ်။ အဲဒီအပေါ်မှာ ကျွန်    တော်တို့ကနေပြီးတော့ သူတို့ကို   See  is  BeLieving  မင်းတို့ လာကြည့်ပါ။ မင်းတို့လာကြည့်တဲ့အတွက်   ငါတို့နိုင်ငံရဲ့ အေးချမ်းသာယာတာတွေ ၊ ခေ တ်မီတာ တွေရော၊ သာယာတာတွေ       အကုန်တွေ့ရမယ်ဆိုတဲ့ နည်း   တစ်ခုဟာ   ဒီလိုခရီးသွားနည်းနဲ့

ကျွန်တော်တို့ ဆွဲဆောင် မှုရမယ်ဆိုတဲ့ အနေအထားမျိုးရှိပါတယ်။ နောက်တစ်ခုက အိမ်နီးချင်း နိုင်ငံတွေရော ၊ ကျွန်တဲ့နိုင်ငံတွေမှာရော ခရီးသွား Tourism Board ပြီးတော့ Tourism Authority Board ဆိုတာရှိပါတယ်။ ထိုင်းဆိုလည်း TAT ကျွန်တော်တို့ Thiland Authority or Tourism ဆိုတာ ရှိပါတယ်။ အဲဒီအဖွဲ့အစည်းဆိုရင် တော်တော်ကြီးပါတယ်။ သူ့အောက်မှာ အသင်းအဖွဲ့ တွေ ရှိတဲ့အပြင်ကို Tourism Police ကအစ Tourism Bank ကအစ ရှိပါတယ်။ ကျွန်တော်တို့ ဆီမှာ ကျွန်တော်တို့ ကနေပြီးတော့ ဈေးကွက်စီးပွားရေးကို ပွင့်ပွင့်လင်းလင်း ဗီဗီ ပြင်ပြင်ဖော်တဲ့ အချိန်မှာတော့ အိမ်နီးချင်းနိုင်ငံများ Tourism board ရဲ့အောက်မှာ အသင်းအဖွဲ့ တွေရှိသလို တစ်ဖက်ကနေ နောက်ခရီးသွား တွေလာတဲ့အခါ ကျွန်တော်တို့ ခရီးသွားတွေအတွက် အာမခံဖို့ အတွက် Health Insurance ကလည်း မရှိပါဘူး ။ မရှိတဲ့ အတွက် လာတဲ့လူအတွက် ကျန်းမာရေးအတွက် တစ်ခုခုဖြစ်လာမယ်။ ဥပမာ ပုဂံမှာ တစ်ခုခုဖြစ်မယ်ဆိုရင် ပုဂ္ဂ လိကဆေးရုံ လည်းသွားလို့ မရသလို နောက်တစ်ခါ ကျွန်တော်တို့ နိုင်ငံတော် ဆေးရုံသွားရင်လည်း မပြ ည့် မစုံနှင့် တော်တော်လေးအခက်အခဲရှိပါတယ်။အဲဒီအပေါ်မှာ ကျွန်တော်တို့ ဒီTourismအောက်မှာပဲ ကျန်းမာရေးစောင့်ရှောက်မှု အသင်းဆိုပြီး ထပ်ဖွဲ့လိုက်တဲ့အတွက် အဲ ဒီ နိုင်ငံခြားသားအတွက် ရလာတဲ့ Insurance ယူပြီးတော့ ကျွ န်တော်တို့စင်္ကာပူပြန်ပို့မလား၊ ထိုင်းပြန်ပို့မလား ချက်ချင်း ကုမလားဆိုတာ မျိုးတွေကအစ လုပ်ပေး နိုင်မယ် ဆိုရင်တော့ ဒီထက်ထိ ခရီးသွား များလာမဲ့ အနေအထားမျိုးရှိပါတယ်။ နောက် စည်းကမ်းပိုင်းနဲ့ပတ်သက်လို့ကလည်း အပွင့်လင်းဆုံးပြောလို့ ရှိရင် ကျုပ်ဒီ အောက်ထဲမှာပဲ ပြည်တွင်းခရီးသွားအဖွဲ့ပါ ကျွန်တော်တို့ ထည့်ထားပါတယ်။ ရွှေကြေးစည်လိုဟာမျိုးတွေ အခုဟာ ကိုယ့်ရဲ့ကိုယ် Own Idea နဲ့ ကိုယ်ဟာကိုယ်သွားနေမယ့် အစား ကျွန်တော်တို့က စည်းကမ်းတကျ လုပ်ပေးနိုင်ဖို့အတွက် တစ်ဘက်က Tourism Police Section လို ပျိုးထောင်ပြီး လုပ်ပေးနိုင်မယ်ဆိုရင်တော့ အားလုံးစည်း ကမ်းတကျ ဖြစ်ပြီးတော့ နိုင်ငံရဲ့ သိက္ခာ တက်လာမယ့် အနေအထားမျိုးရှိပါတယ်။ ခရီးသည်တစ်ယောက်ဟာ အမေရိကား ကလာရင် နာရီ ၂၀ လောက်ကြာပါတယ်။ စင်ကာပူ ကလာရင် ၃ နာရီ၊ ထိုင်း ကလာရင် ၁ နာရီ ဒီတစ်နာရီ အတွင်းမှာကို သူတို့ဆီမှာရှိတဲ့ Service နဲ့ ကျွန်တော်တို့ဆီမှာရှိတဲ့ Service နဲ့ မကွာ သွားအောင်လို့ နောက်ပိုင်းကျွန်တော်တို့ဆီမှာ Service နဲ့ပတ်သက်လို့ ခုနတုန်းက ကျွန်တော်တို့ ဒီပလိုမာတွေ၊ တက္ကသိုလ်တွေပေးနိုင်မယ် ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ နိုင်ငံရဲ့ ဂုဏ်မှာ ကျွန်တော်တို့ ခရီးသွားကိုဧည့်ခံနိုင်မယ့် အနေအထား ပေါ်မှာ မူတည်ပြီးတော့ ကျွန် တော်တို့

လူမျိုးရဲ့ သိက္ခာအတက်အကျ အများကြီးဖြစ်နိုင်တဲ့အတွက်ကြောင့် ဒီသင်တန်းတွေ ဒီတက္ကသိုလ် တွေလုပ်ဖို့ရယ် အခုဆိုကျွန်တော်တို့ Investment အနေနဲ့ အများကြီးလိုပါတယ်။ အခုဆို ဟိုတယ်တွေ၊ ခရီးသွားလုပ်ငန်းတွေကားတွေလိုအပ်တဲ့အတွက်ကြောင့်တစ်ဖက်က ခရီးသွား Bank က အစထူထောင်ပေး နိုင်မယ်ဆိုလို့ ရှိရင်တော့ ဘဏ်ကနေ ချေးပေးမယ် ဆိုရင်တော့ တစ်ပြည်လုံး အတိုင်းအတာနဲ့ ခရီးသွားတွေ တက်လာပြီးတော့ ခရီးသွားလုပ်ငန်းဆိုတာလည်း အောက်ခြေလူတန်းစားကအစ အားလုံး အတွက် ထမင်းကျွေးတဲ့ လုပ်ငန်းကြီးပါ ။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံနဲ့ အထူးသဖြင့် သင့်လျော်တဲ့ ခရီးသွားလုပ်ငန်းကို တိုးတက်ဖို့အတွ က် တစ်ချို့ ခရီးသွားဝန်ကြီးဌာနပဲ လုပ်ခဲ့တဲ့ ခရီးသွားဥပဒေကို တစ်ဘက်ကနေပြီးတော့ Myanmar Tourism Board မနေ့က တင်သွင်းသွားတဲ့အတိုင်း ဥပဒေသီးခြား သတ်သတ်မှတ်မှတ် လုပ်ပေးမယ်ဆိုလို့ ရှိရင်တော့ ဒီထက်မြန်မာနိုင်ငံကို ခရီးသွားလာမယ် ။ နောက်စနစ်တကျနဲ့ ဧည့် ခံနိုင်ပြီးတော့ မြန်မာနိုင်ငံရဲ့ ဂုဏ်မြောက်စွာနဲ့ Service တွေတက်လာမယ့် အနေအထားမျိုး ဖြစ်ပါတယ်။ ဒါကြောင့်လိုအပ်တဲ့ ပုဂ္ဂလိကကဏ္ဍအနေနဲ့ လိုအပ်တာ လုပ်နိုင်အောင်လို့နောက်တစ်ခုက ဟိုတယ် ဝန်ကြီးဌာန အနေနဲ့လုပ်မယ်ဆိုရင် ဘက်ဂျက်ကအစ လုပ်ထုံးလုပ်နည်းကအစ အကန့်အသတ်တွေ ဖြစ်ပေမယ့်ပုဂ္ဂလိကကဏ္ဍလုပ်မယ့် Myanmar Tourism Board အနေနဲ့ကတော့အကန့်အသတ် ဘောင်ကျယ်တဲ့အတွက်ကြောင့် ဒီထက်ပိုပြီးတော့ လုပ်နိုင်တဲ့အနေအထားမျိုး ရှိတဲ့အတွက်ကြောင့် မလွဲမသွေ ကျွန်တော်တို့ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းဖို့လိုသလို တစ်ဖက်ကမြန်မာနိုင်ငံရဲ့ စီးပွားရေးတွေ ထူထောင်တိုးတက်ဖို့အတွက် ကျန်တဲ့ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်ဖို့ အတွက်ကလည်း ပထမ လာပြီး ခရီးသွားတွေ သိစေချင်ပါတယ်။ သိဖို့အတွက်ကလည်း ဒီထက်ထိ ဗီဇာစနစ်ကအစ ဒီနေ့ တစ်ကမ္ဘာလုံးမှာ ဗီဇာသွားယူရင် ကျွန်တော်တို့ လူဆိုးတစ်ယောက်မလာဖို့အတွက်ကို လူကောင်း တစ်ထောင်လောက်ပိတ်တဲ့ အနေအထားမျိုး တွေ ရှိပါတယ်။ ဒါကြောင့် ခရီးသွားတွေ နည်းတဲ့ အနေအထားမျိုးတွေရှိတဲ့ အတွက်ကြောင့် တကယ်လို့ Myanmar Tourism Board အနေနဲ့ ပီပီပြင်ပြင် ဥပဒေနဲ့ လုပ်ပြီးတော့ ဗီဇာနှင့်တကွ နောက် ကျွန်တော်တို့ နိုင်ငံခြားသံရုံးတွေမှာ ကျွန်တော်တို့ဆီက လူကစ ဆွဲဆောင်မှု Marketing ကအစ ထားနိုင် မယ်ဆိုရင်တော့ ဒီထက်ဒီ ခရီးသွားတွေ များလာပြီးတော့ ဒီနေ့ အားကျစရာ၊ ထိုင်းမှာ ကျွန်တော်တို့လောက်သဘာဝ မရှိပါဘူး၊ သူတို့မှာ Artificial တွေများပါတယ်။ ကျွန်တော်တို့ဆီမှာမြစ်ကြီးနား ပူတာအိုက စပြီးတော့ ပုဂံ၊ ပုဂံ ဆိုလို့ရှိရင် ကမ္ဘာမှာအကြီးဆုံးသောဖြိုက်ကြီး(Open)ပြတိုက်ကြီးဖြစ်သလိုတစ်ဖက်က ဆင်းလာရင်

လည်း ရွှေတိဂုံဘုရားပြီးလျှိုရင်လည်း မွန်ပြည်နယ်မှာဆိုရင်ကူပေါင်းများစွာရှိပါတယ်။ မြတ်စွာဘုရား ဆံတော်တွေရှိပါတယ်။ နောက် ကော့သောင်း၊ မြိတ်ကျွန်းစုဆိုရင် ဒီနေ့ မော်လဒိုက်ကို ဂျပန် သုံးသိန်း လောက်က ရေငုပ်သွားကြတယ်။ မော်လဒိုက် ဆိုလို့ရှိရင်လည်း မော်လဒိုက်ထက်ကို ကျွန်တော်တို့ မြိတ်ကျွန်းစုကလည်း အလွန်လှတာလေး ပြခြင်းအားဖြင့် မြန်မာပြည်ရဲ့ ဂုဏ်ရယ်၊ မြန်မာပြည်ရဲ့ အေးချမ်းသာယာမှုတွေ တွေ့နိုင်မှာဖြစ်တဲ့အတွက်ကြောင့် ဒါ ဦးရှုမောင် ရဲ့ ခရီးသွား ဖွံ့ဖြိုး တိုးတက်ရေးအတွက် ခရီးသွားလာရေးဥပဒေအား ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်းသင့်ကြောင်း ကျွန်တော်အနေနဲ့ ထောက်ခံ တင်ပြသွားခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊၁၁း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇) မှ ဒေါက်တာ ဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၃။**

**ဒေါက်တာဗညားအောင်မိုး၊မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကြွရောက်လာတဲ့လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့်တကွ ဥက္ကဋ္ဌကြီးကို မင်္ဂလာပါလို့ပထမဦးစွာ နှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်က မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) နယ်မြေဖြစ်တဲ့ ရေးမြို့နယ်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးရှုမောင်တင်သွင်း တဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေအား ဖြည့်စွက်ပြင်ဆင် ပြဋ္ဌာန်း ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွ န်းကြောင်းအဆိုကို ထောက်ခံဆွေးနွေး လိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ဦးရှုမောင် တင်ပြတဲ့အတိုင်း ဟိုတယ်ဌာန တစ်ခုတည်းနဲ့ ဒီခရီးသွားလုပ်ငန်းဟာ တိုးတက်ကျယ်ပြန့်လာဖို့ မလွယ်ပါဘူး။ အဖွဲ့ပေါင်းစုံ၊ ကုမ္ပဏီပေါင်းစုံ၊ ဌာနပေါင်းစုံ၊ ဒေသပေါင်းစုံ ပါဝင်တဲ့ ကမ္ဘာလှည့်ခရီးသည် လုပ်ငန်းများဆိုင်ရာ ဘုတ်အဖွဲ့ပဲခေါ် ခေါ် သင့်တော်တဲ့နာမည်တစ်မျိုး မှည့်ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းသင့်တယ်လို့ ကျွန်တော်ထောက်ခံဆွေးနွေးလိုပါတယ်။ ဒေသပေါင်းစုံ ဘာကြောင့် ပါဝင်သင့် သလဲ ဆိုတော့ ကျွန်တော်ဥပမာ ပြလိုပါတယ်။ ဥပမာ ကျွန်တော်တို့ ရန်ကုန်တိုင်း၊ တိုင်း/ပြည်နယ်တွေမှာ ဆိုရင်လည်းပဲကချင်ပြည်နယ်ဆိုရင် ကချင် ပြည်နယ်မှာ ရေခဲတောင် ရှိပါတယ်။ အရှေ့ တောင်အာရှမှာ ဘယ်နေရာမှ မရှိဘူး။ ဒီလိုလှပတဲ့

နေရာမျိုးကို ကျွန်တော်တို့ ပြစားနိုင်မယ်ဆိုရင် ကျွန်တော်တို့ တိုင်းပြည်ဝင်ငွေအတွက် အများကြီး အထောက်အကူ ဖြစ်ပါတယ်။ ဒီကိစ္စ ဒီဒေသအတွက်က ဒေသဆိုင်ရာ ကချင်ပြည်နယ် အစိုးရ အဖွဲ့ထဲက ပုဂ္ဂိုလ်များ ဒီဘုတ်အဖွဲ့ မှာ ဘယ်လိုပဲခေါ်ခေါ်ပေါ့လေ အဲဒီ Tourism အဖွဲ့အစည်း ထဲမှာ ပါသင့်တယ်။ ဥပမာ ကျွန်တော်တို့ ထောက်ကြံ့ဟာ ရန်ကုန်တိုင်းပေါ့။ ထောက်ကြံ့ မှာဆိုရင် ဒုတိယကမ္ဘာစစ်က မဟာမိတ်တွေရဲ့ စစ်သင်္ချိုင်း ရှိတယ်။ နောက်ပြီးတော့ ဒါဟာရန်ကုန်တိုင်း ။ နောက်ပြီးတော့ ကျွန်တော်တို့ မွန်ပြည်နယ် ဘုရားသုံးဆူမြို့မှာဆိုရင် အဲဒီ ဒုတိယကမ္ဘာ စစ်က စစ်သင်္ချိုင်းရှိတယ်။ ဒီစစ်သင်္ချိုင်းတွေဟာဆိုရင် ခုနတုံးက ဦးခင်ရွှေ ပြောတာလည်း နည်းနည်း ပါတယ်။ ထိုင်းနိုင်ငံ အကြောင်း ကျွန်တော်နည်းနည်း သက်သေပြချင်တာက ဘာလဲဆိုတော့ သေမင်း တမန်လမ်းမရဲ့ အရှေ့ဘက်အဆုံးမှာ ကန်ချနာပူရီ မြို့ရှိတယ် အဲဒီမှာလည်း စစ်သ်ချိုင်း တစ်ခုရှိတယ်၊ အဲဒီ စစ်သင်္ချိုင်းကို သူတို့ဟိုတယ်တွေဆောက်တည်ပြီးတော့ ဒီ ကမ္ဘာလှည့် ခရီးသည်တွေ အများအပြား အထူးသဖြင့် မဟာမိတ်နိုင်ငံဖြစ်တဲ့ အင်္ဂလန်၊ သြစတေးလျ၊ နယူးဇီလန်က နိုင်ငံမျိုးတွေ လာလည်နေတာ ၊ ပြစားနေတာ ဒီလမ်းကြောင်းကလေး၊ တံတား ကလေးနဲ့ ပြစားနေတာ ပိုက်ဆံအမြောက်အမြားရတယ်။ ကျွန်တော်တို့နိုင်ငံမှာ အဲဒီလို စစ်သ်ချိုင်း မျိုးက နှစ်ခုတောင်ရှိတယ်၊ ရန်ကုန်တိုင်းနဲ့ မွန်ပြည်နယ်မှာ ရှိပါ တယ်။ ဒါတွေ ကျွန်တော် တို့ ပြစားနိုင်မယ်။ နောက်ပြီးတော့ ဒေသဆိုင်ရာအဖွဲ့ အစည်း တာဝန်ခံနဲ့လည်း ပါဝင်ဖို့အတွက် လည်း ဒီဘုတ်အဖွဲ့တွေမှာ ပါဝင်ဖို့ လိုပါတယ်။ နောက်ပြီးတော့ တစ်ခုက ထူးထူးဆန်းဆန်း ကျွန်တော်တို့မှာ နိုင်ငံတကာက အင်မတန် စိတ်ဝင်စား၊ အင်မတန် နာမည်ကြီးတဲ့ သေမင်းတမန် လမ်းမဆိုတာ ကျွန်တော်တို့ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ကို ဆက်သွယ်တဲ့ လမ်းမဖြစ်ပါတယ်။ ဒီလမ်းက အခုပျက်နေပါတယ်။ နွေအခါမှာ သွားလာနေကြတယ်။ မိုးတွင်းဆို သွားလာလို့မရဘူး။ ဒီလမ်းမ ဆိုရင် ဒါဟာ ခုန မဟာမိတ်နိုင်ငံများအပြင် ဂျပန်နိုင်ငံကလည်း အင်မတန်စိတ်ဝင်စားတဲ့ လမ်းမ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒါမျိုးတွေ ကျွန်တော်တို့ Tourist ကမ္ဘာလှည့်ခရီးသည်ကို ဆွဲဆောင်တဲ့နေရာမှာ ကမ္ဘာကမကြည့်ဘူး မမြင်ဘူးတဲ့ဟာ အများကြီးရှိတယ်။ စာမှာပဲတွေ့ရတဲ့ ဟာတွေရှိတယ်။ အဲဒီတော့ ဒီကိစ္စတွေကို ဒီနယ်မြေခံတာဝန်ခံများအနေနဲ့လည်း ပါဖို့လိုပါတယ်။ ဥပမာ ရှမ်းပြည်နယ် ဆိုရင် ဒီအင်းလေး လိုဟာမျိုး ခြေထောက်နဲ့ လှေလှော် တယ်။ ရေပေါ်မှာ စိုက်ပျိုးရေး လုပ်တယ်။ ဒါဟာ ကမ္ဘာမှာ အင်မတန်ထူးဆန်းတဲ့အပြင် သုတေသနတောင် လုပ် ရမဲ့ ဟာတွေဖြစ်ပါတယ်။ အဲဒီတော့

ကျွန်တော်တို့ ဘာလည်းဆိုတော့ ဒီဒေသပေါင်းစုံက အဖွဲ့အစည်း ၊ ဒေသပေါင်းစုံက အစိုးရဌာန တိုင်းနှင့်ပြည်နယ်တွေပါဝင်ဖို့လည်းလိုပါတယ်ဆိုတာအချက်တစ်ချက်ကို ကျွန်တော် ဥပမာအနေနဲ့ ပြလိုက်ရပါတယ်။ နောက်ပြီးတော့ ဒီကမ္ဘာလှည့်ခရီးသည်လုပ်ငန်းမှာ ဌာနပေါင်းစုံ ပါဝင်ဖို့လည်း လိုအပ်ပါတယ်။ ဥပမာ ယဉ်ကျေးမှုဌာန အင်မတန် အရေးကြီးပါတယ်။ ကိုယ့်တိုင်းပြည် ကို ပြစားတဲ့နေရာမှာ ကိုယ့်ယဉ်ကျေးမှုနဲ့ လွဲချော်နေတဲ့ သရုပ်ပျက် ယဉ်ကျေးမှု တွေကို ကျွန်တော်တို့ တစ်ဖ က်တစ်လမ်းကနေ ပြန်ပြီးတော့ ထိန်းသိမ်းဖို့လိုပါတယ်။ နော က်ပြီးတော့ မဟာသင်္ကြန်ပွဲတော်၊ ရေပွဲတော်၊ သင်္ကြန် ပွဲတော်ဟာ ထိုင်းနိုင်ငံ အနေနဲ့က ကျွန်တော်တို့နိုင်ငံရဲ့ တစ်ဝက်ကို မမီဘူး ။ သူတို့ရေသင်္ကြန် ရေပက်တဲ့ပွဲတော်ဆိုရင် အထူးသဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဇင်းမယ်မြို့မှာလည်း နာမည်ကြီးတဲ့ အနောက်နို င်ငံတွေ နိုင်ငံခြားက အဲဒီကိုပဲ လာလည်ကြတယ်။ သူတို့ ကြိုးစားပြီးတော့ အခုဘန်ကောက်တို့ အရှေ့မြောက်တို င်းတို့ လုပ်နေကြပါတယ်။ ဒါပေ မယ့် ဟန်ပြပါ။ ကျွန်တော်တို့ နိုင်ငံလောက် သင်္ကြန်ပွဲတော်ဟာ ကမ္ဘာမှာ မရှိဘူး။ အဲဒါကို ကျွန်တော်တို့ ဖွင့်ပေးပြီးတော့ ဒါကျွန်တော်တို့ ယဉ်ကျေးမှုဌာနကလည်း ထိန်းမယ်။ လုံခြုံရေးအနေနဲ့ကလည်းထိန်းမယ်။ စည်းကမ်းပိုင်းအနေနဲ့ကလည်း ထိန်းမယ်ဆိုရင် သင်္ကြန်ဆိုတာ ကျွန်တော်တို့ရဲ့ဝင်ငွေ နိုင်ငံခြားဒေါ်လာဆိုတာ အထုပ်နဲ့ အပိုးနဲ့ ဝင်လာမယ့် အခြေအနေမှာရှိတယ်။ အဲတော့ ကျွန်တော်တို့ ယဉ်ကျေးမှုဌာနအနေနဲ့ကလည်းဘဲ ပါဝင်သင့်ပါ တယ်။ နောက်ပြီးတော့ ယဉ်ကျေးမှုနဲ့ပတ်သက်တဲ့ အခြားနေရာတွေ အများအပြားရှိတယ် ။ ခုနတုန်းက သာသနာရေးဌာနလည်း ပါသင့်ပါတယ်။ ဥပမာ ကျွန်တော်တို့ နိုင်ငံကနေပြီးတော့ အိန္ဒိယဘုရားဖူးသွားဖို့ အဖွဲ့အစည်းတွေ ကုမ္ပဏီတွေ လုပ်တယ်။ အဲဒီတော့ ကျွန်တော်တို့ နို င်ငံ အနေနဲ့ကလည်းပဲ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ ရွှေ တိဂုံဘုရား၊ ရန်ကုန်တိုင်းပေါ့ ။ ရွှေမော်ဓော ဘုရား ပဲခူးတိုင်းပေါ့။ ကျိုက်ထီးရိုးဘုရား ဒီလိုဘုရားမျိုးဆိုရင် ထိုင်းနိုင်ငံက လူတွေအင်မတန်မှ စိတ်ဝင်စားတယ်။ ဒါကျွန်တော်တို့ နိုင်ငံရဲ့ အခြေအနေသိပ်မကောင်း သေးဘူးလို့သူတို့ အဲဒီလို မြင်လို့ သိပ်ပြီးတော့ ရဲရဲဝံ့ဝံ့မလာသေးဘူး ။ ဒါကို ကျွန်တော်တို့ နိုင်ငံရေး အခြေ အနေရော ကျွန်တော်တို့ရဲ့ လည်ပတ်မှုနေရာ ဘယ်လောက်ကောင်းတယ်ဆိုတဲ့ အကြောင်းအရင်းက ကျွန်တော်တို့ ကြိုးစားစည်းရုံးမယ်ဆိုရင် ဒီဌာနပေါင်းစုံ၊ ဒီ သာသနာရေးဌာနလည်း သာသနာရေး ဌာနလို ဒီယဉ်ကျေးမှုဌာနလည်း ယဉ်ကျေးမှုဌာနလို နောက်ပြီးတော့ ဒီစည်ပင်ကအစ ကျန်းမာရေး ဌာနကအစ အင်မတန် အရေးကြီးပါတယ်။ ကျွန်တော်တို့ နိုင်ငံခြားက လူတွေလာတယ်ဆိုရင်

ကျွန်တော်တို့က သန့်ရှင်ခန်းတွေကအစအဆင့်အတန်းမြှင့်လိုတယ်။ နောက်ပြီးတော့ ကျန်းမာရေးနှင့် ပတ်သက်လာရင် အစားအသောက်တို့ ရေတို့ ကျန်းမာရေးနဲ့ ကိုက်ညီဖို့လိုတယ်။ ကျ န်းမာရေး ဒီနိုင်ငံခြားက Tourist တွေဟာ အမြဲတမ်း ဆိုင်ကြီး ဟိုတယ်ကြီးကို ရှာပြီးတော့ထမင်းစား အစာ စားတာ မဟုတ်ဘူး။ တစ်ခါတစ်လေကြတော့ ဈေးသက်သာတဲ့ လမ်းဘေးကဆိုင်လည်း စားတာပဲ။ ဒါပေမယ့် သူတို့ဘာကြည့်လဲဆိုရင် သန့်ရှင်းမှု ကျန်းမာရေးနဲ့ ကိုက်ညီမှု ဒါကို သူတို့ကြည့် ပြီးတော့ လမ်းဘေးလည်း စားကြပါတယ်။ လမ်းဘေးမှာ စားတဲ့အတွက်ကြောင့် ဆင်းရဲတဲ့လူတွေမှာ အခွင့်အရေး တစ်မျိုးရပါတယ်။ ဈေးရောင်းရပါတယ်။ အဲဒီတော့ လမ်းဘေးက ဆိုင်တွေမှာ ယင်မနား စာဖြစ်ဖို့ ။ နောက်ပြီးတော့ အစားအသောက်အစားအစာတွေ ကိုင်တွယ်တဲ့နေရာမှာ နည်းစနစ်ကျဖို့ နိုင်ငံတကာက လက်ခံနိုင်တဲ့ Standard မျိုး အနည်းအပါးရှိဖို့ ကျန်းမာရေးဌာန အနေနဲ့ကလည်း အရေးကြီးပါတယ်။ နောက်ပြီးတော့ သဘာဝထိန်းသိ မ်းရေးဟာအင်မတန် အရေးကြီးတယ်။ ဘာလည်းဆိုတော့အခု နိုင်ငံတကာမှာ တွေကြုံနေရတဲ့ စက်မှုတိုးတက် လာတဲ့ အခါကြရင် သဘာဝထိန်းသိမ်းရေးမှာပြဿနာတက်တယ်။ Tourism အလည်အပတ်များတဲ့ တချို့ ပင်လယ်ကမ်းခြေ တော်တော်ကို ပျက်စီးတယ်။ လူကလည်းများတယ်။ အဆောက်အအုံကလည်း များလာတယ်။ ပင်လယ် ကမ်းခြေ အခြေအနေ ပျက်စီးသွားတယ်။ နောက်လာလည်တဲ့သူတွေက သိပ်မလည်ချင်တော့ဘူး။ကျွန်တော်နိုင်ငံမှာဆိုလို့ရှိရင် အခုအလားအလာကောင်း ဥပမာမောင်းမကန် ထားဝယ်ရေနက် ဆိပ်ကမ်းနဲ့ နီးတယ်။ ကျွန်တော်တို့တကယ်လို့ မောင်းမကန်သာလျှင် ထိုင်းနဲ့ ကျွန်တော်တို့ တိုင်းပြည် လမ်းဖွင့်ပြီဆိုရင် ထိုင်းနိုင်ငံအနောက်ဘက်ခြမ်းက သူတို့ ပင်လယ် ကမ်းခြေမှာ သွားအပန်းဖြေမယ်ဆိုရင် တော်တော်ဝေးတယ်၊ ဝေးတဲ့အပြင် သူတို့ဟာ ကျွန်တော်တို့ လောက် သဘာဝက သိပ်မကောင်းဘူး။ အဲဒီတော့ ဒီဘက်ကပိုနီးတယ်။ ပိုနီးတဲ့ အတွက်ကြောင့် သူတို့ ဒီဘက်ကိုလာဖို့ အင်မတန်အလားအလာများတယ်။ အဲဒီတော့ ဒီကမ္ဘာလှည့်ခရီးသည်တွေ များလာအောင် ကျွန်တော်တို့ ကြိုးစားမယ်၊ များလာတဲ့အခါမှာ ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင် ပျက်စီးပြီးတော့ ကျွန်တော်တို့ရဲ့ အမွေအနှစ်က နောက်ထပ်ပြစားဖို့အတွက် လူတွေစိတ်ဝင်စားမှု နည်းလာမယ်။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာနေထိုင်တဲ့ လူအတွက်လည်း အန္တရာယ်ဖြစ်မယ်။ အဲဒီတော့ အဲဒီသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလည်း အင်မတန်အရေးကြီးတယ်။ ဒါကြောင့် ဒီဌာနလည်းပဲ ဘုတ်အဖွဲ့မှာ ပါသင့်ပါတယ်။ နောက်ပြီးတော့ တစ်ခုရှိသေးတာက ဒီ Rescue ပေါ့။ ကယ်ဆယ်ရေး၊ဒီကယ်ဆယ်ရေးဟာ အင်မတန်အရေးကြီးတယ်၊ကျွန်တော်တို့ လွန်ခဲ့တဲ့ လွှတ်တော်

မဖွင့်ခင်တုန်းအချိန်မှာ ရေခဲတောင်ကို သွားလေ့လာတဲ့ စီးပွားရေး သမားတစ်ယောက်က အဲဒီမှာ လေယာဉ်ပျံ ဟယ်လီကော်ပတာက ရေခဲတောင်မှာ ရေခဲမျိုလို့လား၊ ရေခဲစုပ်လို့လား၊ ဘယ်လိုလဲ မသိဘူး။ အဲဒါ ကယ်ဆယ်ရေး ခက်ခက်ခဲခဲ လုပ်ရတယ်။ နောက်ပြီး တော့ ကျွန်တော်စာမှာ ဖတ်ဘူးတာ ကတ္တမန္ဒူ ဆိုတာ ဒီဟိမဝန္တာတောင် ကိုလည်တဲ့ကိစ္စမှာ အင်မတန် Tourist တွေများ တယ်။ အဲဒီမှာသူတို့ ကတ္တမန္ဒူ မှာ ကျွန်တော်တွေ့ရတဲ့အကြောင်းအရာမှာဆိုရင် ဒီကယ်ဆယ်ရေး လုပ်ငန်းအတွက်ကို သူတို့ဟယ်ရီကော်ပတာတောထိုးတယ်။ ဒါ နီပေါနိုင်ငံအဆင့် ကျွန်တော်တို့ထက် အဆင့်အများကြီးနိမ့်တဲ့နိုင်ငံ၊ အဲဒီတော့ ကျွန်တော်တို့ ဥပမာတစ်ခုတွေ့တယ်၊ ဒီ ကယ်ဆယ်ရေးဟာ အင်မတန်အရေးကြီးတယ်ဆိုတာ ကြိုတင်သတိပေးတာ တို့ ကယ်ဆယ်တာတို့ ကျွန်တော်တို့ ကရင်ပြည်နယ်နဲ့ ထိုင်းမြန်မာပြည် ထိုင်းနယ်ခြားမှာရှိတဲ့ ဘုရားသုံးဆူမြို့မှာ သင်္ကြန်ဆိုရင် ဒီထိုင်းနိုင်ငံမှာရှိတဲ့ မြို့နယ်(၂)နယ် လောက်ကဘုရားသုံးဆူ ဘက်လာပြီးတော့ လည်ကြတယ်။ ဒါကျွန်တော်တို့ ဒီထိုင်းနယ်ခြား ဂိတ်ကနေပြီးတော့ (၂)မိုင်လောက်ဟာ ရေပက်ရေကစားနေ ကြတယ်။ နောက်ဒီကနေ (၆)မိုင်၊ (၇)မိုင်လောက် သွားတဲ့ အခါကျတော့ မြစ်ဆုံတစ်နေရာမှာ ရေတံခွန်ရှိတယ်။ လူတွေအများကြီးလာကြတယ် အင်မတန်ဈေးလည်း ရောင်းကောင်းတယ်။ နောက်ဆုံးကျတော့ တစ်နှစ်ကို တစ်ယောက်လား နှစ်ယောက်လား ရေနစ်တယ်။ အဲဒါဘာလည်း ဆိုတော့ ကျွန်တော်တို့မှာ ပညာပေးမှု၊ သတိပေးမှု ဒါကလိုအပ်တယ်။ ဘယ်နေရာမှာမဆို ဒီ အန္တရာယ် ရှိတဲ့ လည်ပတ်မှုနေရာမှာ ကယ်ဆယ်ရေး ဆိုတာလည်း အရေးကြီးပါတယ်။ အဲဒီတော့ ကျွန်တော် အခုတင်ပြတာဟာ ဥပမာအနေနဲ့ ဌာနပေါင်းစုံ၊ ဒေသပေါင်းစုံ ပါဝင်အောင် ကျွန် တော် အကျဉ်းချုံးပြီးတော့ တင်ပြ ခြင်းဖြစ် ပါတယ်။ ကျွန်တော်တို့ရဲ့ ဌာနဆိုင်ရာများ၊ ပညာရှင်များ စုစည်းပြီးတော့ ပြည့်ပြည့် စုံစုံနဲ့ ဒီဥပဒေကိုလည်း ပြင်မယ်။ လိုအပ်တဲ့ အဖွဲ့အစည်းကိုလည်း ဖွဲ့မယ်ဆိုရင် ပိုပြီးတော့ တိုးတက်ကောင်းမွန်မယ်လို့ ယုံကြည်ပြီးတော့ အကြံပြုရင်းနဲ့ နိဂုံးချုပ် ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီးရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)မှဦးညွန့်တင် ဆွေးနွေးနိုင်ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)။** ။လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးညွန့်တင် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)က ဦးရှုမောင်တင် သွင်းသွားတဲ့ ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နဲ့ ခရီးသွားလာရေး ဥပဒေအား ဖြည့်စွက်ပြင်ဆင် ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းပါတယ်ဆိုတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဦးရှုမောင် အနေနဲ့ကော ဦးခင်ရွှေ နဲ့ ကျွန်တော်တို့ ဒေါက်တာ ဗညားအောင်မိုး တို့ကလည်း တော်တော်လေးပြည့်ပြည့်စုံစုံ ဆွေးနွေးသွားပြီးပါပြီ။ ကျွန်တော်သည် လည်း ဒီခရီးသွားလုပ်ငန်းကို အင်မတန်မှ စိတ်ဝင်စားပါတယ်။ ကျွန်တော် နိုင်ငံတကာမှာ တာဝန် ထမ်းဆောင်တဲ့အခါမှာ ကျွန်တော်အထူးကြိုးစားခဲ့ပါတယ်။ အထူးသဖြင့် ပြောင်ကောဖ်နောက်တစ်ခါ ပြင်သစ်၊ ကနေဒါ ၊ အဲဒီနိုင်ငံတွေမှာ ကျွန်တော်တို့နိုင်ငံကို ခရီး သွားတွေ ပိုသွားဖို့အတွက် ကျွန်တော်အနေနဲ့ အပတ်တကုတ် ကြိုးစားတဲ့အတွက်ကြောင့် ပြင်သစ်မှာဆိုရင် အတော်လေး အောင်မြင်ခဲ့ပါတယ်။ အဲဒီတော့ ဘာတွေ့လဲဆိုတော့ အဲ ဒီနိုင်ငံတွေမှာ ဘာကြောင့် ခရီးသွားတွေ ပိုလာသလဲ။ ပြင်သစ်ဆိုရင် သူတို့ က အဆောက်အဦ အဟောင်းတွေကို ပြစား တာပါ။ ဥပမာ အားဖြင့် ပြင်သစ်မှာ ဟုတ်လား။Efel Tower ပေါ့။ Efel Tower ကြီးက ကြာပါပြီ။ အဲဒါကြီးသဲ မွမ်းမံ ပြီးတော့ ပြစားပါတယ်။ Efel Tower ကြီးက တကယ်တော့ ဟို Trade Fair အတွက် လုပ်ရင်းနဲ့ သူက ကျန်ရစ်ခဲ့တဲ့ အဆောက်အဦ ဖြစ်ပါတယ်။ နောက်တစ်ခါ Versile နန်းတော်လိုဟာမျိုး အဲဒါ မျိုးကို မွမ်းမံပြီးတော့ ခရီးသွားတွေ ဆွဲဆောင်တဲ့အခါမှာ ကျွန်တော်တို့ ဘယ်လောက် တောင် ခရီးသွားလာလဲဆိုတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ သူ တို့နိုင်ငံမှာ လူဦးရေက (၇၂)သန်းပဲ ရှိပါ တယ်။ ပြင်သစ်မှာ ဒါပေမယ့် ခရီးသွားက သ န်း (၈၀)လာပြီးတော့ သူတို့ရဲ့ Income ဝင်ငွေက US ၆၂ ဘီလီယံ ရပါတယ်။ နှိုင်းယှဉ်ရရင် ဥပမာအားဖြင့် ကျွန်တော်တို့ဒီမှာ Gas ရောင်းလို့ ရတာ ထားပါတော့။ ၂ ဘီလီယံ။ သူက Tourism တစ်ခုတည်းနဲ့ အဲဒီထက် အဆ ၃၀၊ ၆၂ ဘီလီယံ ရပါတယ်။ အဲဒီတော့ ကျွန်တော်အားကျပြီးတော့ ကျွန်တော်ကိုယ်တိုင်လည်း ကြိုးစားခဲ့တဲ့ အတွက်ကြောင့် ပြင်သစ် အနေနဲ့တော့ တော်တော်လေး အောင်အောင်မြင်မြင် ဖြစ်ခဲ့ပါတယ်။ ကျွန်တော်ရောက်စက ပြင်သစ်လူမျိုး (၂၀၀၀)လောက်ပဲလာတယ်။ ကျွန်တော်ပြန်တဲ့အခါမှာ

တစ်နှစ်ကို (၁၂၀၀၀) လာ တယ်။ အခုဆို နောက်သံအမတ်တွေကလည်း ဆက်လုပ်တော့ ကျွန်တော်တို့ (၁၄၀၀၀)(၁၅၀၀၀) တက်လာပါတယ်။ အဲဒီတော့ Tourism နဲ့ပတ်သက်ရင် ကျွန်တော်တို့နိုင်ငံမှာ ဟိုနေ့က ဦးရှုမောင် ထောက်ပြသွားသလိုပဲ ကျွန်တော်တို့မှာ Season ဖြစ်နေတယ်။ (၆)လပဲ ကျွန်တော်တို့က Tourist Season လို ဖြစ်နေတယ်။ အဲဒီအစားကို ကျွန်တော်တို့က တစ်နှစ်လုံး ဟုတ်လား။ Year Round ပေါ့။ တစ်နှစ်လုံးခရီးသွားတွေကို ဆွဲဆောင်ဖို့အတွက် ကျွန်တော်တို့ က ကြိုး ပမ်းဖို့လိုပါတယ်။ ဒါတော့ အခုနက ဖွဲ့သွားမယ့် Tourism Board တို့ ဘာတို့ကနေပြီး စီမံချက်ချပြီးတော့ လု ပ်ရမယ်။ ဥပမာ- ကျွန်တော် ပြောရမယ်ဆိုရင်တော့ ကျွန်တော် ပြင်သစ်မှာနေတုန်းက ဘာ တွေ့လဲဆိုတော့ သူတို့က Low Season မှာ ဘာလုပ်လဲဆိုတော့ ဥပမာအားဖြင့် ကမ္ဘာ့ အစားအစာပြပွဲကြီး Food Exhibition လုပ်လိုက်တယ်။ အဲဒီလိုဆိုရင် လူတွေကလာပြန်ရော။ ခု ကျွန်တော်တို့ ဆီမှာလည်းပဲ ဥပမာ အားဖြင့် ၂၀၁၃ မှာ ကျွန်တော်တို့ အာဆီယံ Sea Game လိုဟာမျိုး ရှိမယ်ဆိုရင် အဲဒါနဲ့ ပေါင်းပြီးတော့Tourism Propose လုပ်ရင် အများကြီးတိုးတက်ဖို့ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီ High Season (၆)လတင် မကဘဲနဲ့ Low Season ကျန်တဲ့ (၆)လကို ကျွန်တော်တို့ အခုန ခရီးသွားဌာနကြီး ဌာနနဲ့ Tourism Board တို့က ပံ့ပိုးလုပ်ပေးဖို့လိုပါတယ်။ Tourism ဆိုတာက အစိုးရကိုဝင်တဲ့Tax လောက်နဲ့ ကျွန်တော်တို့ ကြည့်လို့မရဘူး။ ဥပမာအားဖြင့်Tourist Companyတွေကပေးတဲ့ ဟိုတယ် တွေကပေးတဲ့ Tax တွေဟာ ဒီလောက်မများဘူး။ တ ကယ်များတာက ဘာလဲဆိုတော့ ခုန ခရီး သွားတွေက ပြည်သူတွေ ကြားမှာ Lucre လို့ခေါ်တာပေါ့နော်။ အောက်ခြေမှာသုံးသွားတဲ့ ပိုက်ဆံ ကများပါတယ်။ အဲဒါTourism Relative Incomeလို့ခေါ်ပါတယ်။Tourism နဲ့ ပတ်သက်တဲ့ ဝင်ငွေ တွေ၊ နောက်ဥပမာလေးတစ်ခုပေးပါမယ်။ ဥပမာ ကမ္ဘောဒီးယားမှာ ဆိုလို့ရှိရင် ကမ္ဘောဒီးယားမှာ ကျွန်တော်လေ့လာမိသလောက်(၂၀၁၀)မှာ Tourist၁.၈ သန်းလာပါတယ်။သူရဲ့ Tourism Relative ဝင်ငွေက US ၁.၅ ဘီလီယံ ရရှိပြီးတော့ အလုပ်သမား Tourism နဲ့ပတ်သက်တဲ့ လုပ်ငန်းမှာ လုပ်တဲ့ လူ လေးသိန်းကို အလုပ်ပေးပါတယ် ။ နောက် သူတို့ရဲ့ ကမ္ဘောဒီးယားရဲ့ စုစုပေါင်း Export Earning ရဲ့ အဲဒီဥစ္စာ အဲဒီငွေဟာ ၂၆ ရာခိုင်နှုန်း ရှိပါတယ်။ ၂၆ ရာခိုင်နှုန်းပါ။ အဲဒီတော့ ကမ္ဘောဒီးယားလိုနိုင်ငံ Land Lock ဟုတ်လား။ သူ့မှာ ဘာမှမရှိဘူး။ ကျွန်တော်တို့ ဟုတ်လား။ ပင်လယ်ကမ်းခြေမရှိဘဲနဲ့Land Lock Country လေးကတောင် ဒီလောက် Attract လုပ်ပြီးတော့ ဒီလောက်ဥစ္စာရင် ကျွန်တော်တို့လည်း ကြိုးစားရင်တော့ ဖြစ်လာမှာပါ။ ကြုံကြိုက်လို့ ပါ။

ကျွန်တော်တို့ အာရှမှာဆိုရင် ကျွန်တော်တို့ အများဆုံးလာတာက အများအားဖြင့် ့ Thailand လို့ထင်ကြတယ်။ မဟုတ်ဘူးဗျ။ မလေးရှား။ မလေးရှားကို တစ်နှစ်မှာ Tourism ၂၃ သန်း လာပါတယ်။ သူက ဝင်ငွေ ၁၇ ဘီလီယံရပါတယ်။ Thailand က (၁၄)သန်း (14 million) လာတယ်။ အဲဒါ ၂၀၀၉ မှာပါ (၁၄)သန်းလာတယ်။ သူ့ရဲ့ Tourism relative ဝင်ငွေက 19 billion ဒေါ်လာရပါတယ်။ ကျွန်တော်တို့ ဘေးနားမှာ နိုင်ငံငယ်လေးပေါ့။ ကျွန်တော်တို့ရှမ်းပြည်လောက်ပဲ ရှိတယ်။ Laos၊ လာအိုနိုင်ငံမှာ ၂၀၀၉က ၁.၂ million လာတယ်။ သူကတော့ ဝင်ငွေက ၂၇၁ သန်းရပါတယ်။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံကြီးဖြစ်တဲ့ တရုတ်နိုင်ငံ၊ တရုတ် နိုင်ငံမှာ ၂၀၀၉ ခုနှစ်က Tourist သန်း(၅၀) လာပါတယ်။ အဲဒီမှာ သူရဲ့ဝင်ငွေက 42 billion ဒေါ်လာ ဆိုတော့ ဒီ Tourism ကရတဲ့ ဝင်ငွေသည် တိုင်းပြည်က ဘာမှထွက်မသွားဘူး။ စဉ်းစားကြည့် ဥပမာအားဖြင့် ကျွန်တော်တို့ ကျောက်မျက်လည်း ထွက်မသွားဘူး။ Gas လည်းထွက်မသွားဘူး။ အသား လွတ်ရတဲ့ ဝင်ငွေပါ။ ဘာမှ ဆန်လည်း ထွက်မသွားဘူး။ ဒါပေမယ့် ဝင်ငွေတွေ ကြည့်ရင်ဟုတ်လား။ 60 billion, 42 billion ဟုတ်လား စသည်ဖြင့် ကမ္ဘော ဒီးယားတောင် 2 billion ရတယ်ဆိုတော့ ကျွန်တော်တို့က မီးခိုးမထွက်သော နောက် မီးခိုးမထွက်သော Industry ပေါ့။ လုပ်ငန်းပေါ့။ Smoke Gas Industry လို့အားလုံးက Tourism ကို အဲဒီလိုသုံးကြပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ ဒီနိုင်ငံတစ်ခု တိုးတက်ဖွံ့ဖြိုးဖို့အတွက် ခရီးသွားလုပ်ငန်းကို အထူးအားပေးသင့်တယ်။ အားပေးတဲ့အခါမှာ လည်း ခုနက ဦးရှုမောင်ထောက်ပြသွားသလို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက်ဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေအား ဖြည့်စွက်ပြင်ဆင် ပြဋ္ဌာန်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းပါတယ်ဆိုတဲ့ အဆို ကို ထောက်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စား လှယ်များခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင် တင်သွင်းတဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခရီးသွားလာရေးဥပဒေအား ဖြည့်စွက်၊ ပြင်ဆင်၊ ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည်ပြုရန် သဘောတူ /မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။ ဒီလိုဆောင်ရွက် ရာမှာ ဆန္ဒမဲပေးခြင်းကို မတ်တတ် ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်း ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကြောင့်သဘောတူတဲ့ ပုဂ္ဂိုလ်များ မတ်တတ်ရပ်ပြကြပါ။ထိုင်နိုင်ပါပြီ။

လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူကြောင်း ဆန္ဒပြုတဲ့အတွက် ဦးရှုမောင်ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ယခုလွှတ်တော်အစည်းအဝေးကို ခေတ္တရပ်နားမှာဖြစ်ပါတယ်။ နေ့လည် (၁၃း၀၀) နာရီအချိန်တွင် ပြန်လည်စတင်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အချိန်၊၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့အစည်းအဝေးကို ၁၁း၄၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၀၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည် . စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)၏ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေး ဝန်ကြီး ဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းသင့်သော (က)မြန်မာနိုင်ငံ ကုန်အမှတ်အသားဥပဒေ၊(ခ) လယ်ယာထွက်ကုန် ဈေးကွက်များ အက်ဥပဒေ၊ (ဂ)၁၉၄၇ ခုနှစ်၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေ၊ (ဃ) တင်း၊ တောင်း၊ စံ ပမာဏ အက်ဥပဒေတို့ကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၃း၀၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စား လှယ်များ ခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီမြင့် ့ တင်သွင်းထားတဲ့ စီးပွားရေးနှင့် ့ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပြင်ဆင် ဖြည့်စွက် ပြဋ္ဌာန်းသင့်သော- (က) မြန်မာနိုင်ငံ ကုန်အမှတ်အသား ဥပဒေ ၊ (ခ) လယ်ယာထွက်ကုန်ဈေးကွက် အက် ဥပဒေ၊ (ဂ) ၁၉၄၇ခုနှစ် အရေးကြီးသောကုန်ပစ္စည်းများနှင့်ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေ ၊ (ဃ)တင်းတောင်း စံ ပမာဏ အက်ဥပဒေတို့ကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုး ရအား တိုက်တွန်း ကြောင်းအဆိုကိုဆွေးနွေးဖို့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက အမည်စာရင်းတင်သွင်းထားပါ တယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် ဆွေးနွေးနိုင်ပါတယ်။

**အချိန်၊၁၃း၀၁။**

**ဒေါက်တာမြင့်ကြည်ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး ၊ မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်ရီရီမြင့် ့ တင်သွင်း ထားတဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ စီမံခန့်ခွဲသောဥပဒေများမှ ပြင်ဆင် ဖြည့်စွက်ပြဋ္ဌာန်းသင့်သော မြန်မာနိုင်ငံကုန်အမှတ်အသားဥပဒေ၊ လယ်ယာထွက်ကုန် ဈေးကွက်များ အက်ဥပဒေ၊ ၁၉၄၇ ခုနှစ်၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ

အက်ဥပဒေ၊ တင်း၊ တောင်း၊ စံပမာဏ အက်ဥပဒေတို့ကို ဖြည့်စွက် ပြင်ဆင်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြသွားတဲ့အခါမှာ တစ်ချို့ အင်္ဂလိပ်စာလုံးလေးများ ထည့်သွင်းပြီးတော့ ပြောကြားမိရင်လည်းပဲ ခွင့်ပြုပေးပါရန် ကြိုတင် မေတ္တာရပ်ခံ အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါက်တာမြင့်ကြည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ ကျွန်တော့် အနေနဲ့ကတော့ ဒေါ်ရီရီမြင့် တင်သွင်းသွားတဲ့ ဒီအက်ဥပဒေတွေကို ကြည့်လိုက်တဲ့အခါမှာ ကျွန်တော်တို့ ဈေးကွက်စီးပွားရေးစနစ်ကို မြန်မာနိုင်ငံက ထူထောင်မယ်။ ကျွန်တော်တို့ သွားနေပြီ အရှိန်အဟုန်နဲ့ သွားတော့မယ်ဆိုရင် အင်မတန်မှ အရေးကြီးတဲ့ ဥပဒေတွေ ဖြစ်ကြောင်းကို ကျွန်တော့်အနေနဲ့ လေ့လာသိရှိရပါတယ်။ သို့သော်လည်းပဲ ဒေါ်ရီရီမြင့်တင်ပြ သွားတဲ့အထဲ မှာတော့ ဒီဥပဒေတွေနဲ့ ပတ်သက်ပြီး တော်တော်များများက ကျွန်တော်တို့ ဒီပြစ်ဒဏ်အတွက် ငွေပမာဏကို ပြောင်းလဲတဲ့ကိစ္စတစ်ခုသာလျှင် ဖော်ပြဆွေးနွေးသွားတာကို သိရှိ လိုက်ရပါတယ်။ အဲဒီတော့ ဒီ(က)အနေနဲ့ မြန်မာနိုင်ငံကုန်အမှတ်အသား ဥပဒေ ၊ ကျွန်တော်တို့ Trade Mark ဒီဥပဒေဟာလည်းပဲ Market Oriented Economy ဒီဈေးကွက် စီးပွားရေးစနစ်မှာ အင်မတန်မှ အရေးကြီးတဲ့ ဥပဒေတစ်ရ ပ်ဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်းပဲ ကျွန်တော်တို့က အလေးထားပြီး ဆောင်ရွက်နေတဲ့ ဥပဒေဖြစ်ပါတယ်။ ကျွန်တော်တို့ အိ မ်နီးနားချင်းနိုင်ငံမှာ လာအိုလိုနိုင်ငံများမှာတောင် ဒီလိုဥပဒေတွေကို သေသေချာချာပြင်ဆင် ပြောင်းလဲပြီးတော့ ဆောင်ရွက်လျက်ရှိပါကြောင်း သိရှိရပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂမှာသည်ပင်လျှင် ဒီဥပဒေ တွေကို နှစ်စဉ် Review လုပ်ပြီးတော့ ပြန်လှန်ပြီး သုံးသပ်ရပါတယ်။ သုံးသပ်ပြီးတော့ ပြင်ဆင်စရာတွေကို သူတို့ပြင်ဆင်ဆောင်ရွက်ကြောင်းကိုလည်း ကျွန်တော်လေ့လာတွေ့ရှိရပါတယ်။ သို့အတွက်ကြောင့် ကျွန်တော်တို့ ဒီကုန်အမှတ်အသား ဥ ပဒေနဲ့ ပတ်သက်ပြီးတော့ Penalty ပြစ်ဒဏ်၊ ငွေဒဏ် ပြောင်းလဲခြင်းသာမကဒီအထဲဥပဒေတစ်ချို့ဟာတွေလည်း ခေတ်နဲ့လျော်ညီစွာ ပြောင်းလဲထားမယ်လို့ ကျွန်တော့်အနေနဲ့တော့ ယူဆပြီး ဆွေးနွေးခြင်းဖြစ် ပါတယ်။ နောက်တစ်ခုက ခုန ကျွန်တော်တို့ ရှေ့ပိုင်းမှာ ဆွေးနွေး သွားတဲ့ Tourism Industry ခရီးသွားလုပ်ငန်းတွေမှာလည်းပဲပါ တဲ့ ဒီအမှတ်အသားတံဆိပ်တွေ ဟာလည်းပဲ တစ်နည်း အားဖြင့် Trade Mark ကျွန်တော်တို့

ဒီခုနတုံးက ကုန်အမှတ်အသား ဥပဒေတွေနဲ့ အကျိုး ဝင်တဲ့ သဘောလည်းရှိပါတယ်။ ဒီဟာ ဒီနိုင်ငံတော်အတွက်လည်းဘဲ ဝင်ငွေ အများကြီးရရှိသလို အဲဒီကုန်သွယ်ရေးနဲ့ပတ်သက်ပြီးတော့ စီးပွားရေးနဲ့ ပတ်သက်ပြီးတော့ နိုင်ငံခြားက လာပြီးတော့ ရင်းနှီးမြှုပ်နှံတဲ့ Foreign Direct Investment ဒီကုမ္ပဏီတွေ ဒီပစ္စည်းတင်သွင်းတဲ့ ပုဂ္ဂိုလ်တွေအတွက်လည်း အင်မတန်မှ အကျိုးရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံအတွက်လည်း အင်မတန်မှ အကျိုးရှိတယ်ဆိုတာကို တင်ပြပြီးတော့ ထောက်ခံဆွေးနွေးလိုပါတယ်။ နောက်တစ်ခုကတော့ကျွန်တော် (ဃ)ကို ကျော်ပြီး ကျွန်တော်အနေနဲ့ တင်း၊ တောင်း ၊ စံ ပမာဏဆိုတဲ့ ဒီ Standardization ကျွန်တော်တို့ စံပမာဏ ဥပဒေ ဒါဟာလည်းပဲ ကျွန်တော် ဖတ်လိုက်တဲ့အခါ ကျတော့ တင်း ၊ တောင်း၊ စံ ဆိုတော့ ကျွန်တော်တို့ ဒီနေ့သွားနေတဲ့ စနစ်ဟာ နိုင်ငံခြားပို့ကုန် စနစ်သည် ပြည်တွင်းမှာတောင်မှ တ ချို့ Market တွေမှာ သုံးနေပ ါပြီ။ အလေးချိန်တွေဆိုရင်တော့ ကျွန်တော်တို့ ကီလိုဂရမ် ၊ ဂရမ် အနေနဲ့သုံးပါတယ်။

ဆက်လက်ပြီးတော့ အတိုင်းအတာတွေဆိုလည်း ကီလိုမီတာ ကျွန်တော် တို့ ဒီအခု နေပြည်တော်လမ်းမမှာပဲလာတဲ့အခါမှာ ကီလိုမီတာ ဘယ်လောက်လောက်နဲ့ မိုင်နှုန်း၊ ကီလိုမီတာ ဘယ်လောက်လောက်နဲ့မောင်းရမယ်၊ မိုင်နှုန်းအစား ဒီလိုကျွန်တော်တို့ ပြင်ဆင်ပြီးတော့ ဆောင်ရွက် လျက်ရှိပါတယ်၊ ဒါလည်းပဲ ကျွန်တော်တို့ အာဆီယံ မှာကောပဲ တစ်ကမ္ဘာလုံးမှာ ပြောင်းလဲပြီးတော့ ကျင့်သုံးနေတဲ့ စနစ်တွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ နောက် ဒီခေါင်းစဉ်နဲ့ကလည်းပဲ ဒီ တင်း၊ တောင်း၊ စံဆိုတာထက် ခုနတုန်းက အလေးချိန်နဲ့ တိုင်းတာမှု စံပမာဏစသည်အားဖြင့် ဒီလိုများ ပြောင်းလဲမှုများ ပြီးပြီလို့လည်း ယူဆပါတယ်။ ခုနတုံးက ပြောတဲ့ Penalty တွေမဟုတ် ဘဲနဲ့ ဒီဟာလေးတွေ ထည့်သွင်းစဉ်းစားရင် ပိုပြီးတော့ အဆင်ပြေမယ်ဆိုတဲ့အကြောင်း ကျွန်တော့် အနေနဲ့ ထောက်ခံရင်းနဲ့ ဆွေးနွေးလိုပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီဟာကို အခု ကျွန်တော်တင်ပြ ခဲ့တဲ့အခါကျတော့ အလေးချိန်ပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ Digital Age ရောက်ပါပြီ။ Digital Age ရောက်နေတဲ့ အခါကျတော့ Digital Measurement တွေနဲ့ သွားနေပေမယ့်လည်း Standardize လုပ်ထားတဲ့ စံဟာ ကုန်သွယ်ရေးမှာရှိတယ်။ ဒီစံနဲ့တူရမယ်။ ဒါမှမဟုတ် ဘယ်နေရာ မှာရှိတဲ့ ဒီစံနဲ့တူရမယ်ဆိုတာတွေလည်းပဲ ကျွန်တော်တို့ စီးပွားရေးဖွံ့ဖြိုးလတာနဲ့အမျှ နိုင်ငံတော်ရဲ့ စီးပွားရေးကို Market Economy ကိုသွားပြီးတော့ တိုးတက်နေတာနဲ့အမျှ အခုတဖြေးဖြေးနဲ့ ပြောင်းလဲနေတဲ့ ကျွန်တော်တို့ နိုင်ငံတော်နဲ့ တ စ်ပြေးညီ ဒီဟာလေးတွေ ထည့်သွင်းထားမယ်လို့

ကျွန်တော့်အနေနဲ့ယူဆရင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ ကျန်တဲ့လယ်ယာထွက်ကုန်ဈေးကွက် အက်ဥပဒေ၊ ဒါဟာလဲ Market Economy Oriented ဈေးကွက်စီးပွားရေးစနစ်နဲ့ဆိုရင်တော့ ဒီဥပဒေ အနေနဲ့လည်းပဲ မည်ကဲ့သို့ရှိမယ်ဆိုတာ ကျွန်တော့်အနေနဲ့ မသိပါဘူး။ သို့သော်လည်းပဲ ဒေါ်ရီရီမြင့် ကတော့ ခုနတုန်းကပြောတဲ့ ဒီဟာတွေနဲ့ မကိုက်ညီလို့ရှိရင် ဆောင်ရမယ့် ဒဏ်ကြေးကိုလည်းပဲ ပြောသွားတဲ့အတွက်ကြောင့်ကျွန်တော်အနေနဲ့ ဒီဟာလေးတွေလည်းဖယ်ပါမယ်လို့ယူဆပြီး ထောက်ခံ ဆွေးနွေးတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ၊** ။ မူလအဆိုနဲ့ပတ်သက်ပြီးလည်းကောင်း၊ ဒေါက်တာမြင့်ကြည် ရဲ့ ဆွေးနွေး ချက်နဲ့ပတ်သက်ပြီးလည်းကောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက ပြန်လည်ဖြေရှင်းဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊၁၁း၀၇။**

**ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)၊** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများခင်ဗျား။ စီးပွားရေးနှင် ့ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အနေနဲ့ အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးမှာ အခုလို ဆွေးနွေးတင်ပြခွင် ့ရတဲ့အတွက် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လက်ရှိစီးပွားကူးသန်းမှာ စီမံခန့်ခွဲ နေတဲ့ ဥပဒေဟာ အချို့ အင်္ဂလိပ်လိုပါတဲ့အတွ က်ကြောင့် သုံးစွဲခွင့်ပြုပါရန် မေတ္တာရပ်ခံ အပ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီမြင် ့မှ အဆိုပြု တင်ပြထားတဲ့ စီးပွားရေးနှင် ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများ ပယ်ဖျက်ရန်၊ ပြင်ဆင်ဖြည့်စွက်ရန်၊ ဆက်လက်ကျင့်သုံးရန် ဥပဒေများ အဆိုတင်သွင်းခြင်း အဆိုပြုချက်များအပေါ် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှာ လက်ရှိစီမံခန့်ခွဲနေတဲ့ဥပဒေ (၁၀)ခုရှိပါတယ်။ ဒီဥပဒေ များကတော့ (က)The Sale of Goods Act ကုန်ရောင်းခြင်းအက်ဥပဒေ၊ (ခ)၁၉၆၂ ခုနှစ်၊ ကောက်ပဲသီးနှံလယ်ယာ ခြံထွက်ပစ္စည်းဝယ်ယူမှု စည်းမျဉ်းသတ်မှတ်ရေး ဥပဒေ(ဂ) The Agricultural Produce Market Act လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေ (ဃ)The Control of Import and Export

Temporary Act (c) The Weight and Measure of Capacity Act ဆိုသောသမာဏရဲ့ အလေးချိန်များနှင့် အချိန်အတွ ယ်များဆိုင်ရာ အက်ဥပဒေ ၊ (စ) The Measure of Length Act အလျားတိုင်းတာခြင်း အက် ဥပဒေ၊ (ဆ) The Myanmar Merchandise Mark Act မြန်မာနိုင်ငံ ကုန်အမှတ်အသားများ အက်ဥပဒေ(ဇ)The Essential Supply and Service Act အရေးကြီးသော ကုန်ပစ္စည်းနှင့် ဆောင်ရွက်မှုမျာဆိုင်ရာ အက်ဥပဒေ(ဈ) The Measuring Basket Standardization Act တင်းတောင်းစံ ပမာဏ ကိုက်ညီစေခြင်းအက်ဥပ ဒေ၊ (ည) နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေ ဆိုပြီး(၁၀)ခုရှိပါတယ်။ ဥပဒေဆိုင်ရာ စီးပွားရေး ဆိုင်ရာ ဥပဒေ(၁၀)ရပ်ကို လေ့လာသုံးသပ်ခြင်း၊ သက်ဆိုင်တဲ့ အခြား ဝန်ကြီးဌာနများမှာ သဘော ထား တောင်းခံခြင်း၊ ဥပဒေပညာရှင်ကြီးများထံမှ အတည်ပြုချက်ရယူခြင်း၊ လေ့လာဆွေးနွေး ခြင်းများ ဆောင်ရွက်ခဲ့တဲ့နေရာမှာ ယနေ့ခေတ် အုပ်ချုပ်ရေးကိစ္စရပ်များ နဲ့လိုက်လျောညီထွေစွာ ဆက်လက်အကောင်အထည်ဖော် ကျင့်သုံးဆောင်ရွက်နိုင်ရေး တွေ့ရှိရပါသဖြင့် ဥပဒေ(၆)ရပ်ကို ပြင်ဆင်ခြင်းမပြုဘဲနဲ့ ဆက်လက်ထားရှိသင့်ပါကြောင်း တွေ့ရှိရပါ တယ်။ ယင်း ဥပဒေများ ကတော့ (က)The Sale of Goods Act ကုန်ရောင်းခြင်းအက်ဥပဒေ(ခ)၁၉၆၂ ခုနှစ်၊ ကောက်ပဲ သီးနှံ လယ်ယာခြံထွက်၊ ပစ္စည်းဝယ်ယူမှု စည်းမျဉ်းသတ်မှတ်ရေး ဥပဒေ (ဂ) The Agricultural Produce Market Act လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေ (ဃ)The Control of Import and Export Temporary Act (c) The Weight and Measure of Capacity Act ဆိုသောပမာဏရဲ့ အလေးချိ န်များနှင့် အချိန်အတွယ်များဆိုင်ရာ အက်ဥပဒေ (စ) The Measure of length Act အလျားတိုင်းတာခြင်း အက်ဥပဒေ တို့ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ စီးပွားရေးဆိုင်ရာ ဥပဒေ (၁၀)ရပ်အနက် ဥပဒေ (၃)ရပ်ဟာ ယနေ့ ခေတ်ကာလ အုပ်ချုပ်ရေး ကိစ္စရပ်များနဲ့ လိုက်လျောညီထွေစွာ ဆက်လက်အကောင်အ ထည်ဖော် ကျင့်သုံးနိုင်ကြောင်း တွေ့ရှိရသော်လည်း အဆိုပါ ဥပဒေများမှပါရှိတဲ့ ဒဏ်ငွေများဟာ ခေတ်နဲ့လျော်ညီသော ဒဏ်ငွေ များအဖြစ် ပြောင်းလဲချမှတ်နိုင်ရေးအတွက် ဥပဒေတစ်ရပ်ခြင်းအလိုက် ပြင်ဆင်ထားရှိရန် လိုအပ်ပါမည်။ ဒီ (၃)ခုကတော့(က) The Myanmar Merchandise Mart Act မြန်မာနိုင်ငံ ကုန်အမှတ်အသားများ အက်ဥပဒ (ခ) The Essential Supply and Service Act အရေးကြီးသော ကုန်ပစ္စည်းနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေ (ဂ)The Measuring Basket Standardization Act တင်း၊ တောင်း၊ စံပမာဏကိုက်ညီစေခြင်း အက်ဥပဒေ

ဖြစ်ပါတယ်။ စီးပွားရေးဆိုင်ရာ ဥပဒေ(၁၀)ရပ်အနက် နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေဟာ ခေတ်အခြေအနေနဲ့ လိုက်လျောညီထွေမှုမရှိခြင်းကြောင့် ဤဥပဒေဟာ ရုပ်သိမ်းသင့်ကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်ရီရီမြင့် ပြင် ဆင်ပြဋ္ဌာန်းရန် လိုအပ်သည်ဟု အဆို ပြုထားတဲ့ဥပဒေ(၄)ရပ်အနက် The Agriculture Produce Market Act လယ်ယာ ထွက်ကုန်ဈေးကွက်များအက်ဥပဒေဟာ ပြင်ဆင်ခြင်းထက် ဖြည့်စွက်အသုံးပြုခြင်းက ပိုမိုဆီလျော်ကြောင်း ဥပဒေပညာရှင်များရဲ့ အကြံပြုချက်အတိုင်း ဒေသအလိုက် ဖြစ်ပေါ် ဖွဲ့စည်းထားသော ကုန်စည်ဒိုင်များအသုံးပြုနိုင်ရန်အတွက် တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သောအမိန့်များနှင့်ညွှန်ကြားချက်များကို ဆက်လက်ထုတ်ပြန်ကျင့်သုံးနိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျန် ဥပဒေ (၃)ရပ်ဖြစ်တဲ့ The Myanmar Merchandise Mark Act မြန်မာနိုင်ငံကုန်အမှတ်အသားများ အက်ဥပဒေ၊ The Essential Supply and Service Act အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက် ဥပဒေနှင့် The Measuring Basket Standardization Act တင်းတောင်းစံပမာဏ ကိုက်ညှိခြင်းများအား ခေတ်နဲ့ လျော်ညီသော ပြစ်ဒဏ်နှင့် ဒဏ်ငွေများဖြစ်စေရေးအတွက် ဥပဒေတစ် ရပ်ခြင်းအလိုက် ပြင်ဆင်ဆောင်ရွက်သင့်ကြောင်းနဲ့ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေမှာ ခေတ်နှင့်ဆီလျော်မှုမရှိခြင်းကြောင့် ရုပ်သိမ်းသင့်ကြောင်းကို စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးရဲ့ ၂၃-၄-၂၀၀၉ ရက်စွဲပါစာအမှတ် စက ၂၇/၉/၂၀၀၉-၁၅၁ ဖြင့် ဝန်ကြီးချုပ်ရုံးကို တင်ပြခဲ့ပြီးတော့ ရှေ့နေချုပ်ရုံးကို မိတ္တူ ပေးပို့ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲသော ဥပဒေ (၁၀)ရပ် ဆက်လက်ထားရှိခြင်း၊ ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်းတို့နဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စု ဝန်ကြီးရုံးရဲ့ ၂-၈-၂၀၁၁ ရက်စွဲပါစာအမှတ်၊စက ၂၈/၂၇/၂၀၁၁-၁၀၂၅ ဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက်ပေးပို့ဆောင်ရွက်ထားပြီးဖြစ်ကြောင်းဆွေးနွေး တင်ပြအပ်ပါတယ် ခင်ဗျား။ အခုလို ဖြေကြားခွင့်ရတဲ့အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဧည့်သည့်တော်များကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

**အချိန်၊၁၃း၁၄။**

**ဥက္ကဋ္ဌ။** ။ဥပဒေတွေက အင်္ဂလိပ်စာသားနဲ့ဖြစ်နေတာပေါ့။ ကောင်းပါပြီ။ ဒီနေ့ရုံးသုံးစာဟာ မြန်မာစာဖြစ်တဲ့အတွက် အင်္ဂလိပ်ဘာသာရပ်နဲ့ ယခင်ကပြဋ္ဌာန်းထားတဲ့ ဥပဒေတွေနဲ့ မြန်မာဘာသာနဲ့ပြန်လည်ပြဋ္ဌာန်းဖို့တော့ လိုပါတယ်။ အဲဒီတော့ ရှေ့နေချုပ်ရုံးကို ပို့ထားတဲ့ ဥပဒေကြမ်းတွေနဲ့ ပတ်သက်လို့လည်း ဒီလွှတ်တော် Session မှာ မီရင် တင်လိုက်ဖို့ လိုပါတယ်။ ရက်ပေါင်း(၃၀)ဆိုတာကို ထည့်မတွက်ပါနဲ့။ အရေးကြီးရင် ကြီးသလိုပဲ ဆောင်ရွက်ပေးပါမယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျားမွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ရီရီမြင့်တင်သွင်းတဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှာ ပြင်ဆင်၊ ဖြည့်စွက်၊ ပြဋ္ဌာန်းသင့်သော (က) မြန်မာနိုင်ငံ ကုန်အမှတ်အသား ဥပဒေ (ခ) လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေ (ဂ) ၁၉၄၇ ခုနှစ် အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေ (ဃ) တင်း၊ တောင်း၊ စံပမာဏ အက်ဥပဒေ တို့ကို ပြင်ဆင်၊ ဖြည့်စွက်၊ ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်း ကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ် ရပ်၍ ဆန္ဒပြုတဲ့ နည်းလမ်းနဲ့ လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။ သဘော တူတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။ ထိုင်နိုင်ပါပြီ။

မတ်တတ်ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ (၄၀)ဦးနဲ့အထက်ရှိတဲ့အတွက် ဒေါ်ရီရီမြင့်ရဲ့အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)၏ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီး ဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပြင်ဆင် ၊ ဖြည့်စွက်၊ ပြဋ္ဌာန်းသင့်သော (က)The Myanmar Telegraph Act (1885)၊(ခ) The Myanmar Post Office Act (1898)၊(ဂ) The Myanmar Wireless Telegraphy Act (1933) တို့ကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဆင်က ပြန်လည် ဖြေရှင်းဆွေးနွေးခြင်းနှင့် အ မျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊၁၃း၁၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီမြင် ့တင်သွင်းတဲ့ ဆက်သွယ်ရေး ၊ စာတိုက်နှင် ့ကြေးနန်းဝန်ကြီးဌာနမှ စီမခံခန့်ခွဲသော ဥပဒေများမှ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းသင့်သော (က) The Myanmar Telegraph Act (1885) ၊ (ခ) The Myanmar Post Office Act(1898)၊ (ဂ) The Myanmar Wireless Telegraphy Act (1933) တို့ကို ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းရန်ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကိုဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်း ဆွေးနွေးနိုင်ပါတယ်။

**အချိန်၊၁၃း၁၅။**

**ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအုန်းဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီမြင့်က ဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းသင့်သော (က) The Myanmar Telegraph Act (1885) ၊ (ခ) The Myanmar Post Office Act(1898)၊ (ဂ) The Myanmar Wireless Telegraphy Act (1933) ဥပဒေတို့ကို ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတစ်ရပ် တင်သွင်းခဲ့ပါတယ်။ လွှတ်တော်

ကိုယ်စားလှယ် ဒေါ်ရီရီမြင့် တင်သွင်းပြီး တစ်ဆက်တည်းမှာပင် သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးက အဆိုပါ ပြင်ဆင်သင့်သည့် ဥပဒေများအား ဝန်ကြီးဌာနအနေဖြင့် သိရှိပြီး ဆောင်ရွက်ထားရှိမှု အခြေအနေတို့အား ဤလွှတ်တော်သို့ တင်ပြရှင်းလင်းခဲ့ပါသည်။ သို့ပါ၍ ဒေါ်ရီရီမြင့် တင်သွင်းခဲ့သည့် အဆိုအား အမျိုးသားလွှတ်တော်မှ မှတ်တမ်းတစ်ရပ်အနေဖြင့် ထားရှိသင့်ပါကြောင်း ထောက်ခံဆွေးနွေး တင်ပြသွားမည် ဖြစ်ပါတယ်ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော့်ရဲ့ ဆွေးနွေးတင်ပြမှုမှာ အင်္ဂလိပ်ဝေါဟာရများ ပါရှိနေသောကြောင့် ဖတ်ကြားခွင့်ပေးပါရန် ပန်ကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါသည်။

**ဦးစောအုန်းမွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)**။ ။လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီမြင့်မှ ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပြင်ဆင် ဖြည့်စွက်ပြဋ္ဌာန်းသင့်သော(က) The Myanmar Telegraph Act (1885)၊ (ခ)The Myanmar Post Office Act(1898)၊(ဂ) The Myanmar Wireless Telegraphy Act (1933) တို့ကို ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတစ်ရပ်က တင်သွင်းခဲ့ပါသည်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီနေ့ အချိန်အခါတွင် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနအသီးသီးတွင် စီမံခန့်ခွဲလျက်ရှိသည့် ဥပဒေများတွင် လက်ရှိအချိန်အခါနှင့် မကိုက်ညီမဆီလျော်သည့် အချို့သောဥပဒေများအား ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းရန် အမှန်တကယ်ပင် လိုအပ်လျက် ရှိပါတယ်ခင်ဗျာ။ ထို့ကြောင့် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီမြင့်မှ ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီး ဌာနမှ စီမံခန့်ခွဲသောဥပဒေများမှ ပြင်ဆင်ပြဋ္ဌာန်းသင့်သောဥပဒေ(က)(ခ)(ဂ)သုံးရပ်အား ပြင်ဆင်၊ ဖြည့်စွက်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုမှာ လွန်စွာမှပင် လျော်ကန်သင့်မြတ် ထောက်ခံရမည့် အဆိုတစ်ရပ်ဖြစ်ပါသည် ခင်ဗျား။ သို့ရာတွင် ၎င်းအဆိုနှင့် စပ်လျဉ်း၍ ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ဤလွှတ်တော်၌ အဆိုပါပြင်ဆင်ဖြည့်စွက်သင့်သည့် ဥပဒေများအား ပြင်ဆင် ဖြည့်စွက်ပြီးဖြစ်၍ ဥပဒေကြမ်းအား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ပင် တင်ထားပြီးဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်

များအား ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ ဥပဒေ(၃)ရပ်နှင်စပ်လျဥ်း၍ ပြင်ဆင် ဖြည့်စွက်ပြဌာန်းရန် အမျိုးသားလွှတ်တော်မှ ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းရန်ပင် မလိုအပ် တော့ကြောင်း ထင်မြင်ယူဆပါသည် ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များ ခင်ဗျား။ အမျိုးသားလွှတ်တော်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ၎င်းက တာဝန်ပေး သည့် ပုဂ္ဂိုလ်တစ်ဦးဦးက ပြင်ဆင်ဖြည့်စွက်ပြီး ဖြစ်သည့်အဆိုပါ ဥပဒေကြမ်းအား ဤလွှတ်တော် သို့ ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းလာသည့် အခါမှသာ ထပ်မံပြင်ဆင်ခြင်း ထောက်ခံခြင်း အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သို့ပါ၍ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီမြင့် တင်သွင်းခဲ့သည့် ဆက်သွယ်ရေး စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပြင်ဆင်၊ ဖြည့်စွက် ပြဌာန်း သင့်သော (က)(ခ)(ဂ)အမှတ်များပါ ဥပဒေတို့ကို ပြင်ဆင်ဖြည့်စွက် ပြဌာန်းရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုအား အမျိုးသားလွှတ်တော်မှ မှတ်တမ်းတစ်ရပ်အနေဖြင့် လက်ခံပေးပါကြောင်း ထောက်ခံဆွေးနွေး တင်ပြအပ်ပါသည် ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုတစ်ရပ်နဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်ပြီးစီးခြင်းမရှိသေးတဲ့ အတွက် တိုက်တွန်းကြောင်းအဆိုအနေနဲ့ပဲ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ဟုတ်ကဲ့ လိုက်နာပါမယ်။

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ**။ ။အဆိုနဲ့စပ်လျဥ်းပြီး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းစဥ် ရှင်းလင်းဖြေကြားပြီးဖြစ်ပါတယ်၊ ယခုထပ်မံဆွေးနွေးဖို့ ရှိလို့ရှိရင် ဆောင်ရွက်နိုင်ပါတယ်။

**အချိန်၊ ၁၃း၂၀။**

**ဦးသိန်းထွန်း(ပြည်ထောင်စုဝန်ကြီးဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးမင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ဖြစ်ပါတယ်။ မနေ့က ဒေါ်ရီရီမြင့် တင်ပြခဲ့တဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ အနည်းငယ်ထပ်မံရှင်းလင်း တင်ပြလိုပါ

တယ်။ ဒီလိုရှင်းလင်းတင်ပြရာမှာအင်္ဂလိပ်လိုရော ကျွန်တော်တို့ ခုနစ်တွေပါတဲ့အတွက် အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှ ကျွန်တော့်အားဖတ်ကြား ခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ် ။

**ဦးသိန်းထွန်း( ပြည်ထောင်စုဝန်ကြီးဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန)။** ။ ဒေါ်ရီရီမြင့်တင်ပြတဲ့ (က) The Myanmar Telegraph Act (1885)၊ (ခ) The Myanmar Post Office Act(1898)၊ (ဂ) The Myanmar Wireless Telegraphy Act (1933) နဲ့ပတ်သက် ပြီးတော့ လေ့လာတဲ့အခါမှာ ကျွန်တော်လည်း ဒါကိုရှာဖွေပြီးတော့ ယူလာတဲ့အခါမှာ ဒီတစ်စိတ် တစ်လေ ကျွန်တော်တို့ British လက်ထက်က တံဆိပ်ပဲရှိပါသေးတယ်။ ထို့အတူပဲ အားလုံးဟာလဲ ကျွန်တော်တို့ အင်္ဂလိပ်လိုရေးထားတာ ဖြစ်ပြီးတော့ ဒီထဲမှာကျွန်တော်တို့ Telegraph ဆိုတာ တကယ်တော့ မြန်မာလိုပြန်မယ်ဆိုရင် ကြေးနန်းပဲရှိပါတယ်။ ယခင်တုန်းက ကျွန်တော်တို့ ဒီဌာနကိုလဲ စာတိုက်နဲ့ကြေးနန်း ဆိုပြီးတော့ ခေါ်တယ်။ ဆက်သွယ်ရေးဆိုတဲ့ စကားရပ်တောင်မှ မပါသေးပါဘူး။ ဒီနေ့ ပြောဆိုသုံးစွဲနေကြတဲ့ Telephone တို့ FAX တို့ Computer တို့ IT တို့ Internet တို့ Software တို့ Hardware တို့ စတဲ့ ကျွန်တော်တို့ အင်မတန်ကျယ်ပြန့်တဲ့ ဒီလုပ်ငန်းစဉ်တွေတောင် ဒီမှာမပါသေးတာကို တွေ့ရှိရပါတယ်။ အဲဒီခေတ်အဲဒီအခါတုန်းကလဲ ဒီကိစ္စတွေဟာကျွန်တော်တို့မပေါ်ပေါက်သေးပါဘူး။ဒါကြောင့်(က) The Myanmar Telegraph Act (1885) ၊ (ခ) The Myanmar Post Office Act(1898)၊ (ဂ) The Myanmar Wireless Telegraphy Act (1933) တို့ဟာ ကျွန်တော်တို့ ပြောရမယ်ဆိုရင် တစ်ခုချင်းလိုက်ပြီး ပြင်ဆင် နေမယ်ဆိုရင် ဒီရှေ့ကဟာနဲ့ နောက်ကဟာနဲ့ အချို့ဟာတွေမှာယှပ်စပ်မှုမရှိတာရှိသလို ခေတ်နဲ့လဲ တစ်ချို့မလျော်ညီတဲ့ဟာတွေဖြစ်မှာဖြစ်ပါတယ်။အဲဒါကြောင့်ကျွန်တော်တို့အနေနဲ့The Myanmar Wireless Telegraphy Act (1933)ရဲ့ နောက်ရဲ့ The Myanmar Telegraph Act (1885) ရယ်ကို ပေါင်းပြီးတော့မှ ကျွန်တော်တို့ Telecom Law ဆိုပြီးတော့ ကျွန်တော်တို့ ဆက်သွယ်ရေး ဥပဒေဆိုပြီးတော့ ဒီလိုကျွန်တော်တို့ ဆောင်ရွက်ပြီးတော့ ဆွေးနွေးပြင်ဆင်လျက်ရှိတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ကျွန်တော်တို့သိရှိရသရွေ့ပြောရမယ်ဆိုလို့ရှိရင်ဒါ India Act ကနေလာတာ ဆိုတော့ အိန္ဒိယနိုင်ငံမှာလည်းပဲ ဒီကိစ္စကို ၂၀၀၆ က ဒါကိုစတင်ပြီးတော့ ပြင်ဆင်ရေးဆွဲ နေတယ်လို့ ကျွန်တော်တို့စုံစမ်းသိရှိရပါတယ်။ The Myanmar Telegraph Act (1885) နဲ့ The Myanmar Wireless Telegraphy Act (1933) ဒီဥပဒေကို ပြင်ဆင်သင့်တယ်ဆိုတဲ့

ဟာလည်း ကျိုးကြောင်းတင်ပြရမယ်ဆိုလို့ရှိရင်ဒီမှာကျွန်တော်တို့ ထည့်သွင်းစဉ်းစားရမယ့်အချက်တွေရှိပါတယ်။ လက်ရှိကမ္ဘာမှာ နိုင်ငံတွေဟာ ဆက်သွယ်ရေးကဏ္ဍမှာ ကျွန်တော်တို့ ပုဂ္ဂလိကကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ပူးပေါင်းဆောင်ရွက်စေပြီးတော့မှ တရားမျှတတဲ့ ယှဉ်ပြိုင်စေမှုဖြင့် ကျွန်တော်တို့တယ်လီဖုန်း ဆက်သွယ်ရေးကဏ္ဍနဲ့ IT နည်းပညာကဏ္ဍ ကနေပြီးတော့ နိုင်ငံတော်ရဲ့ ဝင်ငွေ ပြည်သူပြည်သားတွေရဲ့ဝင်ငွေ လုပ်ငန်းရှင်တွေရဲ့ဝင်ငွေစသဖြင့် အဲဒါတွေကိုတိုးတက်အောင် ဆောင်ရွက်နေတာ တွေ့ရှိပါတယ်။ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံတွေမှာလည်း ပုဂ္ဂလိကကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်စေတဲ့အတွက် သူတို့ရဲ့ တယ်လီဖုန်းသိပ်သည်းဆ Teledensity ဟာလည်းပဲ လျှင်မြန်စွာတိုးတက်လာပြီးတော့ ဒီနိုင်ငံတော်ပိုင်းနဲ့ ပုဂ္ဂလိကပိုင်းရဲ့ ဝင်ငွေဟာလည်းပဲ မြင့်မြင့်မားမား ဖြစ်ပေါ်လာတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဒေါ်ရီရီမြင့် တင်ပြခဲ့တဲ့ဟာနဲ့ ပတ်သက်ပြီးတော့ ဒီဥပဒေ မူကြမ်းကို ကျွန်တော်တို့ဟာ The Myanmar Telegraph Act၊ The Myanmar Wireless Telegraphy Act ကို အပိုဒ်ကလေးတွေ အပိုဒ်ကလေးတွေကို ကျွန်တော်တို့ ပြင်ဆင်ရုံပဲ မဟုတ်ဘဲနဲ့ ဒီဟာကို ကျွန်တော်တို့ခေတ်နဲ့လျော်ညီတဲ့ ဒီနည်းပညာတွေပါ ထည့်သွင်းစဉ်းစား ပြီးတော့ ပုဂ္ဂလိကကဏ္ဍ ကျွန်တော်တို့ နိုင်ငံတော်ကဏ္ဍ အားလုံးပါဝင်ပူးပေါင်းပြီးတော့မှ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားပြီးတော့ ရေးဆွဲသွားရမှာ ဖြစ်ကြောင်းတင်ပြလိုပါတယ်။ ထို့အတူပဲ The Myanmar Post Office Act (1898) ဒီဥပဒေဟာလည်း လက်ရှိအခြေအနေနဲ့ ကိုက်ညီမှုမရှိဘူးလို့ ဒေါ်ရီရီမြင့် ထောက်ပြသွားတာကို တွေ့ရှိရပါတယ်။ မှန်ပါတယ်ခင်ဗျား။ အဲဒီဥပဒေကိုကြည့်လိုက်တဲ့အခါကျတော့လည်းမည်သူမဆိုကစပြီးတော့ဒီဟာကိုဖောက်ဖျက်တယ် ဆိုလို့ရှိရင် ဒဏ်ငွေ ရူပီ (၅၀) ဆိုပြီးတော့ ဒဏ်ငွေပင်လျှင် ကျွန်တော်တို့ ကျပ် ဆိုတဲ့ဟာနဲ့ ထည့်သွင်းထားခြင်း မရှိဘဲနဲ့ ရူပီ(၅၀)ဆိုတဲ့ဟာကို ထည့်သွင်းထားတဲ့အတွက် ဒါလည်းပဲ ကျွန်တော်တို့ ဒီခေတ်နဲ့အညီ ပြုပြင်ရေးဆွဲဖို့ လိုအပ်နေတယ်ဆိုတဲ့ဟာကို ကျွန်တော် တင်ပြလိုပါ တယ်။ ဒါ့အပြင် နိုင်ငံတကာဟာတိုးတက်ဖြစ်ပေါ် ပြောင်းလဲနေတဲ့စာပို့တိုက်လုပ်ငန်း၊ကျွန်တော်တို့ နည်းပညာဆိုင်ရာ စံချိန်စံညွှန်းတွေ၊ နှုန်းထားတွေ ဒါတွေလည်း လိုက်လျောညီထွေမှုမရှိတော့ တာကို ကျွန်တော်တို့စိစစ် တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် နိုင်ငံတကာ စာပို့ခနှုန်းထားတွေကို ကျွန်တော်တို့ လေ့လာကြည့်တဲ့အခါမှာ ပြင်သစ်နိုင်ငံမှာ ပြည်တွင်းရိုးရိုးစာပို့ခ တစ်စောင်ကို (၀.၅)ယူရို မြန်မာငွေအားဖြင့်ဆိုရင် ယခုဈေးနဲ့ဆိုရင် (၂၃၉)ကျပ်လောက် ရှိပါတယ်။ ဂျပန်မှာ

ဆိုရင် ပြည်တွင်းရိုးရိုးစာပို့ခ တစ်စောင်ကို (၀.၇၆) အမေရိကန်ဒေါ်လာနဲ့ မြန်မာငွေအားဖြင့် (၆၅၀) လောက် ပြည်ပရိုးရိုးတစ်စောင်ကို (၀.၈၆) မြန်မာငွေအားဖြင့် (၇၃၀)ကျပ် လောက် စသည်အားဖြင့် အိမ်နီးချင်း ထိုင်းမှာဆိုလို့ရှိရင် စာပို့ခတစ်စောင်ကို(၀.၃၂)အမေရိကန်ဒေါ်လာ၊ မြန်မာငွေ (၂၇၁)ကျပ်၊ ပြည်ပရိုးရိုးစာပို့ဆာတ်စောင်ကို(၀.၆၇) မြန်မာငွေ(၅၇၂)ကျပ်၊ စင်ကာပူမှာ ရိုးရိုးစာပို့ခတစ်စောင်ကို (၀.၂၇) အမေရိကန်ဒေါ်လာ၊ မြန်မာငွေ(၂၃၀)ကျပ်၊ ပြည်ပရိုးရိုး စာပို့ခ တစ်စောင်ကို (၀.၅၁) အမေရိကန်ဒေါ်လာ ၊ မြန်မာငွေ (၄၃၀)ကျပ် စသည်စသည်အားဖြင့် အိမ်နီးချင်းနိုင်ငံတွေမှာ အိန္ဒိယနိုင်ငံမှာပင်လျှင် ရိုးရိုးစာပို့ခ တစ်စောင်ကို ယခု အမေရိကန် ဒေါ်လာ((၀.၁၃)၊ မြန်မာငွေ (၁၀၇)ကျပ်၊ ပြည်ပရိုးရိုးစာပို့ခ တစ်စောင်ကို (၀.၅) အမေရိကန် ဒေါ်လာ၊ မြန်မာငွေ(၄၂၇)ကျပ် စသည်ဖြင့် သတ်မှတ်ကောက်ခံလျက်ရှိကြောင်း လေ့လာတွေ့ရှိ ရပါတယ်။ ကျွန်တော်တို့ဆီမှာ စာပို့ခနှုန်းထားအနေဖြင့် ကျွန်တော်တို့ နိုင်ငံမှာ ယခုအချိန်အထိ ပြည်တွင်းရိုးရိုးစာပို့ခတစ်စောင် စာပို့ခနှုန်းထားကို (၂)ကျပ်ဖြင့်သာ သတ်မှတ်ထားပါသေးတယ်။ ဒီစာတစ်စောင်ကို ကျွန်တော်တို့ စာတိုက်ပုံးထဲထည့်လိုက်တဲ့ အချိန်ကစပြီးတော့ လက်ခံသူထံ ရောက်ရှိသွားဖို့ ဆောင်ရွက်ရတဲ့ Operating ပေါ့။ စာပို့သမားက သွားပို့မယ်။ ကျွန်တော်တို့ စာတွေကို ရထားနဲ့သယ်မယ်။ ကားနဲ့သယ်မယ် စသည်ဖြင့် ဒီ Operating Cost ဟာ (၆၀)ကျပ် ကျသင့်ပါတယ်။ ဒီအတွက် (၅၈) ကျပ်ကို စာတစ်စောင်တိုင်း စာတစ်စောင်တိုင်းမှာ နိုင်ငံတော်က နေပြီးတော့ ကျွန်တော်တို့ စိုက်ထုတ်သုံးစွဲရလေ့ရှိပါတယ်။ ထို့အတူပဲ လက်ရှိပြည်ပကို ရိုးရိုးစာပို့ခ တစ်စောင်ဟာစာပို့ခနှုန်းထားကျွန်တော့်တို့ဆီမှာ (၃၀)ကျပ်ပဲ သတ်မှတ်ကောက်ခံလျက် ရှိပါတယ်။ ဒီစာတစ်စောင် နိုင်ငံခြားမှာရှိတဲ့ လက်ခံသူထံရောက်ရှိသွားရအောင် ကျွန်တော်တို့ ဝန်ကြီးဌာနက ဆောင်ရွက်ရတဲ့ Operating Cost က(၃၂၅)ကျပ် ဖြစ်တဲ့အတွက် (၂၉၅) ကျပ်ဟာ နိုင်ငံတော် ကနေပြီးတော့ စိုက်ထုတ်သုံးစွဲနေရပါတယ်။ နိုင်ငံတော်အနေဖြင့် စာပို့တိုက် လုပ်ငန်းအတွက် တစ်နှစ်မှာ ကျပ်သန်းပေါင်း(၃၄၃၃)သန်းခန့် တစ်နည်းအားဖြင့် (၃.၄၃၃) ဘီလီယံခန့် အကုန်အကျခံစိုက်ထုတ် သုံးစွဲလျက်ရှိကြောင်း သိရှိအသိပေးအပ်ပါတယ်။ ဒါ့ကြောင့် ခေတ်နှင့် မလျော်ညီတော့တဲ့ စာပို့ခနှုန်းထားများကိုလည်း ပြင်ဆင်သွားဖို့ စဉ်းစားဆောင်ရွက် သင့်တဲ့ အကြောင်းကို ဥပဒေပြုတဲ့အခါမှာ စဉ်းစားဆောင်ရွက်သင့်ပါကြောင်း ကျွန်တော်အကြံပြု လိုပါ တယ်။ ထို့အတူပဲ The MyanmarWireless Telegraphy Act(1933) သည်လည်းပဲ ပုဒ်မ ၁၁ ခုရှိပြီးတော့ ပြဋ္ဌာန်းထားတဲ့ ပြစ်ဒဏ်ငွေ၊ ဒါတွေဟာ ခုနကပြောတဲ့ လက်ရှိခေတ်နဲ့

မကိုက်ညီတော့တဲ့အတွက် ဆက်သွယ်ရေး ဥပဒေသစ်ဖြင့် ပြင်ဆင်ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ ကြေးနန်းစာပို့ခ နှုန်းထားဟာ အခုအချိန်ထိ (၁၅)ပြားပဲဖြစ်ပါတယ်။ တစ်လုံးကို ကျွန်တော်တို့ (၁၅)ပြားပဲ ဖြစ်ပါတယ်။ အဲဒီကြေးနန်းစာတစ်လုံး လက်ခံသူဆီကို ရောက်သွားဖို့အတွက် နိုင်ငံတော်ကနေပြီးတော့ (၂)ကျပ်နဲ့(၁၃)ပြား ကျွန်တော်တို့ စိုက်ထုတ်သုံးစွဲ ရပါတယ်။ ဒါကြောင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနမှ ကျင့်သုံးလျှက်ရှိတဲ့ ကျွန်တော်တို့ သုံးစွဲလျှက်ရှိတဲ့ ဥပဒေများဖြစ်တဲ့ The Myanmar Telegraph Act (1885) The Myanmar Wireless Telegraphy Act (1933) တို့ဟာ လက်ရှိဖြစ်ပေါ်နေတဲ့ခေတ်နဲ့ ကျွန်တော်တို့ ကိုက်ညီမှုမရှိတော့တဲ့အတွက် လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေနဲ့ ကိုက်ညီတဲ့ ဥပဒေများအဖြစ် ကျယ်ကျယ်ပြန့်ပြန့်စဥ်းစားပြီးတော့မူကြမ်းကိုကျွန်တော်တို့ဆက်လက်ဆောင်ရွက် သွားမှာတယ်လို့ တင်ပြပါတယ်။ထို့အတူပဲ The Myanmar Post Office Act (1898) ကိုလည်းပဲ ခေတ်နဲ့ညီအောင် ပြုပြင်ရေးဆွဲရန် လိုအပ်တဲ့အကြောင်းကို ဆွေးနွေးတင်ပြတာကို ကျွန်တော့် အနေနဲ့ သဘောပေါက်ပြီးတော့ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ယခုလို ကျွန်တော်တို့ဝန်ကြီး ဌာနမှာ ကျင့်သုံးတဲ့ အင်မတန်ရှည်ကြာလှပြီးဖြစ်တဲ့ ဥပဒေများကို ခက်ခက်ခဲခဲ ရှာဖွေဆွေးနွေး အဆိုပြုတင်ပြသွားတဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီမြင့်ကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ထို့အတူပဲ ကျွန်တော်အား ယခုကဲ့သို့ ဆွေးနွေးခွင့် တင်ပြခွင့်ပြုတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးကိုလည်း အထူးပင် ကျေးဇူး တင်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။

**အချိန်၊၁၃း၃၀။**

**ဥက္ကဋ္ဌ။** ။ အဆိုမှာဖေါ်ပြထားတဲ့ ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းဆိုတဲ့ စကားရပ်မှာ အသစ်ပြဋ္ဌာန်းခြင်းလဲ အကျုံးဝင်ပါတယ်။ အဆိုနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ရဲ့သဘောထား ရယူမှာဖြစ်ပါတယ်။ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ စီမံခန့်ခွဲသောဥပဒေများ မှ ပြင်ဆင်၊ ဖြည့်စွက်၊ ပြဋ္ဌာန်းသင့်သော (က)The Myanmar Telegraph Act (1885)(ခ) The Myanmar Post Office Act (1898)(ဂ) The Myanmar Wireless Telegraphy Act (1933) တို့ကို ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ မတ်တတ်ရပ်ပြီး ဆန္ဒယူဖို့လိုပါသေးသလားခင်ဗျား။

**လွှတ်တော်ကိုယ်စားလှယ်များ။** ။ မလိုပါဘူးခင်ဗျာ။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးခက်ထိန်နန်၊ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)၏ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်တွင် ကျောက်စိမ်း၊ ကျောက်မျက်များကို ထိန်းသိမ်း၍ ရေရှည်စနစ်တကျတူးဖော် ထုတ်လုပ်ရေး အတွက် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကိုလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်း နှင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၃း၃၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်တင်သွင်းတဲ့ကချင်ပြည်နယ်ဖားကန့်မြို့နယ်တွင်ကျောက်စိမ်း၊ ကျောက်မျက်များကိုထိန်းသိမ်း၍ ရေရှည်စနစ်တကျ တူးဖော်ထုတ်လုပ်ရေးအတွက် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက အမည် စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဦးမြအုန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၂။**

**ဦးမြအုန်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသောအမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်ထောင်စု အဖွဲ့ဝင်ဝန်ကြီးများ ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၈)မှ အမျိုးသားလွှတ်တော် ဖားကန့် မြို့နယ်မှ ကိုယ်စားလှယ် ဦးမြအုန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ကိုယ်စားလှယ် ဦးခက်ထိန်နန် တင်သွင်းထားတဲ့ ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ကျောက်စိမ်း ကျောက်မျက်များကို ထိန်းသိမ်း၍ ရေရှည်စနစ်တကျ တူးဖော်ထုတ်လုပ်ရေး အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဖားကန့်ဒေသဆိုရင် ကျောက်စိမ်း

ထွက်ရှိရာဒေသအဖြစ် ကမ္ဘာကလည်းသိ မြန်မာကလည်းသိတဲ့ ဒေသဖြစ်ပါတယ်။ ဒေသအတွင်းမှာ ပကတိ ဖြစ်ပေါ်နေတဲ့ အခြေအနေများနဲ့ ဆက်စပ်ပြီးတော့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကျောက်မျက်ရတနာအရင်းအမြစ်များ ပေါများကြွယ်ဝတာကို ရှေးအစဉ်အလာကပင် ကမ္ဘာကသိရှိပြီးတော့ ကျော်ကြားထင်ရှားခဲ့ပါတယ်။ အထူးသဖြင့် မြန်မာ့ကျောက်စိမ်း၊ ပတ္တမြားနှင့် နီလာစသော တန်ဖိုးကြီးရတနာများဟာ အရည်အသွေးအရလည်းကောင်း၊ ထွက်ရှိတဲ့ ပမာဏနှင့် ရတနာသိုက်အရွယ်အစားအရလည်းကောင်း၊ ကမ္ဘာမှာကျော်ကြားလျက်ရှိပါတယ်။ ဘူမိဗေဒပညာရှင်တစ်ဦးရဲ့ သုတေသနပြုချက်အရ နောက်ဆုံးပေါ်အဆင့်မြင့် ဘူမိဗေဒနည်းပညာဖြင့် လေ့လာရှာဖွေတဲ့နေရာမှာ မိုးကုတ်နယ်မြေမှာ ပတ္တမြားကျောက်ကျောနဲ့ ပတ္တမြားပြုန်းတောကြီး အမြောက်အမြားရှိကြောင်း၊ အဲဒီလိုပဲ ဖားကန့်မြို့နယ်တွင်လည်း ကျောက်စိမ်းကုဋ္ဌေတောကြီး တည်ရှိဆဲဖြစ်ကြောင်း သိရှိရပါတယ်။ ထူးခြားတဲ့ ဘူမိဖြစ်စဉ်အရ အရည်အသွေးကောင်းမွန်သောကျောက်စိမ်းများကို ကမ္ဘာပေါ်မှာမြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင်သာ ပေါများစွာတွေ့ရှိရခြင်း ဖြစ်ပါတယ်။ အဲဒီလို ကျောက်စိမ်းကုဋ္ဌေတောကြီးများ တည်ရှိခြင်းမှာ လွန်ခဲ့သောနှစ်ပေါင်းသန်းပေါင်းများစွာဘူမိဗေဒဖြစ်စဉ်အရဖြစ်ထွန်းလာရခြင်းဖြစ်ပါတယ်။အဆိုပါကျောက်စိမ်းတောကြီးများ အသစ်ထပ်မံပေါ်ပေါက်လာရေးမှာ အချိန်နှစ်သန်းပေါင်းများစွာကြာမြင့်မှသာ ဖြစ်လာနိုင်ကြောင်း တွက်ဆ၍ရနိုင်ပါသဖြင့် ယခုလက်ရှိ ပိုင်ဆိုင်ရရှိထားသော မြန်မာ့သဘာဝသယံဇာတများကို ထိန်းသိမ်း၍ ရေရှည်စနစ်တကျတူးဖော် ထုတ်လုပ်နိုင်မှသာ အနာဂတ်ကာလတိုင်အောင် နိုင်ငံနှင့်နိုင်ငံသား မျိုးဆက်များအတွက် အကျိုးကျေးဇူးပြုနိုင်မှာ ဖြစ်ပါတယ်။ အခြားတစ်ဖက်မှာလဲ ဒီနေ့ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများကြောင့် နိုင်ငံအချို့မှာ အင်အားပြင်းထန်တဲ့ ငလျင်များလှုပ်ခြင်း၊ ဆူနာမီရေလှိုင်းကြီးများ တက်ရောက်လာခြင်း၊ မီးတောင်များပေါက်ကွဲခြင်း၊ ပြင်းထန်တဲ့မုန်တိုင်းများကျရောက်ခြင်း၊ တောမီးများလောင်ခြင်း၊ ရေကြီးနစ်မြုပ်ခြင်း၊ မြေပြိုခြင်းစသည့် ဖြစ်ပွားမှုဟာ လူသားများ၏ အသက်အိုးအိမ်စည်းစိမ်များကိုပါ ကမ္ဘာနှင့်တစ်ဝန်းလုံးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက် ရှိပါတယ်။ ဖားကန့်မြို့နယ်မှာ ကျောက်စိမ်းကျောက်ကွက်တူးဖော်ထုတ်လုပ်တဲ့ လုပ်ငန်းခွင်ကနေပြီးတော့ စွန့်ပစ်လိုက်တဲ့ မြေစာများကြောင့် ဥရုချောင်းအတွင်း ရေလမ်းကြောင်း ပိတ်ဆို့မှုများဖြစ်ပြီး ရေစီးရေလာကောင်းမွန်ခြင်း မရှိတဲ့အတွက် မြေထိန်းခြင်း လုပ်ငန်းများ၊ ရေစီးရေလာကောင်းမွန်ခြင်းလုပ်ငန်းများကို လုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသော်လည်း လုပ်ငန်းဆောင်ရွက်မှု ပမာဏ ၄၅ ရာခိုင်နှုန်းသာ ရှိပါတယ်။

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်က ဖားကန့်မြို့နယ်၊ ဥရုချောင်းဖျား။ ကံစီး၊ ဟောင်းပါးရွာတွေမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လုံးခင်း၊ ဖားကန့်ဒေသတွေမှာ မိုးကြီးကြပါတယ်။ လူနေအိမ် အမြောက်အမြားရေမျောနစ်မြုပ်ခဲ့ရပါတယ်။ ဇွန်လ ၃၀ ရက်နေ့ကလည်း ထပ်မံပြီးတော့ ရေကြီးခြင်း၊ ရေမြုပ်ခဲ့ခြင်းများ ပေါ်ပေါက်ခဲ့ရပါတယ်။ ဖားကန့်မြို့နယ်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု အားနည်းလျက်ရှိခြင်းကြောင့် နှစ်စဉ်ဘေးကြီးမှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ဖားကန့်မြို့ရဲ့ ဥရုချောင်း တစ်လျှောက်ရှိနေတဲ့ မြို့ပေါ်ရပ်ကွက်များ လုံးခင်း ဒေသ၊ ဟောင်းပါးဒေသများမှာဆိုရင် မိုးတွင်း ကာလမှာရေကြီးခြင်း၊ အိမ်များနစ်မြုပ်ခြင်းစတဲ့ သဘာဝဘေးအန္တရာယ်များကို ခံစားနေရပါတယ်၊ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်ရှိ သစ်တောများပြုန်းတီးမှုအများဆုံး နိုင်ငံများမှာပါဝင်လျက်ရှိပြီးတော့ ၂၀၀၅ ခုနှစ်ကနေပြီးတော့ ၂၀၁၀ ပြည့်နှစ်အထိ သစ်တောမြေ ဟတ်တာပေါင်း (၄၆၆၀၀၀) ပျက်စီး ဆုံးရှုံးခဲ့ရကြောင်း၊ ၁၉၇၅ ခုနှစ်မှာ သစ်တောမြေဟာ နိုင်ငံဧရိယာရဲ့၆၀.၉ ရာခိုင်နှုန်း ရှိသော်လည်း ၂၀၁၀ ပြည့်နှစ်တွင် ၄၆.၉၆ ရာခိုင်နှုန်း သာရှိသောကြောင့် သဘာ ဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စစ်တမ်းများမှာ ဖော်ပြထားတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ယခုအခါမှာ ရွှေတူးဖော်ခြင်းနဲ့ ကျောက်မျက်တူးဖော်မှုများကြောင့် ပျက်စီးနေတဲ့သဘာဝပတ်ဝန်းကျင် ပြန်လည်ပြုပြင်ရေးအတွက် သက်ဆိုင်ရာ ကျောက်မျက်လုပ်ငန်းရှင်များအသင်းက ဖားကန့်မြို့ နယ်မှာ သဘာ ဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ဆောင်ပေးနေသော်လည်း လုပ်ငန်းလုပ်ဆောင်မှုဟာ အားနည်းလျက်ရှိပါတယ်။ ဥရုချောင်းနှစ်စဉ် မိုးရာသီအတွင်းမှာ ရေလွှမ်းမိုးမှု မဖြစ်စေရေး အတွက် ရေစီးရေလာကောင်းမွန်အောင် ဖားကန့်မြို့နယ်မှာရှိကြတဲ့ ဟောင်းပါးကျေးရွာအုပ်စု၊ ဖားကန့်အစရှိတဲ့ဥရုချောင်း တစ်လျှောက်ရှိတဲ့ ကျေးရွာများမှာ သဲနုန်းများကို စက်ယန္တရားကြီးများနဲ့ တူးဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျောက်မျက်တူးဖော်ရာမှ ထွက်ရှိလာတဲ့ စုပုံထားတဲ့ မြေစာများ တောင်ပုံရာပုံ ဖြစ်လာပြီးတော့ မိုးရွာသွန်းမှုနဲ့ အခြားအကြောင်းများကြောင့် မြေများ မကြာခဏပြိုပြီး ဆိုးကျိုးများ မဖြစ်စေရေးအတွက် စနစ်တကျ စွန့်ပစ်၊ မြေစာစုပုံရေး၊ စွန့်ပစ်မြေ စာပုံများမှာ သစ်ပင်များစိုက်ပျိုးရေးတို့ကိုလည်း စနစ်တကျဆောင်ရွက်သွားရန် လိုအပ်ပါတယ်။ ကျောက်မျက်တူးဖော်သူများအနေနဲ့ သတ္တုတွင်း ဝန်ကြီးဌာနသို့ ခွင့်ပြုမိန့်များလျှောက်ထားတဲ့ နေရာမှာ သဘာဝပတ်ဝန်းကျင်တွင် မထိခိုက်အောင်ဆောင်ရွက်ပါမည်ဟူသောအချက် သတ္တုတွင်း တူးဖော်ခြင်း ဥပဒေမှာပါရှိပေမယ့် သက်ဆိုင်ရာလုပ်ငန်းရှင်များက လိုက်နာမှုအားနည်းခြင်းကြောင့် ဥပဒေအတိုင်းလိုက်နာ စနစ်တကျဆောင်ရွက်ကြရန် လိုအပ်ပါတယ်။ ဒီနေ့ဒီအခါမှာ ခေတ်မီယန္တရား

ကြီးများနဲ့ ကျောက်စိမ်းများကို နေ့၊ ည မပြတ်တူးဖော်လျက်ရှိတဲ့အခါမှာ တောင်ကုန်း၊တောင်တန်း ကြီးများဟာ ပျောက်ကွယ်လုနီးပါး ဖြစ်နေပါပြီ။ မြန်မာ့ကျောက်စိမ်းဟာ စိုက်ပျိုး လို့လည်းမရ၊ မွေးမြူလို့လည်းမရပါ။ သို့ဖြစ်ပါ၍ ကချင်ပြည်နယ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၁) က ကိုယ်စားလှယ် ဦးခက်ထိန်နန်၏ အဆိုတင်သွားတဲ့ ကချင်ပြည်နယ်ဖားကန့်မြို့နယ်တွင် ကျောက်စိမ်း ကျောက်မျက်များကိုထိန်းသိမ်း၍ ရေရှည်စနစ်တကျ တူးဖော် ထုတ်လုပ်ရေး အဆိုကို လေးလေး နက်နက် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၃း၄၀။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၀။**

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စု ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဂျေယောဝူ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် English လို အနည်းငယ်နဲ့ ကျွန်တော်ရဲ့ ထောက်ခံဆွေးနွေးချက်ကို ဖတ်ကြားခွင့် ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦခက်ထိန်နန်မှ တင်သွင်းသော ကချင်ပြည်နယ်၊ ဖားကန့်မြို့တွင် ကျောက်စိမ်း၊ ကျောက်မျက်များကို ထိန်းသိမ်း၍ ရေရှည်စနစ်တကျ တူးဖော်ထုတ်လုပ်ရေး အဆိုကိုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကချင် ပြည်နယ်ဒေသရှိ တိုင်းရင်းသားများသည် တောင်ယာခုတ်၊ လယ်ယာလုပ်ငန်းများအပြင် အားလပ် ရာသီများတွင် တစ်နိုင်တစ်ပိုင် ရွှေကျင်ခြင်း၊ ကျောက်စိမ်းတူးခြင်း၊ အမဲလိုက်ခြင်းများနှင့် ရိုးစင်း ခေတ်နောက်ကျသော ဘ ဝဖြင့်နေထိုင်ရှင်သန်သူများဖြစ်ကြပါတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော် လောက်မှစ၍ ကုမ္ပဏီကြီးများ အလုံး အရင်း ဝင်ရောက်လုပ်ကိုင်လာခြင်း၊ စက်ယန္တရားများက

ဒေသခံပြည်သူများ၏ လုပ်အားဘာဝန်များ အစားထိုးလာခြင်း၊ အခွန်အကောက်အမျိုးမျိုးအပြားပြား ကောက်ခံခြင်းကြောင့် ဒေသခံများအလုပ်အကိုင် အခွင့်အလမ်းများဆုံးရှုံးကာ ဆင်းရဲနွမ်းပါးခြင်း ဒုက္ခကြောင့် ဥပဒေနှင့် ဆန့်ကျင်သည့် မှောင်ခို ဘိန်းစိုက်ပျိုးထုတ်လုပ်ခြင်းများ တိုးတက်များပြား လာပါတယ်။ လက်ရှိကျောက်စိမ်းလုပ်ကွက်များကို မြန်မာနိုင်ငံတိုင်းရင်းသားတို့၏ အမည်များဖြင့် ကျောက်လုပ်ကွက်မှတ်ပုံတင်ထားသော်ငြားလည်း လုပ်ကွက် ၈၀ ရာခိုင်နှုန်းကို ဧည့်နိုင်ငံသား တရုတ်လူမျိုးများ ပိုင်ဆိုင်ထားကြသည်ကို တွေ့ရပါတယ်။ စီးပွားရေးမူအရ တိုင်းရင်းသားဒေသခံ များကိုဦးစားပေးရန် ဦးစားပေး၍ လုပ်ကွက်ချပေးမည်ဟုဝန်ကြီးဌာနမှ ကတိကဝတ်များ ရှိသည့် နည်းတူ ဒေသခံများ တိုင်းရင်းသားများ ပိုမိုပိုင်ဆိုင်လုပ်ကိုင်လာနိုင်ရန်အတွက် စိစစ်ရေးကော်မတီ တစ်ရပ်ဖွဲ့၍ကချင်ပြည်နယ်၊ ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့မှ တာဝန်ယူစေသင့်ပါသည်ဟု ယူဆပါ သည်။ Natural Resources are Limited Creative are Ultimate ဆိုသကဲ့သို့ သဘာဝ အရင်းအမြစ်များသည် ကုန်ခမ်းသွားနိုင်သည်။ တီထွင်ကြံဆခြင်းသည် အနန္တဖြစ်သည်ဟုဆိုသည် သာမက Preserving and Conserving the Jade mine ကျွန်တော်တို့ ကမ္ဘာပေါ်မှာ ဖားကန့် ၌သာ တွေ့ရှိရသော Jade Type Sodium Aluminium Cilicate Specitic density ၆ ဒီဂရီ၊ ၇ ဒီဂရီအထိရှိတဲ့ ကျောက်များသည် ကျွန်တော်တို့ ခန့် မှန်းတာထက် ပိုပြီးလျင်မြန်စွာ ကုန်ဆုံး ပျောက်ဆုံးသွားနိုင်မှာ ဖြစ်ပါတယ်။ ဒီအချိန်မှာ အိမ်နီးချင်းနိုင်ငံများ Reclaining Land မြေဖို့ ဖော်ထုတ်ခြင်းများကို ပင်လယ်ကမ်းစပ်များတွင် ပြုလုပ်နေကြချိန် ကျွန်တော်တို့ရဲ့ ကျောက်စိမ်း ကျောက်ကွက်များကို မလျော့ချနိုင်ပါက အန္တရာယ်များပြားလွန်းသည်သာမက Lot များအလွန် များပြားခြင်း၊ ဈေးကွက်ထိန်းသိမ်းရန် ခက်ခဲခြင်း၊ နိုင်ငံခြား တရုတ်ကုန်သည်များသည်လည်း Lot များသောအားဖြင့် နှုတ်အားဖြင့်သာ ကတိပေး၍ အမှန် တကယ် ငွေ ပေးချေခြင်းမရှိခြင်းကြောင့် လုပ်ငန်းရှင် ပြည်သူများ ဒုက္ခရောက်ရသည်သာမက နိုင်ငံတော်ဝင်ငွေလည်း မရရှိကြပါ။

ထို့အပြင် ဈေးကွက်ကိုလည်း ချုပ်ချယ်ခွင့်ရသွားသလို ဖြစ်သွားပါတယ်။ ကျွန်တော်တို့ များများတူးခြင်းအားဖြင့် ဆိုးကျိုးအနေနဲ့ ဖားကန့်၊ ဆိပ်ဖြူကျေးရွာအိမ်တစ်ချို့ဆိုရင် ရွှံ့နွံ့အိုင်ထဲ ရောက်ရှိ၍ ဖားကန့်မြို့နယ်၊ အေးမြသာယာရပ်ကွက်သည်လည်း တစ်ချို့သော အိမ်များသည် ရွှံ့နွံများဖြင့် ဖုံးကွယ်၍ ဒေသခံပြည်သူများ ဒုက္ခ အတိရောက်ကြပါသည်။ ဒါကြောင့်မို့လို့ ဒေသခံ တိုင်းရင်းသားများ အမှန်စင်စစ် လုပ်ကွက်ရရှိရေး လုပ်ကွက်များကို ယခုကဲ့သို ထောင်သောင်းမဖြစ်စေဘဲ ဧက (၅၀) အများဆုံးသတ်မှတ်ပေးရေး၊ တ စ်နိုင်တစ်ပိုင်(၁)ဧက

ကျောက်စိမ်းလုပ်ကွက်ငယ်များ ဆင်းရဲသော ဒေသခံ များကိုပေး၍ ကျောက်ကွက်များ ဖော်ထုတ် လုပ်ကိုင်စေခြင်းအားဖြင့် ချောင်းစေခြင်း၊ အခွင့် အလမ်းများကို ပိုမိုဆောင်ကျဉ်းပေးစေ သင့်ပါ တယ်။ ကချင်ပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားများသည် အကြောင်းအမျိုးမျိုးကြောင် ့ ပညာ နည်းပါးစွာနဲ့ ခေတ်နောက်ကျကျန်ခဲ့ခြင်း၊ မိမိတို့ ကျောက်ကွက်ရှိသည့် ဖားကန့်နယ်၌ လည်း လမ်း၊ တံတားများ၊ အများပြည်သူများ၏ အဆောက်အဦများလည်း ပျက်စီးယိုယွင်းခြင်း၊ ပဋိပက္ခ အဖွဲ့များ၏ဖျက်စီးခြင်းများလည်းခံကြရပါတယ်။ ဒေသခံတိုင်းရင်းသားများလည်း အလုပ်လက်မဲ့ ဘဝသို့ ကျရောက်ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ကုမ္ပဏီနှင့်လုပ်ငန်းရှင် ကျောက်တူးသမားများ အား စနစ်တကျတူးဖော်စေ၍ မြေစာများကိုလည်း ဒေသခံများအား လွ တ်လပ်စွာ ရေမဆေး ကျောက်များ ရှာဖွေခွင် ့ပေးသင့်ပါတယ်။ ကျောက်စိမ်းလုပ်ငန်းများကို ပြီးဆုံးသည်နှင် ့ တစ်ပြိုင်တည်း မြေများစည်းကမ်းတကျ တူးဖော်သမပြီးဖြစ်၍ ၎င်းမြေ၌ ရတနာတန်းဝင်သစ်များ စိုက်ပျိုးစေခြင်း၊ နှစ်ရှည်၊ နှစ်တိုသစ်သီးပင်များ စိုက်ပျိုး စေခြင်းအားဖြင့် ဝင်ငွေလည်းရ သဘာဝပတ်ဝန်းကျင်ကိုလည်း အစားထိုးစိုက်ပျိုးစေသင့်ကြောင်း ဆွေးနွေးထောက်ခံအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၇။**

**ဥက္ကဋ္ဌ**။ ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှဦးခက်ထိန်နန်တင်သွင်း သည့် ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင်ကျောက်စိမ်းကျောက်မျက်များကိုထိန်းသိမ်း၍ ရေရှည် စနစ်တကျ တူးဖော်ထုတ်လုပ်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့် စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေရှင်း ဆွေးနွေးဖို့ ဖြစ်ပါ တယ်။

**အချိန်၊ ၁၃း၄၇။**

**ဦးသိန်းထိုက်( ပြည်ထောင်စုဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ပြည်ထောင်စုအစိုးရသတ္တုတွင်းဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး၊ ဦးသိန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ရှင်းလင်းဆွေးနွေးမှာကတော့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ နယ်

မဲဆန္ဒနယ် အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်ရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့မှ ဖြေကြားရှင်းလင်းမှာဖြစ်ပါတယ်။ ဦးခက်ထိန်နန်ရဲ့အဆိုအရ ဒီအဆိုကို စောစောက ထောက်ခံဆွေးနွေးသွားတဲ့ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)က ဦးမြအုန်းရဲ့ ဆွေးနွေးတဲ့အချက်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ဦးဂျေယောဝူ ရဲ့ ဆွေးနွေးသွားတဲ့အချက်တွေကိုပါ ကျွန်တော်အနေနဲ့ ရှင်းလင်းပြောကြား သွားမှာ ဖြစ်ပါတယ် ။ သတ္တုတွင်းဝန်ကြီးဌာနဟာ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေမှာ နိုင်ငံသားပုဂ္ဂလိကအသင်း၊ ကုမ္ပဏီစတာတွေကို မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေများနှင့်အညီ ကျောက်စိမ်းများ တူးဖော်ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းတွေကို လုပ်ကိုင်ခွင့်ပြုလျက်ရှိပါတယ်။ နိုင်ငံတော်မှာ သတ်မှတ်ထားတဲ့ ရတနာနယ်မြေ (၇)ခုရှိပါတယ်။ အဲဒီ (၇)ခုထဲမှာ လုံးခင်း၊ ဖားကန့် ရတနာမြေဟာလဲ အပါအဝင် ဖြစ်ပါတယ်။ ဒီလုံးခင်း ၊ ဖားကန့် ရတနာမြေဟာ ပုဂ္ဂလိက သမဝါယမ နိုင်ငံသားကုမ္ပဏီ စုစုပေါင်း (၄၁၅)ခုရှိပြီး သတ်မှတ်ပေးထားတဲ့ လုပ်ကွက်ပေါင်း (၇၅၃၅) ကွက်မှာ ကျောက် စိမ်းတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ကွက်တွေရဲ့ သက်တမ်းကို သတ်မှတ်ထားတာ ကတော့ ပုဂ္ဂလိကဆိုရင်(၃)နှစ်ဖြစ်ပြီး နိုင်ငံတော်နဲ့ အကျိုးတူကုမ္ပဏီများအတွက် သတ်မှတ်ချက် သက်တမ်းကတော့(၅)နှစ်ဖြစ်ပါတယ်။ ဒီလို လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှာ ကျောက်စိမ်းတူးဖော် ထုတ်လုပ် ခြင်းနှင့် ပတ်သက်ပြီးတော့ တူးဖော်ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ၊ နောက်ရတနာနယ်မြေမှာ ကြီးကြပ်ရေး ကော်မတီအစရှိသည်ဖြင့် ကော်မတီများကို စနစ်တကျ အဆင့်ဆင့်ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ထုတ်ပြန်ထားတဲ့ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ တူးဖော်ထုတ်လုပ်ခြင်း၊ တူးဖော်ထုတ်လုပ်ရရှိသည့် ကျောက်စိမ်းများကို နိုင်ငံတော်ရဲ့ မြို့တော်ဖြစ်တဲ့ နေပြည်တော်မှာ ကျင်းပတဲ့ ကျောက်မျက်ရတနာပြပွဲများမှာ တင်သွင်းပြီး နိုင်ငံခြားငွေ ၊ မြန်မာငွေများဖြင့် ရောင်းချခြင်းတို့ကို စနစ်တကျ ပြုလုပ်လျက်ရှိပါတယ်။ ဒီကျောက်မျက်ရတနာပြပွဲတွေမှာ ကျောက်စိမ်းအရိုင်းထည်များ ရောင်းချခြင်းသာမက အချောထည်နဲ့တန်ဖိုးမြင့်လက် ဝတ်ရတနာများကိုလည်း တစ်နှစ်ထက် တစ်နှစ်တိုးမြှင့်ပြုလုပ်ပြီး ရောင်းချနိုင်အော င် စီမံဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီတော့အဲလိုကျင်းပ ခဲ့တဲ့လုပ်ငန်းစဉ်တွေမှာ ကျွန်တော်တို့ရဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်ရဲ့ အဆိုမှာပါဝင်တဲ့ အချက်များနဲ့ ပတ်သက်ပြီး စာရင်းဇယားကို ကျွန်တော့်အနေနဲ့ ရှင်းပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ နေပြည်တော်မှာ ကျင်းပခဲ့တဲ့ ၂၀၁၀ ခုနှစ်၊ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲမှာ ကျောက်စိမ်းတင်ပြအတွဲပေါင်း(၉၁၅၈)တွဲကို ရောင်းချခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ကိန်းဂဏန်းတွေမှာ ပါတာဖြစ်တဲ့အတွက်ကြောင့် ကိန်းဂဏန်းများမှာ ဘီလီယံ၊ မီလီယံ၊ အစရှိသဖြင့် အင်္ဂလိပ်ဘာသာနဲ့ အသုံးအနှုန်းများ ပါရှိတဲ့အတွက် တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

အဲဒီတော့ အတွဲပေါင်း(၉၁၅၈)တွဲ တင်ပြတဲ့အထဲမှာ အတွဲပေါင်း(၇၇၈၄) တွဲသာရောင်းချရပြီးတော့ ဝယ်ရန်ချုပ်ဆိုတဲ့ စာချုပ်ကတော့ ယူရိုငွေ(၁.၀၁)ဘီလီယံ၊ ဒေါ်လာငွေ(၁.၄၆)ဘီလီယံ စာချုပ်ချုပ်ဆိုနိုင်ခဲ့ပါတယ်။ သို့သော်လည်း အမှန်တကယ်ကတော့ အမျိုးမျိုးသော အကြောင်းများကြောင့် ကျောက်တွဲပေါင်း(၁၃၇၄)တွဲကတော့(ကျော့)လို့ခေါ်တဲ့ မရောင်းချရဘဲနဲ့ ကျန်ခဲ့ပါတယ်။ အလားတူပဲ ၂၀၁၁ ခုနှစ်၊(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၊ မတ်လမှာ ကျင်းပခဲ့ပါတယ်။ အဲဒီပွဲမှာလည်း ကျောက်တွဲပေါင်း (၁၆၉၂၆)တွဲကို ကုန်သည်များက တင်ပြခဲ့ပြီးတော့ အတွဲပေါင်း(၁၃၆၀၉)တွဲကိုသာ စာချုပ် ချုပ်ဆိုဝယ်ယူသွားခဲ့ပါတယ်။ တန်ဖိုးအားဖြင့် ယူရိုငွေ (၁.၇၅)ဘီလီယံ ဖြစ်ပါတယ်။ ဒေါ်လာငွေအားဖြင့်(၁.၅၂) ဘီလီယံဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ အထူးရောင်းချပွဲမှာ တင်ပြတဲ့ ကျောက်စိမ်းတွဲက ကုန်သည်များက ရောင်းချရန် တင်ပြလာတဲ့ ကျောက်စိမ်းအတွဲများကတော့ စုစုပေါင်း (၂၂၃၁၇)တွဲ ဖြစ်ပြီးတော့ ဒီအတွဲတွေထဲကမှ အတွဲပေါင်း(၁၇၄၄၉)တွဲကို ဝယ်ယူရန် စာချုပ်ချုပ်ဆိုသွားပါတယ်။ တန်ဖိုးအားဖြင့် ယူရိုငွေ (၁.၄၉)ဘီလီယံဖြစ်ပါတယ်။ ဒေါ်လာငွေအားဖြင့် (၂.၂) ဘီလီယံနီးပါး ဖြစ်ပါတယ်။ အဲဒီမှာ အတွဲပေါင်း(၄၈၆၈)တွဲ ရောင်းချရခြင်းမရှိဘဲနဲ့ ကျန်ခဲ့ပါတယ်။ သို့သော်လည်း အမှန်တကယ် ဝယ်ယူရန် စာချုပ်ချုပ်ဆိုတဲ့အထဲကနေပြီးတော့အမျိုးမျိုးသောအကြောင်းကြောင့် စာချုပ်ပါအတိုင်း ငွေရှင်းပေးခြင်းမရှိတဲ့ အတွဲတွေကတော့ နှစ်လယ် ၂၀၁၀ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲမှာ အတွဲပေါင်း (၃၈၄)တွဲ၊ ယူရို အားဖြင့် (၀.၁၅)ဘီလီယံ၊ ဒေါ်လာအားဖြင့် (၀.၂၁)ဘီလီယံ တို့ရှိပြီးတော့မှ စာချုပ်တွေ ပျက်ပြယ်ခဲ့ပါတယ်။ အလားတူ ၂၀၁၁ ခုနှစ်၊ မတ်လမှာ ကျင်းပခဲ့တဲ့ (၄၈) ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲမှာ ဝယ်ယူရန် စာချုပ်ချုပ်ဆိုထားတဲ့ အတွဲများမှ အတွဲပေါင်း

(၁၄၈၆)တွဲ၊ ယူရိုအားဖြင့် (၀.၇၉)ဘီလီယံ၊ ဒေါ်လာငွေအားဖြင့် (၁.၁၄)ဘီလီယံ တို့ဟာ ငွေပေးသွင်းနိုင်ခြင်း မရှိတဲ့အတွက် အရောင်းအဝယ်ပျက်ပြယ် ပြီး စာချုပ်ပျက်ပြယ်ခဲ့ရတာ ဖြစ်ပါတယ်။ ဒါကြောင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်ရဲ့ အဆို ပြုလွှာမှာပါတဲ့ ကိန်းဂဏန်းတွေဟာ မှန်ကန်ခြင်းမရှိဘဲနဲ့ အချို့သော ပြည်တွင်းထုတ် စာနယ်ဇင်းများက အချ က်အလက်များကိုသာယူထားပြီး အဆိုမှာ တင်ပြထား တာဖြစ်ကြောင်း တွေ့ရပါတယ်။ ဒါ့အပြင် ကျောက်မျက်ရောင်းချပွဲတစ်ခုမှာ မရောင်းရသေးတဲ့ အတွဲတွေကိုလည်း ကုန်သည်များက သူ့ကျောက်များကို ပြန်လည် ထုတ်ယူပြီးနောက် နောင် ကျင်းပမယ့် ရောင်းချပွဲတွေမှာ တင်ပြီးတော့မှ တင်သွင်းရောင်းချခြင်း ဖြစ်ပါတယ်။ ဒါအဆက်ဆက်က ကုန်သည်များလုပ်ဆောင်ခဲ့တဲ့ အစီအစဥ် ဖြစ်ပါတယ်။ ကျွန်တော်တို့ နှစ်လယ်ဖြစ်တဲ့ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလမှာ ရောင်းချရ ပြီးတော့ မရောင်းချခဲ့ရတဲ့ အတွဲတွေကို ၂၀၁၁ ခုနှစ်၊ မတ်လမှာ ကျင်းပတဲ့ ကျောက်မျက်ရတနာပြပွဲမှာ ကုန်သည်များက တင်သွင်းရောင်းချပါတယ်။ အလားတူ အဲဒီ ၂၀၁၁ ခုနှစ်၊ မတ်လပွဲမှာ မရောင်းချရတဲ့ ကျောက်များ ကိုလည်း အခုကျွန်တော်တို့ မကြာခင် ဇူလိုင်လက ကျင်းပခဲ့တဲ့ အထူးရောင်းချပွဲ မှာလည်း တင်သွင်းပြီးတော့မှ ရောင်းချခြင်းသာဖြစ်ပါတယ်။ ဒါကြောင့် တစ်ပွဲနှင့်တစ်ပွဲ ရောင်းချတိုင်း၊ ရောင်းချတိုင်း ယခင်အဆက်ဆက်ကမရောင်းချခဲ့ရတဲ့ ကျောက်များကိုတင်သွင်းပြီး ရောင်းချသလို ဒီကျောက်မျက်ပြပွဲ တစ်ခုနှင့်တစ်ခုကြားကာလမှာ တူးဖော်ရရှိထားတဲ့ကျောက်များကိုလည်း ရောင်းချတာ ဖြစ်တဲ့အတွက် ကျောက်များဟာ ကျောက်မျက်အတွဲများဟာ တစ်ပွဲထက်တစ်ပွဲ ပိုမိုတိုးတက် များလာခြင်းဖြစ်တယ်ဆိုတာကို အသိပေးတင်ပြအပ်ပါတယ်။ ကာလတစ်ခုနှင့်တစ်ခုကြား ထုတ်လုပ် ရရှိတဲ့ ကျောက်များနဲ့ပွဲကျန်ကျောက်များကို ကျောက်မျက်ပြပွဲမှာ တင်သွင်းခြင်းကြောင့် ကျောက်မျက် ပွဲ တစ်ပွဲထက်တစ်ပွဲ ကျောက်စိမ်းအတွဲများဟာ ပိုမိုများပြားစွာ ရောက်လာခြင်းဖြစ်ပါတယ်။ တွေ့မြင်ရခြင်း ဖြစ်ပါတယ်။ ဒီလိုရောင်းချခြင်း နည်းခြင်း ၊ များခြင်းဟာလည်း ကျောက်ပွဲတွေရဲ့ သဘောတရားအရ ပဓာနမဟုတ်ပါဘူး။ ကျွန်တော်တို့ နိုင်ငံတော်က ဖွဲ့စည်းပေးထားတဲ့ ကျောက်မျက် ရတနာပြပွဲ ဗဟိုကော်မတီအနေနဲ့ ကျောက်မျက်ကုမ္ပဏီများမှငင်းတို့ရဲ့ ကျောက်များကို တရားဝင် တင်သွင်းရောင်းချတဲ့ နိုင်ငံတကာကျောက်ကုန်သည်များ ရောက်ရှိလာမယ့် ကျောက်မျက်ပြပွဲမှာ ရောင်းချဖို့လာရောက်အပ်နှံတဲ့အခါမှာ ကျွန်တော်တို့ ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက စနစ်တကျ လက်ခံခြင်းဥပဒေနှင့်အညီ လေလံတင် ရောင်းချပေးခြင်းတို့ကို ပြုလုပ်သွားရမည့်

တာဝန်ရှိပါတယ်။ ဒီတာဝန်အတိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ယခင်က ကျောက်စိမ်းဈေးကွက်ဆိုတာ ကျွန်တော်တို့နိုင်ငံမှာ မရှိပါဘူး။ တစ်ဖက်နိုင်ငံ ချင်းမိုင်၊ ရွှေလီ ၊ ကူမင်း အစရှိတဲ့နေရာတွေမှာသာ ရှိတယ်ဆိုတာ ကချင်ပြည်နယ်က ကိုယ်စားလှယ်များ အသိပင်ဖြစ်ပါလိမ့်မယ်။ သို့သော် ဒီအခြေအနေကနေပြီးတော့မှ နို င်ငံတော်အကြီးအကဲများက စနစ်တကျ ရေရှည်မှာရည်မှန်းချက်များချမှတ်ထားပြီး လိုအပ်တဲ့ ကျောက်မျက်ဥပဒေတွေကိုလည်း ပြုပြင်ပြီးဆောင်ရွက်ခဲ့တာကြောင့် ဒီနေ့ ဒီအချိန်အခါမှာ ကျောက်စိမ်းဈေးကွက်က ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ နေပြ ည်တော်မှာ ရောက်ရှိ နေပြီးတော့ နေပြည်တော်မှာကျင်းပတဲ့ ကျောက် စိမ်းကျောက်မျက်ပုလဲ အင်ပိုရီယန် လို့ခေါ်တဲ့ ကျော က်မျက်ပြပွဲများကို နိုင်ငံတကာ ကျောက်မျက်ကုန်သည်များက အလုအယက်နဲ့ လာရောက်ပြီး ဝယ်ယူနေရတဲ့ အနေအထားမျိုး ရော က်ရှိနေပြီဖြစ်ပါတယ်။ တ စ်နည်းအားဖြင့် ကျောက်စိမ်းကျောက်မျက်ဈေးကွက်က ကျွန်တော်တို့နိုင်ငံရဲ့လက်ထဲရောက်နေပြီး ဖြစ်ပါတယ်။ ဒီဈေးကွက်ကို ဆက်လက်တည်တံ့အောင်အောင်မြင်နေအောင် ကျွန်တော်တို့ ကော်မတီက နိုင်ငံတော်ပြည်ထောင်စုအစိုးရရဲ့ တာဝန်ပေးချက်နဲ့အညီ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြပွဲမှာ လာရောက်ဝယ်တဲ့ ရတနာကုန်သည်တွေကလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ပြီး များပြားပါတယ်။ အချို့သော စာနယ်ဇင်းများမှာ ပြောသလို အချက်အလက်တွေဟာ ကိန်းဂဏန်းတွေဟာ မမှန်ကန်တာ ဖြစ်ပါတယ်။ အတိအကျအားဖြင့် ဒီနေ့မှာ နိုင်ငံခြားသား ပြည်ပရတနာကုန်သည် (၄၇၅၃)ဦး ယခင်ကထက် ရာဂဏန်းအဆင့်ထိ ပိုမိုတိုးတက်လာပြီးတော့မှ ပြည်တွင်းက ရတနာကုန်သည်ဟာလည်း (၄၆၃၄)ဦး တိုးတက်လာရောက်ပြီးတော့မှ ပိုမိုအားပေးဝယ်ယူတာကို တွေ့ရပါတယ်။ လေလံတင်ရောင်းချတဲ့ ကျောက်စိမ်းတွဲများကို ဝယ်ယူသူများအနေနဲ့ နှံ့ စပ်စွာမကြည့်နိုင်ခြင်း၊ ရွေးချယ်စရာ များလွန်းပြီးတော့ အချိန်မပေးနိုင်ခြင်း၊ ဈေးမပေးနိုင်ခြင်းစသည်ဖြင့် အားနည်းချက်တွေပေါ်ပေါက်ခဲ့ကြောင်း ပညာရှင်များ၊ လုပ်ငန်းရှင်များ သုံးသပ်ခဲ့ကြောင်းဆိုပြီးတော့လည်း ဦးခက်ထိန်နန်ရဲ့အဆိုမှာ ဖော်ပြထားတာတွေ့ရပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ကျောက်မျက်ရတနာကျင်းပရေးဗဟို ကော်မတီဟာ ကျင်းပတဲ့ ကျောက်ပွဲ တိုင်းမှာ လာရောက်တဲ့ နိုင်ငံတကာ ကျောက်ကုန်သည်များ၊ ပြည်တွင်းက ကျောက်ကုန်သည်များရဲ့ သွားလာနေထိုင်စားသောက်ရေး၊ ကျောက်စိမ်းတွဲကို စနစ်တကျ ကြည့်ရှုနိုင်ရေးတို့ကို ဇူလိုင်လ ၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ စနစ်တကျ စီမံပေးခဲ့ပါတယ်။ အတွဲများကို ဝယ်ယူလိုသူ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များက ၎င်းတို့ဝယ်ယူလိုတဲ့ ကျောက်များကို စနစ်တကျ

မှန်မှန်ကန်ကန် ကြည့်ရှုနိုင်အောင် ဆောင်ရွက်ပေးခဲ့တဲ့အတွက် ကုန်သည်များဟာ ၎င်းတို့ဝယ်ယူလိုတဲ့ ကျောက်အတွဲများကို မှန်မှန်ကန်ကန်ရွေးချယ် ဝယ်ယူသွားနိုင်ကြောင်း ထိုက်သင့်မှန်ကန်တဲ့ ဈေးနှုန်းများကိုလည်း မှန်မှန်ကန်ကန် ပေးဝယ်သွားကြောင်း စနစ်တကျတွေ့ရှိရပါတယ်။ သို့ပါ၍ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်ရဲ့ အဆိုပြုလွှာပါ ၂၀၁၁ ခုနှစ် ဇူလိုင်လ အထူးရောင်းချပွဲသည် ယခင် (၄၈)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ ရောင်းချငွေ၏ ထက်ဝက်ခန့် လျော့နည်းသွားခြင်းဆို သည်မှာ ကိန်းဂဏန်းများ အမှန်အကန်မရရှိတဲ့အတွက် တင်ပြခြင်းသာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျောက်စိမ်းအတွဲများ တင်ပြအတွဲများသည့်အတွက် ဝယ်ယူသူများအနေဖြင့် နှံ့စပ်စွာ မကြည့်နိုင်ခြင်း၊ ရွေးချယ်စရာများလွန်းလို့ အချိန်မပေးနိုင်ခြင်း၊ ဈေးမပေးနိုင်ခြင်းစသည့် အားနည်းချက်များပေါ်ပေါက်ခဲ့ကြောင်းလို့ ဆိုတဲ့သုံးသပ်ချက်ကလည်း မည်သည့်အကြောင်းအရာပေါ် အခြေခံသုံးသပ်ထားတာ မသိရသော်လည်းဘဲ ဒီအထူးရောင်းချပွဲမှာ တင်သွင်းတဲ့ ကျောက်တွေဟာ ကျောက်အရည်အသွေးမကောင်းခြင်း၊ တချို့အရည်အသွေးကောင်းတဲ့ ကျောက်တွဲတွေကျတော့လည်း ဈေးနှုန်း တွေ မတန်တဆတင်ထားခြင်းတို့ကြောင့် ပြည်တွင်း /ပြည်ပ ရတနာကုန်သည်တွေက ဝယ်ယူခြင်းမပြုဘဲ လျစ်လျူရှုခဲ့ရပါတယ်။ တစ်နည်းအားဖြင့် ကျောက်စိမ်းတွဲ မရောင်းရတဲ့ကုန်သည်များ၊ ပုဂ္ဂိုလ်များရဲ့ တစ်ဖက်သတ်ခံစားချက်နဲ့ ဝေဖန်ပြောဆိုချက်တွေကို ထောက်ပြပြီးတော့ သုံးသပ်ထားခြင်းသာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြပွဲမှာတင်သွင်းပြသတဲ့ ကျောက်စိမ်းတွဲတွေဟာ အရည်အသွေးကောင်းပြီး သင့်လျော် တဲ့ ကြမ်းခင်းဈေးတန်ဘိုး သတ်မှတ်ပေးထားပါက ပြပွဲအတွင်းမှာ ပြကွင်းပြကွက်မကောင်းတဲ့နေရာမှာရှိတဲ့ ကျောက်စိမ်း အတွဲတွေကိုပင်လျှင် ပြည်တွင်း/ပြည်ပရတနာကုန်သည်တွေက ထိုက်သင့်တဲ့ မှန်ကန်တဲ့ တန်ဖိုးတွေပေးပြီး လေလံဆွဲယူသွားကြောင်းဒီလိုဆွဲယူသွားတဲ့ ကျောက်စိမ်းအတွဲမျိုးများဟာပြီးခဲ့တဲ့ကျောက်စိမ်းပြပွဲမှာအတွဲပေါင်း ထောင်ဂဏန်းအထိ ရောင်းချခဲ့ရကြောင်း အသိပေးအပ်ပါတယ်။

သို့ပါ၍ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်ရဲ့ အမျိုးသားလွှတ်တော်သို့ တင်ပြတဲ့ အဆိုပြုလွှာပါ ငွေကြေးတန်ဖိုး နှိုင်းယှဉ်ချက်တွေ သုံးသပ်ချက်တွေဟာ အထိုက်အလျောက် ပြည့်စုံမှန်ကန်မှုမရှိကြောင်း တွေ့ရပါတယ်။ သို့သော်လည်း က ချင်ပြည်နယ်၊ ဖားကန့်မြို့နယ်မှာ ရှိတဲ့ ကျောက်စိမ်းလုပ်ကွက်တွေ ကို ထိန်းသိမ်းပြီးတော့မှ ရေရှည်စနစ်တကျတူးဖော်ထုတ်လုပ်ရေးဆိုတဲ့ အချက်ကတော့ဖြင့် လိုအပ်သော

အချက်ဖြစ်ပါတယ်။ ဖားကန့်မြို့ နယ်မှ ထွက်ရှိတဲ့ ကျောက်စိမ်း ဟာ (Jadeite Jade) ရတနာတန်းဝင်ပစ္စည်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့အိမ်နီးချင်းနိုင်ငံကြီးက ဒီကျောက်ကို(Emperial Jade) မြကျောက်လို အလေးပြုတန်ဖိုးထားပြီး ခေါ်ပါတယ်။ တစ်နည်းအားဖြင့် ပြန်လည်အစားထိုး၍ မရနိုင်သော သဘာဝသယံဇာတ(Non-Renewable Resources) ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရေရှည်စနစ်တကျ တူးဖော် ထုတ်လုပ်နိုင်ရေးကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် ယှဉ်တွဲပြီးတော့မှ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ဒီအစီအမံများကိုနိုင်ငံတော်ပြည်ထောင်စုအစိုးရရဲ့လမ်းညွှန်ချက်နှင့်အညီ ကျွန်တော်တို့ သတ္တု တွင်းဝန်ကြီးဌာနက ဦးစီးပြီးတော့ အောက်ပါအတိုင်း လက်ရှိစီမံဆောင်ရွက်လျက်ရှိပါတယ်။

ဒီအချက်တွေကတော့ဖြင့်ရင် ကျောက်စိမ်းတူးဖော်ထုတ်လု ပ်မည့် လုပ်ကွက်အရေအတွက်ကို လျှော့ ချခြင်းဖြစ်ပါတယ်။ ယခု လုံးခင်း၊ ဖားကန့် ရတနာနယ်မြေအတွင်းမှာ ကျောက်စိမ်းတူးဖော် ထုတ်လုပ်ရန် ခွင့်ပြု ထားသည့် ပုဂ္ဂလိက၊ သမဝါယမ၊ နိုင်ငံသားကုမ္ပဏီ စုစုပေါင်း(၄၁၅)ခု၊ လုပ်ကွက်ပေါင်း (၇၅၃၅)ကွက်တို့မှ သက်တမ်းကုန်ဆုံးတဲ့ လုပ်ကွက်တွေမှာ အချို့သောလုပ်ကွက်တွေကို အဘက်ဘက်မှ စဉ်းစားပြီးတော့မှ သက်တမ်းတိုးခွင့် မပြုတော့ဘဲ လုပ်ကွက် အရေအတွက်ကို လျှော့ချသွားမှာ ဖြစ်ပါတယ်။ ဒီလိုလျှော့ချခြင်းအားဖြင့် ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှု အရေအတွက်ကို ထိန်းသိမ်းသွား မှာ ဖြစ်ပါတယ်။ ဒါ့အပြင် စက်ယန္တ ရားများ၏ စွမ်းရည်ကိုလည်း ကန့်သတ်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လက်ရှိ လုံးခင်း၊ ဖားကန့် ရတနာမြေအတွင်း ခေတ်မီနိုင်ငံစုံမှ ထုတ်လုပ် တဲ့ မြေတူးစက် စုစုပေါင်း (၂၄၇၄)စီး ရှိပါတယ်။ မြေထိုးစက်(၃၇)စီး ရှိပါတယ်။ မြေသယ် ယာဉ် စုစုပေါင်း (၅၃၄၇)စီးရှိပါတယ်။ ဒီယာဉ်မျိုးစုံဟာ ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းတွေမှာ ဆောင်ရွက်လျက် ရှိပါတယ်။ အထူးသဖြင့် မြေတူးစက် Excavator လို့ခေါ်တဲ့ ဒီစက်တွေရဲ့ စွမ်းရည်ဟာ မြေသားတစ်ကော်မှာ တူးဖော်နိုင် သည့် မြေကျင်းဟာ (၀.၂၆)ကျင်းကနေပြီးတော့ (၂.၁၁)ကျင်းထိ စွမ်းအားရှိကြောင်း တွေ့ရပါတယ်။ မြေသယ်ယာဉ်တွေဟာလည်း(၁)စီးကို မြေကျင်း (၄.၅၁)ကျင်းမှ (၁၂.၉၂)ကျင်းထိ သယ်ယူနိုင်တဲ့ အကြီးစားမြေတူးစက်နဲ့ မြေသယ်ယာဉ်တွေဖြင့် လုပ်ငန်းဆောင်ရွက်နေကြောင်း တွေ့ရပါတယ်။ ဒါကြောင့် ဒီစက်ယန္တရားတွေရဲ့ အရေ အတွက်နဲ့ စွမ်းရည်တွေကိုလည်း ဖားကန့်ဒေသ၊ လုံးခင်း၊ ဖားကန့်ရတနာမြေအတွင်းမှာကန့်သတ်လျှော့ချသွားဖို့ စီမံဆောင်ရွက်လျက် ရှိပါတယ်။ အခုပွင့်လင်းရာသီမှာလက်ရှိလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ တူးဖော်ရရှိတဲ့ ကျောက်စိမ်းများကို တန်ဖိုးမြှင့်အချောထည် ပြုလုပ်ရောင်းချစေခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ ကျောက်စိမ်းဟာ အခြားသော ကမ္ဘာ့နိုင်ငံများမှ ထွက်ရှိတဲ့ အမျိုးတူ ကျောက်စိမ်းထက် ပိုမိုအရည်အသွေးကောင်းမွန် မြင့်မားတဲ့ ကျောက်စိမ်းတွေဖြစ်ပါတယ်။ တစ်နည်းအားဖြင့် တစ်စတစ်စရှားပါးပြီးတော့မှ ပိုမိုရတနာတန်းဝင် လာတဲ့ ကျောက်တွေလည်း ဖြစ်ပါတယ်။ လက်ရှိကျောက်မျက်ရတနာပြပွဲတွေမှာ ထုတ်လုပ်ရရှိတဲ့ ကျောက်စိမ်းများကို အလုံးအတိုင်း (သို့)ခွဲခြမ်းပိုင်းဖြတ်ပြီးတော့မှ ပြည်တွင်းပြည်ပ ရတနာ ကုန်သည်များကို ရောင်းချ ပေးလျက်ရှိပါတယ်။ မိမိနိုင်ငံ ကနေ ဝယ်ယူသွားတဲ့ ပြည်ပရတနာ ကုန်သည်များဟာသူတို့ဝယ်ယူသွားတဲ့ ကျောက်စိမ်းအတုံးများပိုင်းဖြတ်ထားသည့်အစိတ်အပိုင်းများကို ၎င်းတို့နိုင်ငံကိုရောက်တဲ့အခါမှာ အချောထည်ပြုလုပ်ရောင်းချခြင်းဖြင့် ဝယ်ယူခဲ့ရတဲ့ တန်ဖိုးထက် အဆများစွာတိုးမြှင့်ရရှိပြီး စီးပွားဖြစ်ထွန်း၍ သူတို့နိုင်ငံတွေမှာ မြို့ပြအဆင့်ထိ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေကြောင်းသိရှိရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း အလားတူ စီးပွားဖြစ်ထွန်း ဖွံ့ဖြိုး တိုးတက်မှုများ ရရှိရေးအတွက် ရတနာတန်းဝင် ကျောက်စိမ်းတွေကို အလုံးအတိုင်းဖြင့် ပိုင်းဖြတ် ရောင်းချမှုများကို တစ်နှစ်ထက်တစ်နှစ် တစ်စထက်တစ်စ လျှော့ ချပြီး ၎င်းတို့အစား တန်ဖိုးမြှင့် လက်ဝတ်ရတနာများ၊ ရုပ်တု ရုပ်ထွင်းပန်းချီကားများ၊ ဒါတွေကို ထုတ်လုပ်နိုင် ရေးကိုလည်း စီမံ ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုအစိုးရရဲ့လမ်းညွှန်မှုနဲ့ ရန်ကုန်မြို့၊ မန္တလေးမြို့၊စစ်ကိုင်းမြို့ တို့မှာရှိတဲ့ ကျောက်စိမ်းလက်ဝတ်ရတနာထုတ်လုပ်နေမှုကိုလည်း ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အားပေးပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရဲ့ မြို့တော်ဖြစ်တဲ့ နေပြည်တော်မှာ အဆင့်မြင့် ကျောက်စိမ်းဇုန် ဖြစ်ပေါ်လာရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ချက်ကတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ လုံးခင်း၊ ဖားကန့် ရတနာမြေမှာ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ စနစ်တကျတူးဖော်ဆောင်ရွက်ရေး၊ ဒီနယ်မြေကို ဖြတ်သန်းစီးဆင်းနေတဲ့ ဥရုချောင်းရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများကို ပြည်ထောင်စု အစိုးရအဖွဲ့ရဲ့လမ်းညွှန်ချက်နှင့်အညီ ယခုနှစ်၂၀၁၁ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ကစပြီးကျွန်တော်တို့ သတ္တုတွင်းဝန်ကြီးဌာနရဲ့ လမ်းညွှန်မှု၊ ဒေသမှာရှိတဲ့ ဌာနဆိုင်ရာများ ပူးပေါင်းဆောင် ရွက်မှု၊ ကျောက်စိမ်းလုပ်ငန်းရှင်များရဲ့ တာဝန်သိပူးပေါင်းဆောင်ရွက်မှုနဲ့ စနစ်တကျ အပိုင်း(၅)ပိုင်း ခွဲပြီး အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါတယ်။ အပိုင်း (၅)ပိုင်းကတော့ ဧပြီလ (၁၅)ရက်ကနေ ပြီးတော့မှ ဖြစ်ပါတယ်။ ဒါ့ကြောင့် လုံးခင်း၊ ဖားကန့် ရတနာမြေ ကျောက်စိမ်းတူးဖော်ရေး

လုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း ကော်မတီကိုလည်း ကျွန်တော်တို့က စနစ်တကျ ဖွဲ့စည်းပြီးတော့ ဒီအဖွဲ့ကို လုပ်ငန်းတာဝန်တွေ တိတိကျကျ သတ်မှတ်ပေးပြီး ဆောင်ရွက်စေလျက်ရှိပါတယ်။ လုပ်ငန်းလုပ်တဲ့အခါမှာ လုပ်ငန်းရှင်များကို ဒီအတိုင်းတာဝန်ပေးခြင်းမရှိဘဲနဲ့ စနစ်တကျလုပ်ရမယ့်လုပ်ငန်းတွေ သတ်မှတ်ပေးပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဥရုချော င်းအတွင်း ကြမ်းရေပြင် မြစ်ကြမ်းပြင် နိုမ့်ချရေး၊ ဥရုချောင်းကို စီးဆင်းတဲ့ချောင်းလက်တက်များမှ ရေစီးရေလာကောင်းမွန်ရေး၊ ဥရုချောင်းအတွင်း စီးဆင်းမယ့်နေရာတွေမှ မြေထိန်းနံရံတွေ ဆောင်ရွက်ရေး၊ လှေကားထစ် နံရံတွေဆောင်ရွက်ရေး ဒါတွေကို အဆင့်ဆင့်အလေးအနက်ထားပြီးတော့ဆောင်ရွက်လျက်ရှိပါတယ်။ဒါ့အပြင်အချို့သောဒေသတွေမှာ မြေစာတွေကို ဖို့ပြီးတော့ မြေပြင်တွေဖြစ်အောင်လည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒီဆောင်ရွက်တဲ့ မြေနေရာမှာ ကျွန်တော်တို့အရိပ်ရပင်၊ လေကာပင်အချို့သောဒေသတွေမှာ ရတနာတန်းဝင်ပင်တွေ အထိ သစ်တောရေးရာဝန်ကြီးဌာနရဲ့ အကူအညီနဲ့ သစ်ပင်များ စိုက်ပျိုးခြင်း၊ ရေရှည်မှာ သစ်ပင်တွေစိုက်ပျိုးဖို့အတွက် ပျိုးပင်များမျိုးထောင်ခြင်းတို့ကိုလည်း ယခုနှစ် ဧပြီလ ၁၅ ရက်နေ့ကစပြီးတော့ လစဉ် စဉ်ဆက် မပြတ်ဆောင်ရွက်လျက် ရှိပါတယ်။ ဒီလို လုပ်ဆောင် ခဲ့တဲ့ အတွက် ယခုနှစ်အခါ လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံးသိတဲ့အတိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ မိုးရာသီကာလအတွင်း မိုးအ ဆက်မပြတ် ရွာသွန်းမှုကြောင့် အနှံ့အပြား အနည်းနဲ့အများ ရေကြီးမှုတို့ကို ကြုံတွေ့ရတာ ဖြစ်ပါတယ်။ ဒီလုံးခင်း၊ ဖားကန့် ရတနာမြေဟာလည်း မိုးရေချိန်များပြားတဲ့ ရတနာမြေ ဖြစ်ပါတယ်။ အချို့သောလများမှာ (၁၀.၈)လက်မအထိ မိုးရေချိန် ရွာသွန်းကြောင်း တွေ့ရပါတယ်။ ကျွန်တော်တို့ သတ်မှတ်ချက်များအရ မိုးရေချိန် (၁)လက်မဟာ မြေပြင်မှာ ရေ(၁)ပေအမြင့် ရှိပါတ ယ်။ ဒါကြောင့် (၁၀)ပေ(၁၀)လက်မကျော် မိုးရွာမယ်ဆိုရင် မြေပြင်မှာ ရေအမြင့် (၁၀)ပေထက် မနည်းရှိမှာ ဖြစ် ပါတယ်။ သို့သော် ကျွန်တော်တို့ ယခုကဲ့သို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း များကို စနစ်တကျဆောင်ရွက်ခဲ့တဲ့ အတွက်ကြောင့် ဆောင်ရွက်နိုင်ခဲ့တဲ့ အတွက်ကြောင့် ယခင် နှစ်များကဲ့သို့ လုံးခင်း၊ ဖားကန့် ရတနာမြေမှာ မိုးရွာသော်လည်းပဲ မိုးရွာသွန်းခြ င်းကြောင့် ရေကြီးမှုများ ရှိခဲ့သော်လည်းပဲ အပျက်အစီးများ ၊ ဘေးအန္တရာယ်များ ကျရောက်ခြင်းမရှိ အောင် ထိန်းသိမ်းနိုင်ခဲ့ တယ်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒါကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ဥရုချောင်း ရေစီးရေ လာကောင်းမွန်ရေးကို ကျွန်တော်တို့ ဆက်လက်ပြီးတော့လည်း လုပ်ဆောင်နေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပွင့်လင်းရာသီရောက်တဲ့ အောက်တိုဘာလ ကစပြီး ဥရုချောင်းကြမ်းပြင်နှိမ့် ချရေး

လုပ်ငန်းများကိုလည်း သက်ဆိုင်ရာ အခြား သောဝန်ကြီးဌာနများနဲ့ ပူးပေါင်းပြီးတော့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သို့ အတွက် လုံး ခင်း၊ ဖား ကန့်ရတနာမြေအတွင်း ကျောက်စိမ်းတူးဖော်ရာမှာ လုပ်ကွက်အရေအတွက်ကို စနစ်တကျလျှော့ချပေးခြင်း၊ တူးဖော်ရေးလုပ်ငန်းတွေမှာ အသုံးပြုတဲ့ စက်ယန္တရားများရဲ့အရေအတွက်နဲ့ စွမ်းရည်ကိုကန့်သတ်ဆောင်ရွက်စေခြင်း၊ တားမြစ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ခြင်း တူးဖော်ထုတ်လုပ်ရရှိတဲ့ ရတနာကျောက်စိမ်းများကို အလုံးလိုက်၊ အစိတ်အပိုင်းအလိုက် ရောင်းချခြင်းထက် တန်ဖိုးမြှင့် လက်ဝတ်ရတနာများ၊ ရုပ်တု၊ ရုပ်ထွင်း၊ ပန်းချီ၊ ပန်းပုများ ပြုလုပ်ရောင်းချစေခြင်း၊ ကျွန်တော်တို့နိုင်ငံမှာ ဈေးကွက်ရရှိ နေပြီဖြစ်တဲ့ ကျောက်စိမ်းများကို သဘာဝအတိုင်း ရောင်းချခြင်း အခြေအနေမှ တန်ဖိုးမြှ င့် လက်ဝတ်ရတနာနှင့် ရုပ်တု ၊ ရုပ် ထွင်း ပန်းချီကားများ ရောင်းချရတဲ့ တန်ဖိုးမြှင့်ဈေးကွက် အခြေအနေသို့ရောက်အောင် တိုးမြှင့် လုပ်ဆောင်သွားခြင်းဖြင့် စနစ်တကျရေရှည် ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် လုံးခင်း၊ ဖားကန့်ရတနာမြေမှာ ဘူမိဗေ ဒတွက်ချက်မှုများအရ ယခုတူးဖော် ထုတ်လုပ်နေတဲ့ ကျောက်စိမ်းများဟာ မြေပေါ် နှင့်အသင့်အတင့်အနက်ရှိSecanvinear အဆင့်မှာပဲ ရှိနေပါတယ်။ သူ့အောက်မှာ Primary နေရာအဆင့်ကို မရောက်သေးကြောင်းသိရပါတယ်။ ဒါ့ကြောင့် ဒီရတနာမြေမှာ အဖိုးတန်တဲ့ ရတနာများကို ဆယ်စုနှစ်များစွာ ဆက်လက် ထုတ်လုပ်လုပ် ရေးငန်းများ ဆောင်ရွက်နေကြောင်းကိုလည်း ကိုယ်စားလှယ်တော်ကြီးများကို အသိပေးပြောကြားပါတယ်။ ဒါ့အပြင် လုံးခင်း၊ ဖားကန့် ရတနာနယ်မြေဟာ နိုင်ငံတော်က သတ်မှတ်ထားတဲ့ ရတနာနယ်မြေဖြစ်တဲ့အတွက် လုံးခင်း၊ ဖားကန့် ရတနာမြေနဲ့ ပတ်သက်ပြီးတော့ လုပ်ငန်းဆောင်ရွက်မှုအဝဝကို နိုင်ငံတော်မှသာ တာဝန်ယူ ဆောင်ရွက် သွားမည်ဖြစ် ကြောင်း တင်ပြ အပ်ပါတယ်။ အားလုံးအမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များကို ကျေးဇူးတင်ပါကြောင်း တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၄း၁၃။**

**ဥက္ကဋ္ဌ**။ ။ သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဦးခ က်ထိန်နန်ရဲ့ အဆိုမှာ သတင်းအချက်အလက်များ မှားယွင်းကြောင်း သို့သော် ကချင်ပြည်နယ်၊ ဖားကန့် မြို့နယ်တွင် ကျောက်စိမ်း ကျောက်မျက်များကို ထိန်းသိမ်း၍ ရေရှည်စနစ်တကျ တူးဖော်ထုတ်လုပ်ရေးဟာ လိုအပ်ကြောင်းနဲ့ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဖြေရှင်းပြောကြား သွားပါတယ်။ အဆိုရှင် ဦးခက်ထိန်နန်မှာ မိမိအဆိုကို ရုပ်သိမ်းလိုခြင်း ရှိ/မရှိ မှားယွင်းတဲ့

သတင်းအချက်အလက်များကို ပြင်ဆင်ပြီး အဆိုကိုဆက်လက်ရပ်တည်လိုခြင်း ရှိ/မရှိ ပြောကြားနိုင်ပါတယ်။

**အချိန်၊ ၁၄း၁၃။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုသတ္တုတွင်းဝန်ကြီးကို စိတ်ရှည်လက်ရှည် ပြန်လည်ဖြေကြားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒီရှားပါးလာပြီဖြစ်တဲ့ ကျောက်စိမ်းကျောက်မျက်ရတနာများ ရေရှည်စနစ်တကျတူးဖော်ထုတ်လုပ်သွားရေးအတွက်လည်းပဲ သတ္တုတွင်းဝန်ကြီးဌာနပြည်ထောင်စုအစိုးရကလည်းပဲ ဒါတွေကိုလုပ်ကွက်လျှော့ချသွားပြီးတော့ စက်ယန္တရားများရဲ့စွမ်းအင်ကို သတ်မှတ်ပြီးတော့ လုပ်ဆောင်သွားမယ်ဆိုတာကိုသိရတဲ့အတွက် အများကြီးဝမ်းသာပါတယ်။နောက်ပြီးတော့ ဒီသဘာဝအတိုင်းထွက်ရှိတဲ့ အရိုင်းတုံးများအစား ကုန်ချောထုတ်လုပ်ပြီးတော့ ကျွန်တော်တို့နိုင်ငံအတွင်းမှာပဲ ကုန်ချောဈေးကွက်တွေအလုပ်သမားမြောက်မြားစွာအတွက် အလုပ်ဖန်တီးဆောင်ရွက်သွားမယ်ဆိုတာ အစီအစဉ်ရှိတဲ့အတွက်ကြောင့်လည်း အများကြီးဝမ်းသာပြီးတော့ ကျေးဇူးတင်ပါတယ်။ ရှေ့ဆက်ပြီးတော့လည်း သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်ပြီးတော့လည်း စနစ်တကျတူးဖော်သွားဖို့ စနစ်တကျပြန်လည်စိုက်ပျိုးသွားဖို့ဆိုတဲ့ဟာတွေ လုပ်ငန်းကော်မတီလည်းပြန်လည်ဖွဲ့စည်းထားမယ် ဆိုတဲ့ဟာတွေ ဒါအများကြီးဝမ်းသာပါတယ်။ ဆိုတော့ ကျွန်တော့်အနေနဲ့ ဒီနေ့နိုင်ငံတော်အကျိုးကိုမျှော်ကိုးပြီးတော့ကျွန်တော်တို့ နိုင်ငံတော်ရဲ့တန်ဖိုးကြီးတဲ့ ရှားပါးတဲ့ကျောက်စိမ်းရတနာများ ထိန်းသိမ်းပြီးတော့ ရေရှည်စနစ်တကျ တူးဖော်ထုတ်လုပ်ရေးဆိုတဲ့ အဆိုကို အဓိကထားခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ရဲ့အလုပ်များ၊ ဥပဒေကြမ်းကော်မတီမှာလဲ ပါဝင်ခြင်း မိမိတို့ ကချင်ပြည်နယ် စည်းလုံးညီညွတ်ရေးနဲ့ ဒီမိုကရေစီပါတီ ကချင်ပြည်နယ်ရဲ့ဥက္ကဋ္ဌအဖြစ်လည်းဆောင်ရွက်ခြင်းများကြောင့်ဒီကျောက်စိမ်းကျောက်မျက်မှာ Emporium တစ်ခါတစ်လေလည်း ပါဝင်ခွင့် ရရှိခြင်းတို့ကြောင့် ဒီစာရင်းဇယားတွေဟာ တစ်ချို့စာစောင်ကနေ ရရှိတယ်။ တစ်ချို့မေးမြန်းပြီးတော့ ရရှိတဲ့အတွက်ကြောင့် ဒီဟာလေးတွေဟာ အားနည်းချက်ရှိတယ် ဆိုတာကို ဝန်ခံပါတယ်။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ အဓိကလိုရင်းကတော့ နိုင်ငံတော်ရဲ့ တန်ဖိုးရှိတဲ့ ဒီကျောက်စိမ်းကျောက်မျက်ကို ရေရှည်စနစ်တကျ ထိန်းသိမ်းပြီးတော့ ဆောင်ရွက်သွားဖို့ ဖြစ်တဲ့အတွက်ကြောင့် ဒီကျွန်တော့်ရဲ့ မူရင်းအဆို ရည်ရွယ်ချက်ဟာ

နိုင်ငံတော်ရဲ့ ရှားပါးတဲ့ ရတနာကို ရေရှည်ထိန်းသိမ်းဖို့ စနစ်တကျတူးဖော်ထုတ်လုပ် သွားဖို့ ဆိုတဲ့ဟာ အဓိကဖြစ်ပါတယ်။ ဒါကိုပြည်ထောင်စုအစိုးရအနေနဲ့ သော်လည်းကောင်း ကျွန်တော်တို့ ပြည်ထောင်စုအဆင့် သတ္တုတူးဖော်ရေးဝန်ကြီး ကိုယ်တိုင်အနေနဲ့ သော်လည်းကောင်း စနစ်တကျ ဆောင်ရွက်သွားမှာဖြစ်တယ်ဆိုတဲ့ အဖြေကိုပြန်လည်ရရှိတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ အထူးပဲ ကျေးဇူးအများကြီး တင်ပါတယ်လို့ ဥက္ကဋ္ဌကြီးကို ပြန်လည်တင်ပြ ပြောကြားလိုပါတယ်၊ ကျေးဇူးအများကြီးတင်ပါတယ်။

**အချိန်၊၁၄း၁၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခက်ထိန်နန်တင်သွင်းတဲ့ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ် တွင် ကျောက်စိမ်းကျောက်မျက်များကို ထိန်းသိမ်း၍ ရေရှည်စနစ်တကျ တူးဖော်ထုတ်လုပ်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည်ပြုရန်သဘောတူမတူ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ) နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ်ရပ်၍ဆန္ဒခံယူတဲ့ နည်းလမ်း အဖြစ် လွှတ်တော်ရဲ့ ဆန္ဒကိုရယူပါမယ်။ဒီလိုဆန္ဒရယူရာမှာသဘောတူတဲ့ လွှတ်တော် ကိုယ်စားလှယ် များဟာ မိမိတို့နေရာမှာ မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။ အားလုံးထိုင်နိုင်ကြပါပြီ။

မတ်တတ် ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ (၄၀)ဦးထက် အထက်ရှိတဲ့ အတွက် ဦးခက်ထိန်နန်ရဲ့ အဆိုကို အတည်ပြုကြောင်းကြေညာပါတယ်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အစည်းအဝေးကို ခေတ္တရပ်နား ပါမယ်။ အစည်းအဝေးကို (၂)နာရီနဲ့ မိနစ် (၅၀)အချိန်မှာ ပြန်လည်ကျင်းပမှာဖြစ်ကြောင်းကြေညာ ပါတယ်။

**အချိန်၊၁၄း၁၈။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ၁၄း၁၈ နာရီအချိန်တွင် ခေတ္တ ရပ်နားပြီး ၁၄း၅၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၅၀။**

**အခမ်းအနားမှူး ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ အစည်းအဝေး ပြန်လည် စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး ။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသော နေရာမြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင် ကြပါပြီခင်ဗျား။

**ဦးရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)၏ သစ်တောသယံဇာတ မပြုန်းတီးရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အပြည့်အဝကာကွယ်နိုင်ရေးအတွက် သစ်တော ဥပဒေအား ပြင်ဆင်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၄း၅၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင်က သစ်တောသယံဇာတ မပြုန်းတီးရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အပြည့်အဝကာကွယ်ပေးနိုင်ရေးအတွက် သစ်တောဥပဒေအား ပြင်ဆင်ပြဋ္ဌာန်း ရန်နှင့်စပ်လျဉ်းတဲ့ အဆိုတစ်ရပ်တင်သွင်းလိုကြောင်းအမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခု ဦးရှုမောင် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၅၀။**

**ဦးရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးရှုမောင်ဖြစ်ပါတယ်။ ဒီနေ့ သစ်တောဥပဒေနဲ့ပတ်သက်လို့ ပြင်ဆင်တဲ့ ဥပဒေ တစ်ရပ်ပြဋ္ဌာန်းဖို့ အဆိုတစ်ရပ်တင်သွင်းမှာဖြစ်ပါတယ်။ သစ်တောရေးရာဝန်ကြီးဌာနမှာ စီမံခန့်ခွဲ နေတဲ့ ဥပဒေ(၂)ခုရှိပါတယ်။ အဲဒီထဲက သစ်တောဥပဒေကို သစ်တောသယံဇာတများ မပြုန်းတီး ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အပြည့်အဝကာကွယ်ပေးနိုင်ဖို့အတွက် အချို့ဥပဒေ တွေကို စာပိုဒ်တွေကို ပြင်ဆင်ပြဋ္ဌာန်းဖို့အတွက် အဆိုပြုတင်သွင်းမှာ ဖြစ်ပါတယ်။ သစ်တော

ဥပဒေဟာ မြန်မာနိုင်ငံမှာ ၁၉၀၂ခုနှစ် သူ့ကျွန်ဘဝရောက်နေတဲ့ အချိန်မှာ ဒီဗြိတိသျှအစိုးရဟာ The Forest ACT 1902 နဲ့ ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါတယ်။ ၁၉၀၂ ခုနှစ် ကတည်းက ပြဋ္ဌာန်းတဲ့ ဥပဒေကို နှစ်ပေါင်း(၉၀) ကြာတဲ့အခါမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ၁၉၉၂ ခုနှစ် တုန်းက သစ်တောဥပဒေနဲ့ပြန်လည်ရုပ်သိမ်းပြီး အသစ်ပြန်လည် ပြဋ္ဌာန်းခဲ့ပါတယ်။ ၁၉၉၂ ခုနှစ် သစ်တောဥပဒေမှာ အခန်းပေါင်း(၁၃)ခန်းပါဝင်ပြီး ဥပဒေစာပိုဒ်ပေါင်း(၅၈)ပိုဒ် ပါဝင်တာ တွေ့ရှိပါတယ်။ ဒီကနေ့နှစ်ပေါင်း(၂၀)ကြာလာတဲ့အခါမှာ ဒီသစ်တောဥပဒေဟာ ပစ္စုပ္ပန်ကာလ ပြောင်းလဲမှုများနဲ့ နှိုင်းယှဉ်ရာမှာ တချို့ကိစ္စရပ်တွေဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ များစပ်လျဉ်းတဲ့ လုပ်ဆောင်ရတဲ့ကိစ္စများကို တိုးတက်များပြားလာတာတွေ့ရှိရပါတယ်။ ဒါ့ကြောင့် သစ်တောဥပဒေမှာပါတဲ့ သစ်တောဥပဒေ အခန်း(၃) ပုဒ်မ ၈ မှာ နိုင်ငံတော်အတွင်း မည်သည့် နေရာတွင်မဆိုပေါက်ရောက်နေသော ကျွန်းပင်သည် နိုင်ငံတော်ပိုင်ဖြစ်သည်လို့ ပြဋ္ဌာန်းထားတာ ရှိခဲ့ပါတယ်။ သို့သော် ဒီနေ့ဒီအချိန်ခါမှာ ပုဂ္ဂလိကပိုင်ကျွန်းစိုက်ခင်းတွေ တည်ထောင်ခွင့်၊ လုပ်ကိုင်ခွင့်၊ အစုအဖွဲ့နဲ့ စိုက်ခင်းတွေတည်ထောင်ခွင့်၊ လုပ်ကိုင်ခွင့်တွေ ချမှတ်ပေးပြီးတဲ့ အတွက်ကြောင့် ခေတ်စနစ်နဲ့လျော်ညီတဲ့ ဥပဒေစာသား အပိုဒ်တစ်ပိုဒ်နဲ့ အစားထိုး ပြင်ဆင် သင့်ကြောင်း တင်ပြလိုပါတယ်။ ဒီကျွန်းသည် နိုင်ငံတော်ပိုင်ဖြစ်တယ်ဆိုတာ ယခင့် ယခင် မြန်မာ ဘုရင်မင်းလက်ထက်ကတည်းကပြဋ္ဌာန်းခဲ့တဲ့အမိန့်တွလည်းကျွန်တော်တို့လေ့လာတွေ့ရှိပါတယ်။ ယခင်မြန်မာဘုရင် မင်းလက်ထက်မှာ သကြားဆန် နားပန်းကျွန်းနဲ့ ပတ်သက်လို့ သွားကြားထိုး တန်တောင် မလုပ်ရဘူး။ နားကပ်တောင်မလုပ်ရဘူးလို့ ပိတ်ပင်ထားခဲ့တဲ့ တားဆီးထားခဲ့တဲ့ အမိန့်တွေ၊ ရှိခဲ့ဖူးတာကို တွေ့ရှိရပါတယ်။ သို့သော် ခုအချိန်မှာ ကျွန်းကိုပုဂ္ဂလိကပိုင် စိုက်ခွင့် ပေးလာတဲ့အတွက်ကြောင့် ပိုင်ဆိုင်ခွင့်ကိုလည်းပဲ သင့်တော်တဲ့ ဥပဒေစာပိုဒ်များနဲ့ အစားထိုး ပြင်ဆင်သင့်ကြောင်း တင်ပြခြင်း ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ပုဒ်မ ၁၆ မှာ စီးပွားဖြစ် သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်ရရှိသူသည် ခွင့်ပြုမိန့်အရ နိုင်ငံတော်အတွက် သစ်တော စိုက်ခင်း တည်ထောင်ခြင်း သို့မဟုတ် သဘာဝနည်းလမ်းဖြင့် သစ်တောပြုစုပျိုးထောင်ခြင်း လုပ်ငန်းကို ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။ ယင်းလုပ်ငန်းကို မိမိကုန်ကျစရိတ်ဖြင့် သတ်မှတ်ချက်နှင့် အညီဆောင်ရွက်ပေးရမည်လို့ ပြဋ္ဌာန်းထားတာရှိပါတယ်။ ဒီနေရာမှာ သစ်တောထွက်ပစ္စည်း ထုတ်ယူရရှိတဲ့ပုဂ္ဂိုလ်သည် ဒီစိုက်ခင်း သို့မဟုတ် သဘာဝနည်းနဲ့ပဲ ထိန်းသိမ်းပြီးတော့ သစ်တောပြန်လည် ဖြစ်မြောက်အောင် လုပ်ပေးဖို့ တာဝန်ရှိတယ်ဆိုတဲ့အစား တာဝန်ကိုရှိကိုရှိစေရမယ်ဆိုတဲ့အသုံးအနှုန်းနဲ့အစားထိုးဖို့အကြံပြုတင်ပြအပ်ပါတယ်။ ဘာပဲဖြစ်ဖြစ်

သစ်တောထွက်ပစ္စည်းထုတ်လုပ်ခွင့်ရရှိသူသည် သူ့ရဲ့အကျိုးစီးပွားအတွက် လုပ်တာမှန်သော်လည်းပဲ အခုအချိန်မှာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့အတွက် သစ်တောသယံဇာတကို ထိန်းသိမ်းရေးသည် အဓိကလုပ်ငန်း ဖြစ်တဲ့အတွက်ကြောင့် ဘယ်လိုနည်းနဲ့ပဲ ဖြစ်ဖြစ် စိုက်တာပဲဖြစ်ဖြစ် Regeneration လို့ခေါ်တဲ့ သဘာဝနည်းနဲ့ပဲ ပြန်လည်ရှင်သန်ရှင်သန်၊ ကုန်ကျစရိတ်ကို ထုတ်လုပ်ခွင့်ရရှိတဲ့သူဟာ ကျခံဖို့တာဝန်ရှိပါတယ်။ ဒါကြောင့်မို့ ဤစာပိုဒ်ကို ပြင်ဆင်အစားထိုးဖို့ ကျွန်တော်တို့ အကြံပြုခြင်းဖြစ်ပါတယ်ခင်ဗျား။ နောက်တစ်ချက်ကတော့ သစ်တောဥပဒေမှာ ပုဒ်မ ၂၄ မှာ သစ်တောထွက်ပစ္စည်းများ သယ်ယူပို့ဆောင် သယ်ယူရွှေ့ပြောင်းရေးကို စစ်ဆေးရန်နှင့် ကျသင့်သောအခွန်အခများကို ကောက်ခံနိုင်ရန် လိုအပ်သော သစ်တောကင်းရုံများကို တည်ထောင်ထားရှိနိုင်ပါတယ် ဆိုတဲ့စာပိုဒ်တစ်ပိုဒ်ရှိပါတယ်။ ဒီစာပိုဒ်မှာလည်းပဲ ဒီသစ်တောကင်းရုံတွေ ဟာ ခုအချိန်မှာ အမှုပေါင်းမြောက်မြားစွာ မသမာမှုပေါင်း မြောက်မြားစွာရှိခဲ့တာ ကြားသိနေရပါတယ်။ ဒါကြောင့်မို့မလိုလားအပ်သော မသမာမှုများမရှိစေရေးနဲ့ အကာအကွယ် အပြည့်အဝပေးနိုင်ဖို့အတွက် လိုအပ်တဲ့ပြင်ဆင်မှုများ၊ ဖြည့်စွက်မှုများ ပြဋ္ဌာန်းသင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။ ဒီသစ်တောဥပဒေနဲ့ပတ်သက်လို့ အဓိကသည် သစ်တောထိန်းသိမ်းရေးနှင့် သစ်တောပြုစုပျိုးထောင်ထိန်းသိမ်းခြင်းနဲ့ ထုတ်ယူသုံးစွဲခြင်းအပိုင်းကို ဖော်ပြထားတာ ဖြစ်ပါတယ်။ အဲဒီတော့ဒီအချိန်မှာ မနေ့တစ်နေ့ကလည်း ရှင်းလင်းတင်ပြပြီး ဖြစ်ပါ တယ်။ မြန်မာနိုင်ငံ သစ်တောဖုံးလွှမ်းမှုသည် လွန်ခဲ့တဲ့ နှစ်ပေါင်း(၃၀)က ပြန်ကြည့်ရင် (၁၅)ရာခိုင်နှုန်း လောက်ကျဆင်းသွားပြီး တစ်နိုင်ငံလုံးရဲ့(၅၀)ရာခိုင်နှုန်း အောက်ကိုကျလာတဲ့ အနေအထားကို တွေ့ရှိပါတယ်။ အတိတ်ကာလကိုပြန်ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံဟာ ပုဂံဒေသမှာ မြကန်သာ တောင်ကျချောင်းတေး ရေဝင်ပြေးလှည့် ရေအေးကြည်စွာ ကန်ပိုင်မာလျက် ပုဂံဒေသဟာ အင်မတန်စိမ်းစိုပြီး တောတောင်တွေနဲ့ စမ်းချောင်းတွေနဲ့ သာယာတယ်ဆိုပြီး ကဗျာစပ်ဆိုထားတာ ရှိပါတယ်။ ဒီနေ့ဒီအချိန်ခါမှာ ပုဂံဒေသကို အထူးစိမ်းလန်းစိုပြည်ရေးဒေသ သတ်မှတ်ပြီး စိုက်ပျိုး ထိန်းသိမ်းနေရတာ ရှိပါတယ်။ အလားတူပဲ ၁၈၀၀ ခုနှစ်ကျော်မှာ ကျွန်တော်တို့ ရခိုင်ဒေသနဲ့ တနင်္သာရီဒေသကို နယ်ချဲ့အင်္ဂလိပ်တွေက သိမ်းပိုက်တဲ့အခါမှာ ဒီနေရာမှာ ပေါက်ရောက်နေတဲ့ ကျွန်းပင်တွေ တစ်ငုတ်မကျန် ခုတ်ယူသွားခဲ့တာ ဒီကနေ့အထိ ရခိုင်ပြည်နယ်မှာ ကုလားတန် မြစ်ဝှမ်းလို့ခေါ်တဲ့ ကစ္စပနဒီမြစ်ကြောင်းကိုမော်တော်သင်္ဘောနဲ့ စီးပြီးကြည့်မယ်ဆိုရင်တောင်ကတုံး တွေမှာ ဝါးပင်ကလွဲလို့ သစ်ပင်များများစားစား မပေါက်တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ သစ်ပင် တွေဟာ တောင်တစ်လုံးချင်းမှာ ဘယ်နှစ်ပင်ရှိတယ်ဆိုတဲ့အထိ ရေတွက်လို့ရနိုင်တဲ့ အနေအထား

ရှိပါတယ်။ ဒါဟာလွန်ခဲ့တဲ့ ၁၈၀၀ ခုနှစ် ကတည်းက အင်္ဂလိပ်တွေ ခုတ်ယူသွားပြီး ပြန်လည် မစိုက်ပျိုးနိုင်ခဲ့တာ အခုအချိန်ထိဖြစ်ပါတယ်။ အလားတူပဲ ဟိုတုန်းကမော်လမြိုင်ပတ်ဝန်းကျင် မှာလည်းပဲ ကျွန်းတောတွေနဲ့ ပြည့်နေတယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။ ဒါကို အင်္ဂလိပ်တွေက ခုတ်ယူသွားပြီး တဲ့နောက်ပိုင်းမှာ အခုအချိန်မှာတော့ မွန်ပြည်နယ်မှာ ရာဘာစိုက်ခင်းတွေ အထူး သဖြင့် အထူးပြုရာဘာစိုက်ခင်းတွေ တိုးပွားလာတဲ့အတွက်ကြောင့် သစ်ပင်သစ်တောတွေဟာ (၁၀)နှစ်လောက်ပဲ ရှိသေးတဲ့ကာလမှာ အများအပြားတိုးတက်လာတာ တွေ့ရှိရပါတယ်။ ရခိုင် ပြည်နယ်မှာလည်း အခု ရာဘာစိုက်ခင်းတွေ အစပျိုးနေပြီလို့ ကြားသိရှိရပါတယ်။ ဒါဟာ ကျွန်တော်တို့ ယခင်အတိတ်ကာလကို ပြန်ကြည့်ရင် သစ်တောသစ်ပင်တွေများပြားခဲ့တာ တွေ့ ရှိပါတယ်။ သစ်တောသစ်ပင်ပြုစုပျိုးထောင်ထိန်းသိမ်းခြင်းလုပ်ငန်းကConservation လို့ခေါ်တဲ့ လုပ်ငန်းတွေလုပ်တဲ့အခါ ကျွန်တော်တို့နိုင်ငံမှာ အဖိုးတန်သစ်၊ အထူးသဖြင့် ကျွန်းသစ် ဘယ်နိုင်ငံ မှာမှမရှိတဲ့ ကျွန်းသစ် ကျွန်တော်တို့နိုင်ငံမှာ ပိုင်ဆိုင်ပါတယ်။ ဒီကျွန်းသစ်ဟာ ဘယ်လောက် တောင် တန်ဖိုးရှိသလဲဆိုရင် ကျွန်တော်တို့ သင်္ဘောတည်ဆောက်တဲ့အခါမှာ ကြမ်းခင်းကို ကျွန်းသစ်ကလွဲလို့ ဘယ်ပစ္စည်းနဲ့မှ အစားထိုးလို့မရသေးဘူးဆိုတာ ကျွန်တော်တို့ သိရှိရပါတယ်။ ဒါကြောင့်မို့ ယခု အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယတို့၊ ထိုင်းတို့မှာ ကျွန်းသစ်နဲ့ပတ်သက်လို့ အထူးကြပ်မတ်ပြီး စိုက်ပျိုး ထိန်းသိမ်းနေတာတွေ့ရှိပါတယ်။

နောက်အင်ဒိုနီးရှားတို့၊ ဘရားဇီးတို့မှာလည်းပဲ ကျွန်းစိုက်ခင်းတွေ ကျွန်တော်တို့ စပါးစိုက်သလို အတန်းလိုက်စိုက်ပြီးတော့ စီးပွားဖြစ်ထုတ်လုပ်ဖို့အတွက် ကြံ စည်နေတာ ကျွန်တော်တို့ ကြားသိရပါ တယ်။အဲဒီတော့ ကျွန်တော်တို့ နိုင်ငံမှာလည်းပဲ ကျွန်းသစ်သာမက အခြားအဖိုးတန်သစ်မျိုးမြောက်မြားစွာရှိတဲ့အချိန်မှာ ယခုအချိန်မှာ ဘာဖဲပြောပြော ထုတ်လုပ်မှုဟာ နှစ်စဉ်နှစ်စဉ် တိုးတက်များပြားလာတဲ့အတွက်ကြောင့် အဖိုးတန်သစ်တောတွေဟာ ဆုံးရှုံးလျော့နည်း လာတာတွေ့ရှိပါတယ်။ နောက်တစ်ချက်ကတော့ကျွန်တော်တို့ သစ်တောပြုစုပျိုးထောင်ထိန်းသိမ်းတဲ့ နေရာမှာ ဌာနဆိုင်ရာဝန်ထမ်းများဟာ ပညာရှင်များဖြစ်တဲ့အတွက်ကြောင့်နည်းမျိုးစုံနဲ့ လုပ်သော် လည်းပဲ ကိန်းဂဏန်းများကို ကြည့်တဲ့အခါမှာ တိုးတက်လာခြင်းမရှိသေးတဲ့အတွက်ကြောင့် ဒီထက် ပိုမို ထိန်းသိမ်းပြုစုပျိုးထောင်ဖို့ လိုအပ်တယ်လို့ ကျွန်တော်တို့ယူဆပါတယ်။ ဒါနဲ့ပတ်သက်လို့လည်းပဲ ဥပဒေကို သီးခြားပြဋ္ဌာန်းဖို့လိုအပ်တယ်လို့ ကျွန်တော်တို့သုံးသပ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီမြန်မာနိုင်ငံမှာ အခု ခုံဖိနပ်တို့စတဲ့ လုပ်တဲ့ သစ်ပျော့ သိပ်အဖိုးမတန်တဲ့ သစ်ရောင်းရင်လည်း ဈေးများများမရတဲ့ သစ်မျိုးတွေ များပြားနေတာ ကျွန်တော်တို့ တွေ့ရှိပါတယ်။ ဥပမာ စစ်တောင်း

မြစ်ဝှမ်းမှာ ဘိုင်၊ ဒီဒူး စတဲ့သစ်မျိုးတွေကို အလကားပေးလည်းမယူပါဘူး။ ခိုးတဲ့လူကလည်း မခုတ်ပါဘူး။ ဒါတွေဟာ သစ်တောတစ်တောလုံးကို မင်းမူပြီးတော့ ပေါက်ရောက်နေတာ ကျွန် တော်တို့ တွေ့ရှိပါတယ်။ အလားတူပဲ ကျွန်တော်တို့ ဧရာဝတီတိုင်းမှာ တောင်သရက်ဆိုတဲ့ သစ်မျိုးတွေဟာ ဒါမင်းမူနေတာ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာအဖိုးမတန်တဲ့ သစ်တွေကိုလည်းပဲ Utilization လို့ခေါ်တဲ့ သစ်တောထဲက ပြန်လည် အသုံးချတဲ့နေရာမှာ ကျွန်တော်တို့ နိုင်ငံတော်မှာ ဒီသစ်တွေဟာ ပေါပေါများများ ထုတ်ယူရရှိတဲ့ အခြေအနေမှာ အခြားနိုင် ငံတွေ ပြေန်ကြည့်ရင် ကျွန်တော်တို့ အော်ရေးရှား လို့ ခေါ်တဲ့ သစ်မျိုးကိုဘဲ အဖိုးတန် သစ်အနေနဲ့ သဘောထားပြီးတော့ ဒါဇကကိုထောင်နဲ့သောင်းနဲ့ ချီစိုက်ပျိုးပြီးတော့ ကျွန်တော်တို့ အခုခေတ်လွှတ်တော်အသစ်ကြီးမှာလည်းပဲ ရေးရာဆောင်တွေမှ အစည်းအဝေးခန်း မတွေမှာ ကျွန်တော်တို့ အစည်းအဝေးစားပွဲတွေ ဒီ MDF လို့ခေါ်တဲ့ (Medium Density Fiber Board)နဲ့ ကျွန်တော်တို့ လွယ်လွယ်ခေါ်တာတော့ ဒီကျွန်တော်တို့ ဘုတ်ပြားတွေ ဒါတွေကိုဘဲ ကျွန်တော်တို့က ဒါတွေကိုပဲ တန်ဖိုးထားပြီတော့ ကျွန်တော်တို့နိုင်ငံခြားကတင်သွင်းပြီး သုံးစွဲနေရတာရှိပါတယ်။အမှန်အားဖြင့် ဒီစက်မျိုးတည်မယ်ဆိုရင် ဒေါ်လာ ၁၀ သန်းအထက် ရှိပါတယ်။ ဘယ်လိုပဲပြောပြော ဒီအချိန်မှာ ကျွန်တော်တို့သည် ဒီတန်ဖိုးမရှိတဲ့ သစ်တွေ ကို အခုလို MDF လုပ်တဲ့စက်မျိုးတည်ထောင်ပြီး ကျွန်တော်တို့က သစ်တွေကို အသုံးချ ၊ တန်ဖိုးမရှိတဲ့ သစ်ပင်တွေ နေရာတွေမှာ တန်ဖိုးကြီးတဲ့ သစ်ပင်တွေ ပြန်အစားထိုးစိုက် ဒီလိုစနစ်မျိုးနှင့် ကျွန်တော်တို့ လုပ်ဆောင်သွားဖို့လိုအပ်ပါတယ်။ ဒါကိုလည်းပဲ ဒါ နည်းဥပဒေ ညွှန်ကြားချက်စသည်အားဖြင့် ထုတ်ပြန်ပြီး ကျွန်တော်တို့ ဆောင်ရွက်သွားသင့်တယ်လို့ ကျွန်တော်တို့ သုံးသပ်ရရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီနိုင်ငံတော်သစ်တောရေးရာဝန်ကြီးဌာနအနေနှင့် ဆောင်ပုဒ်တစ်ခုထုတ်ပြန်ထားတာ ကျွန်တော်တို့ အင်မတန်အားရဝမ်းသာစရာ ကြားသိရပါတယ်၊ ဒါကတော့ တောင်ကတုံးကို ယောင်ထုံးမည်ဆိုတဲ့ ဆောင်ပုဒ်ဖြစ်ပါတယ်။ အဲဒီတော့ အခုလက်တွေ့လည်းပဲ ကျွန်တော်တို့ အပူပိုင်းစိမ်းလန်းစိုပြည်ရေးဒေသတွေမှာ ယခင် က မြက်ပင်ပဲရှိတဲ့နေရာတွေမှာ အခု တမာပင်တွေ၊ အလယ်ပိုင်းဒေသမှာ ပေါက်ရောက်နိုင်တဲ့ ရှားပင်တွေ စသည်အားဖြင့် အပင်တွေ တိုးတက်များပြားလာတာ ကျွန်တော်တို့ တွေ့ရှိပါတယ်။ အင်မတန်ဝမ်းသာစရာကောင်းပါတယ်။ ဒါကြောင့်မို့ ဒီအလယ်ပိုင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်တဲ့နည်းတူ ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ သစ်တောသစ်ပင်နဲ့ ပတ်သက်လို့ လျော့ပါးလျော့နည်းလာတဲ့ အခြေအနေမှာ ဒီသစ်တောသယံဇာတတွေ ကို ထိန်းသိမ်းဖို့ နောက်သဘာဝပတ်ဝန်းကျင်ကို အပြည့်အဝထောက်ကူပေးနိုင်ဖို့အတွက် ဒီသစ်တောဥပဒေကို လိုအပ်သလို

ပြုစုပျိုးထောင် ထိန်းသိမ်းခြင်းဖြစ်စေ ထုတ်ယူသုံးစွဲခြင်းဖြစ်စေ စနစ်တကျ လုပ်ကိုင်သွားသင့်တယ်လို့ ကျွန်တော်တို့ သုံးသပ်တင်ပြလိုပါတယ်။

နိဂုံးချုပ်တင်ပြလိုတာကတော့ သစ်တောရေးရာဝန်ကြီးဌာနမှာ ကျွန်တော်တို့ မြန်မာနိုင်ငံ သစ်တောသည် သဘာဝသစ်တောဖြစ်ပါတယ်။ သဘာဝသစ်တောကနေ ထုတ်ယူပြီးတော့ စနစ်တကျထုတ်ယူပြီး ကျွန်တော်တို့ ရောင်းချနေတာဖြစ်ပါတယ်။ ဒီသစ်တောရေးရာ ဝန်ကြီးဌာန အခေါ်အားဖြင့် ထာဝစဉ်တောထွက်ညီတဲ့ စနစ်ကို ဆိုလိုပါတယ်။ အရွယ်ရောက်တဲ့ သစ်ပင်ကို ခုတ်ယူရောင်းချခြင်းဖြစ်ပါတယ်။ ဒါ Sustainable Forest Management လို့ သစ်တောရေးရာဝန်ကြီးဌာနက သတ်မှတ်ထားတာ ကျွန်တော်တို့ လေ့လာတွေ့ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ တိုက်တွန်းလိုတာကတော့ အခုအချိန်မှာ ဒီခေတ်စနစ်တွေ တိုးတက်လာတဲ့အချိန်မှာ ဥပမာအားဖြင့် ကနေဒါနိုင်ငံတို့၊ ရုရှားနိုင်ငံတို့ ဒီနိုင်ငံတွေမှာ သစ်တောတွေကို ဒီနှစ်ကို တန်ချိန်(၁) သန်းဆိုရင် နောက်နှစ်ကို တန်ချိန် (၁.၁)သန်း၊ နောက်နှစ်ကို တန်(၁.၁၁၅)သန်းစသည်ဖြင့် တိုးတက်ထုတ်လုပ်နိုင်တာကို တွေ့ရှိပါတယ်။ သူတို့တွေရဲ့ ဆောင်ပုဒ်ကတော့ ဒီ Progressive Forest Management လို့ သူတို့ခေါ် ပါတယ်။ အဲဒီတော့ အမြဲတမ်း ထာဝစဉ် တောထွက်ညီတာ မဟုတ်ဘဲနဲ့ အမြဲတမ်း သစ်တောသယံဇာတကို တိုးတက်ထုတ်လုပ်နိုင်အောင် သူတို့တိုးတက်ပြီးတော့ ပြုစုပျိုးထောင်တာ နည်းစနစ်သစ်တွေနဲ့ ဆောင်ရွက်နေတာ တွေ့ရှိပါတယ်။ ဒါကြောင့်မို့လို့ စနစ်သစ်များကို ကျွန်တော်တို့ဖြစ်နိုင်ရင် အခုချက်ခြင်း ဆိုလိုတာ မဟုတ်ပါဘူး။ တစ်ချိန်ချိန်မှာဖြစ်မြောက်လာအောင်ဆောင်ရွက်နိုင်ဖို့ တိုက်တွန်းအဆိုပြုအပ်ပါတယ်။ နိဂုံးချုပ်အားဖြင့်ကျွန်တော်တို့မြန်မာနိုင်ငံသည် သစ်တောသယံဇာတပြုန်းတီးတဲ့အမြင်ထဲ ဖြစ်ပါတယ်။ ကိန်းဂဏန်းအရလည်း လွန်စွာကျဆင်းခဲ့တာ အမှန်ပဲဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းတဲ့ အတွက်ကြောင့် မြစ်ချော င်းတွေ တိမ်ကောလာတာလည်း အမှန်ပဲ ဖြစ်ပါတယ်။ ဒီရာသီဥတု ဖောက်ပြန်တဲ့ ဒဏ်၊ ရေကြီးတဲ့ ဒဏ်တွေလည်း အမှန်ခံစားနေရတာ လည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီသစ်တောဥပဒေကို သစ်တောသယံဇာတပြုန်းတီးရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အပြည့်အဝအကာ အကွယ်ပေးနိုင်ဖို့အတွက် ပြည်ထောင် စု အစိုးရကို တိုက်တွန်းကြောင်းအဆိုကို လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅း၀၅။**

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမဲ့သူရှိပါက ဆက်လက်ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၀၅။**

**ဦးညီညီထွန်း၊မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးရှုမောင် တင်ပြသွားတဲ့ အဆိုဟာ အလွန်တရာ ကောင်းမွန်တဲ့အတွက် ကျွန်တော်အနေနဲ့ အလေးအနက်ထောက်ခံပါကြောင်း ပြောကြားလိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅း၀၅။**

**ဥက္ကဋ္ဌ**။ ။ တင်သွင်းသွားတဲ့ အဆိုနဲ့ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးရန် ရှိပါက ရှင်းလင်းဆွေးနွေးနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ် စားလှယ်များခင်ဗျား။ ဦးရှုမောင် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ သစ်တောသယံဇာတ မပြုန်းတီးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အပြည့်အဝအကာကွယ် ပေးနိုင်ရေးအတွက် သစ်တောဥပဒေအားပြင်ဆင်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆို ဖြစ်ပါတယ်။ ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့် /မသင့်လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘော တူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးရှုမောင်ရဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးရှုမောင် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ဒု တိယညွှန်ကြားရေးမှူးချုပ်ထံ အမည် စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

## ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)၏ ပို့ဆောင်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများကို ဦးစားအဆင့်အလိုက် ပြင်ဆင်ရေးဆွဲပြုစုပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၅း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက ပို့ဆောင်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများကို ဦးစား ပေးအဆင့်အလိုက် ပြင်ဆင်ရေးဆွဲ ပြုစု ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်ရန်နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခု ဦးခင်မောင်ရီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၀၇။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှ တ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စု အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ငွေစာရင်းကော်မတီဝင် ဦးခင်မောင်ရီ ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနက ကျင့်သုံးနေလျက်ရှိတဲ့ ဥပဒေများအနက် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း ပြုသင့်တဲ့ ဥပဒေများနဲ့ ပတ်သက်လို့ ပြုပြင်ရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းတဲ့အဆိုတစ်ရပ် တင်သွင်းမှာ ဖြစ်ပါတယ်။ ဒီအဆို ဖြစ်ပေါ်လာရခြင်း အကြောင်းအရင်းကလည်း ကျွန်တော်ပြီးခဲ့တဲ့ မေ နဲ့ ဇွန်လများမှာ လွှတ်တော်

(၂)ရပ်ရဲ့ လုပ်ငန်းကော်မတီများကို လုပ်ငန်းစွမ်းရည်မြှင့်၊ လုပ်ငန်းဆွေးနွေးပွဲများမှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးများရဲ့တာဝန်ပေးချက်အရ ကော်မတီများဟာ နိုင်ငံတော်အစိုးရက ကျင့်သုံးနေတဲ့ဥပဒေများကို ကော်မတီအလိုက် ခွဲပြီးတော့ တာဝန်ယူ လေ့လာကြရပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီက ဝန်ကြီးဌာန (၁၇)ခုက ဥပဒေပေါင်း (၁၁၃) ခုကို လေ့လာခဲ့တဲ့နေရာမှာ ဥက္ကဋ္ဌရဲ့ စီစဉ်ပေးချက်အရ ကျွန်တော်တို့ အဖွဲ့ငယ်(၄)ဖွဲ့ခွဲပြီး ကျွန်တော်တို့ လေ့လာပါတယ်။ ကျွန်တော်အပါအဝင်ဖြစ်တဲ့ အဖွဲ့ငယ်ဟာ ပို့ဆောင်ရေးဝန်ကြီးဌာနက ဥပဒေများကို လေ့လာရတဲ့အတွက်ကြောင့် ဒီလေ့လာတွေ့ရှိချက်နဲ့ ပတ်သက်လို့ ကော်မတီရဲ့ သဘောထားလည်း ကျွန်တော်တင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှာ ကျင့်သုံးနေတဲ့ ဥပဒေတွေထဲက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော်ရဲ့ ဖွဲ့စည်းပုံအခြေခံနဲ့ မကိုက်ညီတာ၊ ပြဋ္ဌာန်းချက်တွေနဲ့ မကိုက်ညီတာ၊ နောက်ပြီးတော့ ကျင့်သုံးနေတဲ့ ဒီမိုကရေစီစနစ်ခေတ်ကာလအခြေအနေနဲ့ မကိုက်ညီတာတွေကို လိုအပ်လျှင် ပယ်ဖျက်၊ ပြင်ဆင်၊ အသစ် ပြဋ္ဌာန်းစေဖို့အတွက် ကျွန်တော်တို့ကအဆိုတစ်ရပ်ကို တိုက်တွန်းသွားမှာ ဖြစ်ပါတယ်။ ဒီအဆိုတင်ပြတဲ့နေရာမှာ များပြား တဲ့အတွက်ကြောင့် ကျွန်တော်အနေနဲ့ ဖတ်ကြားတင်သွင်းခွင့် ဖတ်ကြားတဲ့နေရာမှာလည်း မူရင်းဥပဒေပါအတိုင်း အင်္ဂလိပ် ဘာသာစကားသုံးစွဲခွင့်နဲ့ ဥပဒေများပြားတဲ့အတွက် သတ်မှတ်ချိန် အနည်းငယ်ကျော်သွားရင် ခွင့်ပြုနိုင်ပါရန် ဥက္ကဋ္ဌကြီးအား ကြိုတင်ပန်ကြားပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌ ကြီးခင်ဗျား။ ပြည် ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ကျင့်သုံးလျက်ရှိတဲ့ ဥပဒေ ၂၂ ခုရှိပါတယ်။ ဒီဥပဒေများ အနက် ၁၄ ခုဟာ ကိုလိုနီ ခေတ် ၁၈၄၁ ခုနှစ်က ၁၉၃၇ ခုနှစ်ကြားမှာ ရေးဆွဲခဲ့ကြတဲ့ Indian Act များဖြစ်ကြပြီးတော့ ကျန်တဲ့ ဥပဒေ ၈ ခုကတော့ လွတ်လပ်ပြီးနောက် ၁၉၅၀ ခုနှစ်နောက်ပိုင်းမှာ ခေတ်အဆက်ဆက် အစိုးရ က ပြဋ္ဌာန်းခဲ့ကြတဲ့ ဥပဒေများ ဖြစ် ကြပါတယ်။ ကျွန်တော်အနေနဲ့ ဒီ ဥပဒေ တစ်ရပ်ချင်းနဲ့ ပတ်သက်၍ ဆောင်ရွက်သင့်သည်များကို အချိန်ကို ငဲ့ကွက်သောအားဖြင့် အကျဉ်းသုံးသပ် တင်ပြပါမယ်။ (၁) ဥပဒေကတော့ (TheMyanmar Registration Ship Act 1841) ဖြစ်ပါတယ်။ ဒီဥပဒေဟာ ခေတ်စနစ်နဲ့ မကိုက်ညီတဲ့ပုဒ်မများ အသုံးအနှုန်းပြဋ္ဌာန်းချက်များဟာ ပြင်ဆင်သင့်ပါတယ်။ ဥပမာအားဖြင့် (His Majesty ship) တို့၊ (Indian Ship) တို့၊ (Steam Ship) စကားမျိုးတွေ ( Wire Telegraph Loop) (Wire LessTelegraph) စသည့် အသုံးအနှုန်းတွေဟာ ဒီခေတ်နဲ့ မညီတဲ့အတွက်ကြောင့်

ဒီစကားတွေလည်း ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ အဲဒီမှာပါတဲ့ ဒ ဏ်ငွေများဟာ လည်း ကျပ် ၂၀၀ ထက်မပိုတဲ့ ဒဏ်ငွေများ ဖြစ်တဲ့အတွက်ကြောင့် ခေ တ်ကာလနဲ့အညီ ပြင်ဆင်သင့်တဲ့ ဥပဒေတစ်ခုဖြစ် ကြောင်းလေ့လာ သုံးသပ်တွေ့ရှိရပါတယ်။ လေ့လာတဲ့နေရာမှာ ၊ ပြင်ဆင်တဲ့ နေရာမှာလည်း ဒါအချိန်ယူလုပ်ရမှာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့ အဝန်း အဝိုင်းဖြစ်တဲ့ အာဆီယံအသိုင်းအဝိုင်းများ နိုင်ငံများနဲ့ ချိန်ထိုး လေ့လာပြီးတော့ ပြင်ဆင်သင့် ပါကြောင်း လေးစားစွာအကြံပြုတင်ပြအပ်ပါတယ်၊ နံပါတ်(၂)ကတော့ The Bills Of Loading Act 1856 ဖြစ်ပါတယ်။ ဒါ ခေတ်စနစ်နဲ့မညီဘူး ဆက်လက်ကျင့်သုံးလို့မရနိုင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ Container ခေတ် Super Tanker ဖြစ်လာတဲ့ အချိန်မှာ ဒါတွေဟာ ဒီပုံစံ နဲ့ လုပ်လို့မရတဲ့ အတွက်ကြောင့် ဒါလည်း ရုပ်သိမ်းလိုက်ပြီးတော့ အသ စ်ပြန်လည်ရေးဆွဲရင်တော့ သင့်မယ်လို ကျွန်တော် ယူဆပါတယ်။ နောက်တစ်ခုကတော့ Carrier Act 1865 ဖြစ်ပါတယ်။ ခေတ်စနစ်နဲ့ မညီဘူး။ ဆက်လက်ကျင့်သုံးရင် မရနိုင်ဘူး။ ဘာကြောင့်လည်းဆိုရင် Most of Carriage ပေါ့။ သယ်ယူပို့ဆောင်ရေး နည်းလမ်းတွေပြောင်းလာတယ်။ဒါကြောင့်မို့လို့ ဒါဟာလည်းပဲ ရုပ်သိမ်းသင့် ရုပ်သိမ်းပြီးတော့ အသစ်ပြန်လည်ရေးဆွဲသင့်တဲ့ ဥပဒေတစ်ရပ် ဖြစ်ပါတယ်။ အချိန်ယူလုပ်ဆောင် ရမယ့် လုပ်ငန်းတွေဖြစ်တယ်လို့ သုံးသပ်ပါတယ်။ နံပါတ်(၄)ကတော့ Myanmar Merchant Shipping Act 1923 ဖြစ်ပါတယ်။ ဒါကတော့ ဒီနောက်ပိုင်းမှာရေးတုန်းက ၁၉၂၃ဖြစ်ပေမဲ့ နောက်ပိုင်းမှာ လုပ်လာတဲ့ ကမ္ဘာဆိုင်ရာ (Convention) တွေလည်းပေါ်လာတဲ့အခါမှာ SOLAS Convention ကို ကျွန်တော်တို့က ဝင်ပြီးဖြစ်ပါသည်။ SOLAS Convention နဲ့လည်း ညီဖို့ လိုသလို တစ်ဖက်ကလည်း ILO ရဲ့ စံနှုန်းတွေနဲ့ညီ ဖို့လိုတယ်လို့ယူဆပါတယ်။ ဘာကြောင့်လည်း ဆိုလို့ရှိရင် ကျွန်တော်တို့က ILO ရဲ့ အဖွဲ့ ဝင်နိုင်ငံလည်း ဖြစ်တဲ့အတွက်ကြောင့် ILO ဟာ အလုပ်သမားလို့ခေါ်တဲ့ (Crews) ပေါ့ သင်္ဘောသားတွေနဲ့ ပတ်သက် လို့ တာဝန်ရှိတဲ့ အတွက်ကြောင့် သူရဲ့ စံနှုန်း ပြဋ္ဌာန်းချက်တွေနဲ့လည်း ညီဖို့လိုမှာဖြစ်ပါတယ်။ စကားရပ် များမှာလည်း Constitution နဲ့ မညီတဲ့ဟာတွေ ပါနိုင်တဲ့အတွက်ကြောင့် ဒါတွေ ကိုလည်း ပြင်ပေးသင့်ပါတယ်။ Act ပါဒဏ်ငွေတွေနဲ့ လည်းခေတ်နဲ့အညီ ပြင်ပေးသင့်ပါတယ်။ ဒီနေရာမှာ အာဆီယံနဲ့ မူလရေးခဲ့တဲ့ အိန္ဒိယနိုင်ငံမှာ လက်ရှိကျင့်သုံးနေတဲ့ ပြုပြင်ထားတဲ့ဥပဒေများနဲ့ ချိန်ထိုးလေ့လာ ဆောင်ရွက်မယ်ဆိုရင် များစွာသင့်တော်မယ်လို့ ကျွန်တော်တင်ပြလိုပါတယ် ။

ဒုတိယအချက်ကတော့ နိုင်ငံတကာစံ နှင့်အညီ စစ်ဆေး ရပါမယ်။ International Maritime Organization ဝင်တဲ့အတွက်ကြောင့် အဲဒီကနေ စစ်တဲ့ Program တွေ ရှိပါတယ်။ အဲဒီ အစီအစဉ်နဲ့အညီ စစ်ဆေးခံရတဲ့အခါမှာ ကျွန်တော်တို့ဘက်က ဘာလိုလဲဆိုတော့ ကျွန်တော်တို့မှာ အမျိုးသားစံနှုန်းရှိထားရင် Defence လုပ်လို့ရပါတယ်။ ခုခံကာကွယ်လို့ ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဆီမှာ National Auditing Body ဟာမျိုး၊ အမျိုးသားစစ်ဆေးရေး အာဏာ ပိုင် အဖွဲ့လိုဟာမျိုးရှိထားရင် ကျွန်တော်တို့ဘက်က မတ်တတ်ရပ်လို့ ကောင်းပါတယ်။ ရပ်တည်လို့ ကောင်းပါတယ်။ စစ်ဆေးတာ IMO က စစ်သလိုပဲ ILO ကလည်း လုပ်သားကိစ္စ စစ်ပါတယ်။ EU နိုင်ငံတွေမှာ ကျွန်တော် တို့ သင်္ဘောတွေ ဆိုက်ကပ်တဲ့အတွက်ကြောင့် EU နိုင်ငံတွေရဲ့ European Maritime Safety Association က EMSA က စစ်တာတွေ လည်း ရှိပါတယ်။ အဲဒီ စစ်ဆေးချက်အား လုံးဟာမှာ White List ဝင်မှ ကျွန်တော်တို့ နိုင်ငံ သင်္ဘော တွေဟာ နာမည်ကောင်းရတဲ့ အတွက်ကြောင့် လိုအပ် တာတွေ ကျွန်တော်တို့ လုပ်ဖို့ရှိပါတ ယ်။ ဒါတွေဟာ ပြင်ဆင်ဖွဲ့စည်းဖို့ လိုပါတယ်။ နောက် တစ်ခုက ကျွန်တော်တို့ MLC ပေါ့။ Maritime Labour Convention ၂၀၀၆ ကိုလည်း ကျွန်တော်တို့ လက်မှတ် ထိုးဖို့ရှိတယ်။ အဲဒါလုပ်မယ် ဆိုရင် ဒီလက်မှတ်ကို ထိုးလိုက်မှ ကျွန်တော်တို့ Crews တွေရဲ့ အာမခံချက်ရှိမှာဖြစ်ပါတယ်။ ဒီအတွက် ဒီ Convention ကို လက်မှတ်ထိုးရင် အဲဒါနဲ့ Inline ဖြစ်တဲ့ အမျိုးသားဥပဒေရေးဆွဲဖို့ လိုပါတယ်။ ဒါတော့ ကျွန်တော့ စိတ်ထဲမှာ ဦးစားပေး လုပ်ရမည့် ဟာလို့ ကျွန်တော်တို့အဖွဲ့က သုံးသပ်တင်ပြထားပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ MARPOL အဖွဲ့ဝင်နိုင်ငံ ဖြစ်ပါ တယ်။ MARPOL ဟာ ကျွန်တော်တို့ဟာ Annex ONE နဲ့ Two ကတော့ မဖြစ်မနေ ဒါလက်မှတ်ထိုးပြီး ဖြစ်ပါတယ်။ Annex.5 က လက်မှတ်ထိုးရတော့ မယ့်ဆဲဆဲရှိပါတယ်။ အဲဒါ ထိုးမယ်ဆိုရင် ကျွန်တော်ဟာ အံဝင်မယ့် ပတ်ဝန်း ကျင်ထိန်းသိမ်းရေး၊ အမျိုးသားဆိုင်ရာ ဥပဒေ ပေါ့။ ပင် လယ်ပြင်နဲ့ပတ်သက်တဲ့ ဥပဒေ တစ်ခု လိုမယ်လို့ထင်ပါတယ်။ ဒါမှ ကျွန်တော်တို့ ဟာ ရပိုင်ခွင့်အနေနဲ့ သင်္ဘောပိုင်းဆိုင်ရာ ရပိုင် ခွင့်၊ နောက်ပြီးတော့ Port ပေါ့၊ ဆိပ်ကမ်းနဲ့ဆိုင်တဲ့ ရပိုင်ခွင့်နောက် ကျွန်တော်တို့ပင်လယ်ပြင်၊ မြန်မာပင်လယ်ပြင် ကမ်းရိုးတန်း မြန်မာပိုင်နက် ပင်လယ်ပြင်မှာ Turastation ပေါ့။ ဥပဒေအရ ကျွန်တော်တို့ ဆောင်ရွက်ပိုင်ခွင့် ရှိမှာ ဖြစ်ပါတယ်။ အခုတော့ ကျွန်တော်တို့က ကျောက်ဖြူရေနက်ဆိပ်ကမ်းတို့၊ Oil Deport တို့ လည်း ပေါ်လာတယ်။ ထားဝယ်ရေနက် ဆိပ်ကမ်းရှိလာမယ် ။ ဒါကြောင့်မို့ ထည့်သွင်း

စဉ်းစားရမယ်။ နောက်တစ်ခါ ဒီမှာပါတဲ့ MARPOL မှာပါတဲ့ အခိပ္ပာယ်ဖွင့်လှစ်ချက်က Ship ဆိုတဲ့ စကားထဲမှာ Drilling Drift ပေါ့။ ဒီ Drilling Compound တွေပါ ရေနံ တွင်း တူးစင်ကြီးတွေပါ သတ်မှတ်ထားတာ ဖြစ်တဲ့အတွက်ကြောင့် အဲဒါတွေနဲ့ မက္ကဆီကို ပင်လယ်ကွေ့မှာ ဖြစ်တဲ့ဟာမျိုး Oil Spill မျိုးတွေ ဖြစ်ခဲ့ရင် ကိုယ်ဘက်က တရားဥပဒေ အရ အရေးယူနိုင်အောင် ဒီ MARPOL ဟာ လက်မှတ်ထိုး ဖို့လိုတယ်လို့ ထင်ပါတယ်။ ဒါကြောင့် အဲဒါ ကို ထိုး မယ်ဆိုရင် သူနဲ့အံဝင်မယ့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အမျိုးသားဥပဒေတစ်ခုရှိဖို့ လိုအပ်ပါကြောင်း အကြံပြုအပ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ တစ်ချိန်တုန်းက တော့ ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအရ လမ်းပန်း ဆက်သွယ်ရေးနဲ့ ကျွန်တော်တို့ သယ်ယူပို့ဆောင်ရေးဝန်ကြီး ဌာနဆိုပြီး အကုန်လုံးပေါင်းထားတဲ့အတွက်ကြောင့် နောက်ပိုင်းမှာ ကျွန်တော်တို့ဟာ ပို့ဆောင်ရေးဝန်ကြီး ဌာနနဲ့ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဆိုပြီး နှစ်ခုခွဲသွား ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနက ရေကြောင်း၊ လေကြောင်းကို တာဝန်ယူပြီးတော့ ရထားပို့ဆောင်ရေးကတော့ ကုန်းလမ်းပိုင်းကို တာဝန်ယူပါတယ်။ အဲဒီမှာ တစ်ချိန်တုန်းက ကျွန်တော်တို့ ကုန်းလမ်းနဲ့ ပြည်တွင်း ရေကြောင်း သယ်ယူပို့ဆောင်ရေးဆိုင်ရာလုပ်ငန်း ဥပဒေ ဆိုတာ ရှိခဲ့ပါတယ်။ နှစ်ခုလုံးကိုလွှမ်းခြုံပါတယ်၊ သို့သော် ဝန်ကြီးဌာန နှစ်ခု ခွဲတဲ့အခါမှာ ဥပဒေဟာ ဝန်ကြီးဌာန(၂)ခုမှာ တစ်ဖက်ဆီပါသွားတဲ့ အတွက်ကြောင့် ဟိုတုန်း ကကြီးကြပ်ခဲ့တဲ့ ဥက္ကဋ္ဌ ဟာ တစ်ဖက်မှာပါမယ်။ ဒုဥက္ကဋ္ဌက ဒီဘ က်မှာ ပါမယ်။ အတွင်းရေးမှူးက ဟိုဘက်မှာပါမယ် ဖြစ်သွားတဲ့ အတွက်ကြောင့် ဒီလိုဟာမဖြစ်ရအောင် ကျွန်တော်တို့ ဝန်ကြီးဌာနနှစ်ခုအတွက်လည်း သီးခြားဆီ ဖွဲ့စည်းပေးသင့်တယ်လို့ ကျွန်တော်တို့ ဘက်က အကြံပြုလိုပါတယ်။ နံပါတ်(၅)ကတော့ The Obstruction in Fairways Act 1881 နဲ့ The Defile Traffic Act 1907 ဒီနှစ်ခုကတော့ လက်ရှိတော့ မြစ်ချောင်းဖြိုးလို့ ခေါ်လို့ မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ကိုင်တွယ် ကျင့်သုံးတဲ့ ဥပဒေ(၂)ခု ဖြစ်ပါတယ်။ အဲဒီ Act တွေ မှာပါတဲ့ ဒဏ်ငွေတွေဟာလည်း ပြင်ဆင် သင့်တာ ဖြစ်ပါ တယ်။အဲဒီ Act တွေ လုပ်ခဲ့တုန်းက မပါခဲ့တဲ့ နောက်ပိုင်းဖွံ့ဖြိုးတိုးတက်မှုအရ ပေါ်ပေါက်လာတဲ့ နိုင်ငံတော်ရဲ့ စီမံကိန်းတွေပေါ့၊ စောစောကတင်ပြသွားကြတဲ့ ဥရုချောင်းလို ကိစ္စမျိုးတွေ၊ မြစ်ဆုံစီမံချက် လို ကိစ္စမျိုးတွေ အားလုံးကို လွှမ်းခြုံမိအောင် ဥပဒေပြုတဲ့အခါမှာ ဒါကိုပြန် ပြီးတော့ အချိန်ယူ ပြီးတော့ စဉ်းစားပြီးတော့ ပြုစုသင့်တယ်လို့ သုံးသပ်ပါတယ်။ နံပါတ်(၇)ကတော့ Yangon Port Act 1905 ဖြစ်ပါတယ်။ ဒါကတော့ ဆိပ်ကမ်း အာဏာပိုင်အဖွဲ့က ကိုင်တွယ်ကျင့် သုံးပါတယ်။

အဲဒီအထဲမှာ ကျွန်တော်တို့လေ့လာတဲ့အခါမှာ ခေတ်စနစ်နဲ့မဆီလျော်တဲ့ ပုဒ်မတွေ၊ ပုဒ်မခွဲတွေ ရှိနေပါတယ်။ တချို့လည်းရုပ်သိမ်းပြီးတော့ တချို့လည်းပြန်လည်ပြင်ဆင်ရန် သင့်ပါတယ်။ ဒါပေမယ့် သိရတာတော့ ဒါတွေ ဟာ AG ရုံးထိအောင်၊ ရှေ့နေချုပ်ရုံးထိအောင် ရောက်နေပြီ လို့သိရတဲ့ အတွက်ကြောင့် ကျွန်တော်တို့ဘက်က ကြိုဆိုပါတယ်။ နံပါတ်(၈)ဥပဒေကတော့ Port Act 1908 ဖြစ်ပါတယ်။ ဒါလည်းပဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်က ၁၈.၈.၂၀၀၈ နေ့ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၅/၂၀၀၈ နဲ့ ပြင်ဆင်ပြီး ဖြစ်ပါတယ်။ သို့သော်လည်းပဲ ပြင်ဆင်ထားတဲ့အထဲမှာပဲနောက်ပိုင်းတိုးလာတဲ့ port တွေရဲ့ အနေအထားနဲ့ ပုဒ်မ အချို့ဟာ ပြင်ဆင်ရန် တွေ့နေသေးတဲ့ အတွက်ကြောင့် ဒါလည်းနောက်ပိုင်း လိုအပ်တဲ့အမိန့် ညွှန်ကြားချက် ထုတ်ပြီးတော့ ပြင်ရင်တော့ ရနိုင်ပါတယ်။ နံပါတ်(၉)အနေနဲ့ Out Port Act 1914 ဖြစ်ပါတယ်။ ဒါလည်းပဲ နယကရဲ့ ၁၂.၆.၂၀၀၇နေ့ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆/၂၀၀၇ နဲ့ပြင်ဆင်ပြီး ဖြစ်ပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့ ထားဝယ်ဆိပ်ကမ်းတို့လို ၊ ကျောက်ဖြူ ရေနက် ဆိပ်ကမ်းတို့လိုကိစ္စမျိုး လွှမ်းခြုံမိအောင် ဒါလည်းပဲ ဖြည့်စွက်ပြင်ဆင်ရန် နောက်ပိုင်းမှာ လိုလာမယ်လို့ ကျွန်တော်ထင်ပါတယ်။ နံပါတ်(၁၀) ကတော့ Inland Steam Vessels Act 1917 ဖြစ်ပါတယ်။ အဲဒါကတော့ Steam Vessels ဆိုတာကတော့ ကျွန်တော်တို့ နိုင်ငံမှာ မကျင့်သုံးတော့တဲ့အတွက်ကြောင့် ဒီဥပဒေဟာ ရုပ်သိမ်း ပြင်ဆင်ရမယ့် ဥပဒေတစ်ခု ဖြစ်ပါ တယ်။ နံပါတ်(၁၁)ဥပဒေကတော့ Myanmar Carriage Of Goods by Sea Act 1925 ဖြစ်ပါတယ်။ အဲဒါက ရ.ည.န လို့ခေါ်တဲ့ ဒီ ရေကြောင်းညွှန်ကြားမှုဦးစီးဌာနက ကျင့်သုံးပါတယ်။ ဒါကလည်း ခေတ်ကာလနဲ့ ကိုက်ညီမှု မရှိပါဘူး။ ကျွန်တော်တို့က ICLL 1966 ဆိုတဲ့ဟာကို လက်ခံထားတာဖြစ်တဲ့ အတွက်ကြောင့် ဒါကျွန်တော်တို့ဒီဥပဒေကို ရုပ်သိမ်း လိုက်ပြီးတော့ အဲဒီစံ တွေနဲ့ ညီအောင် ပြန်ပြုပြင်ဖို့ ကျွန်တော်တို့လိုမယ်လို့ထင်ပါတယ်။ နောက်ပိုင်းမှာ ကျွန်တော်တို့ Callrush လို့ခေါ်တဲ့ Callation regulation ဆိုတဲ့ဟာတွေနဲ့ ပတ်သက်လို့ လက်မှတ်ထိုးရန် တွေလည်း ရှိလာနိုင်ပါတယ်လို့ ယူဆပါတယ်။ ဒါကြောင့် ဒါနဲ့ ပတ်သက်လို့ အချိန် ယူပြီး ရေးဆွဲ ပြင်ဆင်ရမယ့် ဥပဒေတစ်ခုဖြစ်ပါတယ် ။ တစ်စပ်တည်းမှာ ကျွန်တော်တင်ပြချင်တာ ကတော့ Carriage of Goods by Sea ဆိုတာသင်္ဘောပေါ့ သင်္ဘောနဲ့ကုန်သယ်တဲ့အခါမှာ ကျွန်တော်တို့ တည်ဆောက်မှုနဲ့ပတ်သက်လို့ မြန်မာ့ဝန်ကြီး ဌာနအောက်မှာ မြန်မာသင်္ဘောကျင်း တွေရှိပါတယ်။ ဒါပေမယ့်ကျွန်တော်တို့မှာ သင်္ဘောတည်ဆောက်တာ၊ ပြုပြင်ထိန်းသိမ်းတာ၊ ဝယ်ယူတာ၊ ရောင်းချတာ၊

Spare Parts တွေ ဝယ်တာနဲ့ပတ်သက်လို့ သီးသန့်ဥပဒေ မရှိသေးတဲ့အတွက်ကြောင့် ဒါလည်းပဲ ဥပဒေ တစ်ရပ်တော့ နောက်ပိုင်းမှာလိုလာမယ်လို့ ကျွန်တော်တို့အကြံပြုလိုပါတယ်။ နံပါတ်(၁၂) ကတော့ Myanmar Carriage of Goods by Air Act 1934 ဖြစ်ပါတယ်။

ဒါလည်းပဲ ရေးဆွဲစဉ်အချိန်နဲ့ ယခုနဲ့ခေတ်ကာလအချိန်အရ မကိုက်တော့ပါဘူး ။ ဒါကို ရုပ်သိမ်းပြီးပြင်ဆင်ရေးဆွဲဖို့အတွက် ဒါကို အချိန်ယူလေ့လာ ရန် ဖြစ်ပါတယ်။ DCA လို့ခေါ်တဲ့ လ.ည.န ကကျင့်သုံးတဲ့ ဥပဒေဖြစ်ပါတယ်။ နောက်တစ်ခုက Myanmar Air Craft Act 1934 ဖြစ်ပါတယ်။ ဒါလည်းပဲ DCA က ကျင့်သုံးပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လေယာဉ်တွေကို ကျွန်တော်တို့ ICAO ပေါ့။ International Civil Aviation Organization က အခါအား လျော်စွာ စစ်ဆေးလျက်ရှိပါတယ်။ ပုံမှန်စစ်ဆေးမှု ပြုပါတယ်။ ပြုတဲ့အခါမှာ ကျွန်တော်တို့နဲ့ ပတ်သက်လို့ ဘာကိုအကြံပြုတာများသလဲလို့ Safety Regulation ပေါ့။ ဒါနဲ့ ပတ်သက်လို့ ကျွန်တော်တို့ဘက်က Regration File ဆိုတဲ့ အကြံပြုချက်တွေ ရှိတယ်လို့ ကျွန်တော် သိရှိထားရပါတယ်။ ကျွန် တော်တို့ဘက်က အဲဒါနဲ့ စံဝင်အောင် ပြန်လုပ်ရမယ်ဆိုရင် လေယာဉ် ဖြည့်တင်းဖို့လိုတာပေါ့။ လေယာဉ်ဖြည့်တင်းမယ် ဆိုရင်တော့ လေယာဉ်ဝယ်ယူတာတို့ ၊ တည်ဆောက်တာတို့ အစိတ်အပိုင်းဝယ်ယူတာ သို့မဟုတ် ကိုယ့်ဘက်က တည်ဆောက်ပြီး ထုတ်ရောင်းတာစတဲ့ အဲဒါနဲ့ပတ် သက်လို့လည်း ဥပဒေများမရှိသေးတဲ့ အတွက်ကြောင့် နောင် ကျွန်တော်တို့ နိုင်ငံရဲ့ တိုးတက်လာမယ့် အခြေအနေပေါ့။ အခုပင်လျှင် MAI တစ်ခုတည်းတင် မကပဲ Myanmar Air Ways တစ်ခုတည်းသာမကပဲနဲ့ ပုဂ္ဂလိက Air Lines တွေပါနေတဲ့ အတွက် ကြောင့် ဒီလိုကိစ္စမျိုးတွေ လိုလာနိုင်တာ ဖြစ်တဲ့ အတွက်ကြောင့် အဲဒါမျိုးတွေကို ပို့ဆောင်ရေး ဝန်ကြီးဌာနက စီမံခန့်ခွဲနိုင်ခွင့်ရရှိအောင် ပြည့်စုံတဲ့ လေယာဉ်ဆိုင်ရာ ဥပဒေပေါ့နော်။ Comprehensive Aircraft Law တစ်ခုကို ရေးဆွဲပြု စု တင်သွင်းသင့် ပါကြောင်းလည်း ကျွန် တော်တို့အကြံပြုလိုပါတယ်။ နောက်တစ်ခုကတော့ ဒီ Myanmar Aircraft Act နဲ့အတူ ကျင့်သုံးတဲ့ Rule ပေါ့။ နည်းဥပဒေ(၂)ခုရှိပါတယ်။ Myanmar Aircraft Rule လို့ ခေါ်ပါတယ်။ ဒီမှာတော့ ဘာအကျုံးဝင်လည်းဆိုတော့ ဒီခေတ်မှာ ဖြစ်နေတာကတော့ လေယာဉ်အကြမ်းဖက် အနုကြမ်း စီးတာတွေပါလာတယ်။ ဒါကြောင့် ပြည်ထဲရေးဝန်ကြီးဌာန ကတော့ လေကြောင်းအကြမ်းဖက် နှိမ်နင်းမှုဆိုင်ရာ ဥပဒေကြမ်းတွေ ဘာတွေ ရေးဆွဲနေပါတယ်။ ဒါကြောင့် ဒါဟာ လွှမ်းခြုံနိုင်တဲ့အတွက်ကြောင့် ဒါကို ဝန်ကြီးဌာနက ပူးပေါင်းဆောင်ရွက်ရင်

ပြီးနိုင်ပါတယ်။ ဟိုတုန်း ကတော့ ပြည်ထဲရေးဝန်ကြီးဌာနက ဥက္ကဋ္ဌဖြစ်ပေမယ့် အခု ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကို ဥက္ကဋ္ဌ ပေးထားတယ်လို့ သိ ရပါတယ်။ ဒါကြောင့်မို့လို့ ဒါဟာ ဟိုဘက် ဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်ရမယ့်ကိစ္စတစ်ခုဖြစ်ပါတယ်။ အလားတူ The Myanmar Aircraft Public Health Rule ပေါ့။ ဒါကတော့ ကျွန်တော်တို့ Public Health ဆိုတာပါတဲ့အတွက်ကြောင့် ဘာလဲဆိုတော့ အဓိကတော့ Quarantine ကိစ္စတွေပေါ့။ ကူးစက်ရောဂါဆိုင်ရာ Quarantine ကိစ္စတွေပါပါတယ်။ အဲဒီ Quarantine ကိစ္စတွေကတော့ ကျွန်တော်တို့ အမြင်တော့ လေကြောင်းပို့ဆောင်ရေး DCA တို့၊ ပို့ဆောင်ရေး ဝန်ကြီးဌာနတို့က ဆွဲတာထက် ကျန်းမာရေး ဝန်ကြီးဌာနဘက်က ရေးဆွဲပေးမှ ဒီဘက်နဲ့ ပူးပေါင်း ဆောင်ရွက်တာပိုပြီးတော့ သင့်မြတ်မယ်။ ပိုပြီး အဆင်ပြေမယ်လို့ ကျွန်တော်တို့ထင်ပါတယ်။ ဒါနဲ့ပတ်သက်လို့အကြံပြုပါတယ်။ နံပါတ်(၁၄)ကတော့ The Myanmar Lighthouse Act 1937 ဖြစ်ပါတယ်။ ဒါကတော့ ခေတ်နဲ့ လျော်ညီအောင် ပြန်လည်ပြင် ဆင်ရမယ့် ဥပဒေတစ်ရပ် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ နံပါတ် (၁၅)ကတော့ လွတ်လပ်ပြီးခေတ်ရေးတဲ့ ဥပဒေ ဖြစ်ပါတယ်။ ပင်လယ်ရေကြောင်းသွားလာမှု သင်္ဘောတူစာချုပ်များအက်ဥပဒေ ၁၉၅၂ ဖြစ်ပါတယ်။ အဲဒါထုတ်ပြီးနောက်ပိုင်းမှာ ကျွန်တော်တို့က Brussell Convention ဆိုတဲ့ ၁၉၅၂ ခုနှစ်က Convention တစ်ခု ရှိပါတယ်။ အဲဒီ Convention ကို ကျွန်တော် နိုင်ငံက ၁၉၆၇ က လက်ခံထားတာ ဖြစ်ပါ တယ်။ ဒါပေမယ့် ကျွန်တော်တို့လက်မှတ်တော့ မထိုးသေး ဘူး ပေါ့လေ။ လက်ခံထားတယ်။ မထိုး သေးဘူး။ Convention ကလက်မှတ်ထိုးမယ်ဆိုရင် ကျွန်တော် တို့မှာ ကျွန်တော်တို့ဘက်က ဥပဒေကို ပြင် ဆင်ဖို့လိုပါတယ်။ ကျွန်တော် စောစောကတင်ပြခဲ့တဲ့ COLREG Act 1972 ပေါ့။ COLREG Regulation (1972) နဲ့ ကျွန်တော်တို့က ကိုက်ညီအောင် ရေးဆွဲ ပြင်ဆင်ရမယ့် ဥပဒေတစ်ခုဖြစ်ကြောင်း အကြံပြုပါတယ်။ ဥပဒေနံပါတ်(၁၆)ကတော့ သင်္ဘော သွားလာမှု အက်ဥပဒေဖြစ်ပါတယ်။၁၉၅၂ က ပြဋ္ဌာန်းထားတာ ဖြစ်တဲ့အတွက်ကြောင့် ဒါကိုလည်းပဲ ယနေ့ပင်လယ်ရေကြောင်းသွားလာရေးနဲ့ ပတ်သက်ပြီး ခေတ်နဲ့လျော်ညီအောင် ပြင်ဆင်ရေးဆွဲ သင့်ပါတယ်။ ဥပဒေနံပါတ်(၁၇)ကတော့ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းရေကြောင်းသယ်ယူ ပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေ ၁၉၅၂ ဖြစ်ပါတယ်။ ဒါဟာ ကျွ န်တော်တို့ IWTB လို့ခေါ်တဲ့ ဟိုတုန်းက ဘုတ်အဖွဲ့ခေတ်က ရေးဆွဲတာဖြစ်တဲ့အတွက်ကြောင့် ဘုတ်အဖွဲ့ရဲ့ ဖွဲ့စည်းပုံ ဘုတ်အဖွဲ့ရဲ့ လုပ်ပိုင်ခွင့်နှင့် စီမံခန့်ခွဲမှုပုံစံ နဲ့ ဒီနေ့ ကျွန်တော်တို့ လုပ်ငန်းဖြစ်လာတဲ့ အတွက်ကြောင့် ဒါနဲ့ဟာ

မတူနိုင်ပါဘူး။ ဒါကြောင့် စကားရပ်တွေအစားထိုးဖို့ စီမံခန့်ခွဲမှုပုံစံနဲ့ ငွေဒဏ်များကို ဆီလျော်အောင် ပြင်ဆင်ပြဋ္ဌာန်းရန်သင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ (၁၈)ကတော့ ပြည်ထောင်စု မြန်မာနိုင်ငံလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေ၁၉၅၂ ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ ဟိုတုန်းက အားလုံးသိထားတာကတော့ UBA ပေါ့။ Union Of Burma Airways ခေတ်ကနေ ဒီနေ့ Myanmar Airways ထိအောင် ပြောင်း လာတဲ့အခါမှာ ဒီဥပဒေပေါ်မှာပဲ ကျွန်တော်တို့ ကျင့်သုံးတာတွေ့ပါတယ်။ တွေ့တဲ့အခါမှာ နည်းဥပဒေတော့မရှိသေးဘူး။ ဒီဥပဒေတော့ ရှိနေ တယ်။ ဒီဥပဒေကိုလည်း (၅၄)(၅၆)(၅၈) စသည်ဖြင့် ပြင်ဆင်ခဲ့တဲ့အပြင် အမိန့်ကြော်ငြာစာနဲ့ လည်း ထုတ်ပြီးတော့ လိုအပ်တာတွေ လုပ်ပေးခဲ့တာလည်း တွေ့ပါတယ်။ ဒါဟာ ကျွန်တော်တို့ တွေ့ခဲ့တဲ့ ကိစ္စဖြစ်ပါတယ်။ သို့သော်လည်း ဒီခေတ်မှာတော့ Private Airline တွေ ပေါ်လာတဲ့ အခါမှာ MAI ရဲ့ လုပ်ဆောင်မှုဟာ ကန့်သတ်ချက်တွေ ရှိလာတယ်။ လုပ်ငန်းအောင်မြင်မှု နည်းတဲ့အတွက်ကြောင့် ဒါနဲ့ပတ်သက်ရင် ပိုပြီးတော့ တိုးတက်အောင်မြင်အောင်လိုအပ်တဲ့ နည်း ဥပဒေတွေ အမိန့် ကြော်ငြာစာတွေ ထုတ်ပြီးတော့ ထိန်းမ တ်သင့်ပါကြောင်း ကျွန်တော်တင်ပြ အပ်ပါတယ်။ နောက်တစ်ခုကတော့ မြန်မာ့ကြယ်ငါးပွင့်သင်္ဘော လုပ်ငန်းကော်ပိုရေးရှင်း ဥပဒေ ၁၉၆၄ ဖြစ်ပါတယ်။ ဒီကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကော်ပိုရေးရှင်းဆိုတာ ဖျက်သိမ်းပြီးဖြစ်တဲ့ အတွက်ကြောင့် ဒီဥပဒေကတော့ ရုပ်သိမ်းရမယ့် ဥပဒေဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ ဥပဒေ အမှတ် ၂၀ ကတော့ မြန် မာ့ရေကြောင်းပညာတက္ကသိုလ်ဥပဒေ ၂၀၀၂ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ ရေးဆွဲပြီးတော့ ကျင့် သုံးနေခြင်းဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ အခု IMO Standard ပေါ့။ နိုင်ငံတကာရေကြောင်းအဖွဲ့ရဲ့ စံတွေနဲ့ ကျွန်တော်တို့ညီဖို့အတွက် လိုအပ်တဲ့ ပြုပြင်မှုတွေ ကျွန်တော်တို့လုပ်ဖို့လိုမယ်လို့ထင်ပါတယ်။ ကျွန်တော်တို့ဆီက သင်္ဘောသားတွေကို သင်္ဘောအရာရှိတွေကို ၊ သင်္ဘောသားတွေကို Employer ပေါ့။ အလုပ်ပေးတဲ့နိုင်ငံတွေက ခေါ်ယူတာဖြစ်တဲ့အတွက်ကြောင့် သူတို့ရဲ့ Employer ရဲ့ လုပ်ထုံးလုပ်နည်းနဲ့ Inline ဖြစ်ဖို့ အဲဒါ သင်ကြားတဲ့နေရာမှာ လိုမယ်လို့ ကျွန်တော်ထင်ပါတယ်။ အခုတော့ သိရတာကတော့ Indian Maritime University နဲ့ ချိတ်ဆက်ထား လေ့ လာတယ်လို့ သိရပါတယ်။ အိန္ဒိယ နဲ့သာမက အာဆီယံဒေသနဲ့ပါ ပူးပေါင်းလေ့လာပြီးတော့ ဒါတွေဟာ ပြန်လည်ဆွဲသင့်ပါတယ်။ ကျွန်တော်တို့ အမြင်တော့ ဒီကတက္ကသိုလ်ရဲ့ ပညာရေးကောင်စီမှာ ပညာရှင်တွေပါပါတယ်။ အဲဒီပညာရှင် တွေ ထဲမှာ သင်္ဘောတည်ဆောက်မှု တို့ဘာတို့ စသည်ဖြင့် ပါပင်ပါငြားသော် လည်း Maritine Law

နဲ့ ပတ်သက်တဲ့ ပညာရှင်တော့ သိပ်မရှိဘူးလို့ သိရပါတယ်။ ဒါလည်း ထည့်သွင်းစဉ်းစား သင့်ပါကြောင်း တင်ပြအပ်ပါတယ်။(၂၁)အနေနဲ့ကတော့ မြန်မာနိုင်ငံလေကြောင်းနဲ့အာကာသပညာ တက္ကသိုလ်ဖြစ်ပါတယ်။ ၂၀၀၂ ဒါကတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုကို ရောက် သွားပြီ ဖြစ်တဲ့အတွက်ကြောင့် ပို့ဆောင်ရေးဝန်ကြီးဌာန အနေနဲ့ ဒါဟာ ကျင့်သုံးရန် မလိုတော့တဲ့ ဥပဒေတစ်ခုဖြစ်ပါတယ်။(၂၂)ကတော့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေ ၂၀၀၇ ဖြစ်ပါတယ်။ ဒါဟာလည်း မြစ်ချောင်းဖြိုးကပဲ ကျင့်သုံးပြီးတော့ စောစောတုန်းက Indian Act(၂)ခုနဲ့အတူ ပူးတွဲကျင့်သုံးတာဖြစ်ပါတယ်။ အဲဒီမှာပါတဲ့ ကျွန်တော်တို့ပြဌာန်းပါ ပြစ်ဒဏ် များဟာ ခေတ်ကာလနဲ့ မညီပါဘူး။ ဒါတွေနဲ့ပတ်သက်လို့ ဒါအကြီးဆုံးပြစ်ဒဏ်မှ(၆)လနဲ့ ဒဏ်ငွေ (၅၀၀) ဆိုတာကို သွားတွေ့ရပါတယ်။ အဲဒီမှာ စကားရပ်အချို့လည်း အစားထိုးရန် လိုအပ် တယ်လို့ ကျွန်တော်တို့ ထင်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုး နေတဲ့ စီမံကိန်းပေါ့။ မြစ်ကြောင်းဆိုင်ရာ စီမံကိန်း များနဲ့ ပတ်သက်လို့ လွှမ်းခြုံမိ အောင် ဒါလိုအပ်ပါတယ်။ ဒါကြောင့် မို့လို့ လိုအပ်တဲ့ နည်းဥပဒေ ထုတ်လိုက်ရုံနဲ့ ဒါတော့ပြီးမယ်လို့ ကျွန်တော်တို့ ဘက်ကတော့ သုံးသပ်ပါတယ်။ အဲဒီမှာ ဥပမာအားဖြင့် နိုင်ငံတော်သမ္မတကဆိုတဲ့ စကားတွေအစား ပို့ဆောင်ရေး ဝန်ကြီးဌာနကဆိုတဲ့ စကားမျိုးနဲ့ အစားထိုးရင် လုပ်နိုင်ကိုင်နိုင် ပိုရှိမယ်လို့ ကျွန်တော်သုံးသပ် ပါတယ်။

နောက်တစ်ချက်ကတော့ ဒီမှာမရှိသေးတဲ့ ဥပဒေတွေထဲက ကျွန်တော်တို့အခု အာဆီယံ လမ်းမကြီးတို့နောက် ကူမင်း၊ ဒီကျောက်ဖြူ -ကူမင်းလမ်းတို့နောက် အိန္ဒိယ -မြန်မာ-တရုတ်လမ်းမ စသည်ဖြင့် ဒါတွေဟာ နောင်ပေါ်လာမယ့် အလားအလာ တွေရှိပါတယ်။ ဒါကြောင့် နိုင်ငံကို ဖြတ်ကျော်ပြီးတော့ သယ်ယူမှုတွေမျိုးစုံ ဖြစ်လာနိုင်ပါတယ်။ ရထားနဲ့ကားနဲ့လကြောင်းနဲ့ ဒါကြောင့် မို့လို့ နိုင်ငံဖြတ်ကျော် ဘက်စုံသယ်ယူပို့ဆောင်မှုနဲ့ ပတ်သက်ပြီးတော့ ပြီးပြည့်စုံမယ့်၊ ခြုံငုံမိမယ့်၊ နိုင်ငံတကာနဲ့ အကျုံးဝင်မယ့် ဥပဒေတွေရေးဆွဲရန် လို အပ်လိမ့်မယ်လို့ ကျွန်တော်တို့ အနေနဲ့ အကြံပြု ကြည့်ပါတယ်။ အခုတင်ပြတဲ့ဟာတွေဟာ တစ်ဦးတစ်ယောက် တင်ပြခြင်း မဟုတ်ဘဲနဲ့ ပြည်သူ့ငွေစာရင်းကော်မတီက လေ့လာတွေ့ရှိသည်များကို တင်ပြခြင်း ဖြစ်ပါတယ်။ ဒီလောက် များပြားတဲ့ ဥပဒေတွေကို ကျွန်တော်ဖတ်တာတောင် အချိန်အတော်လေး ကြာပါတယ်။ တကယ်တမ်း လက်တွေ့ ပြင်မယ်ဆိုရင် အလွန်ခက်ခဲကြောင်း ကျွန်တော်သိပါတယ်။ ဒါကြောင့် အကြံပြုထဲကိုက အကုန်လုံး ပြင်ဖို့မဟုတ်ဘဲနဲ့ ဦးစားပေး အစီအစဉ်နဲ့ လိုအပ်တဲ့ ဥပဒေတွေကို

ဦးစားပေးတင်ပြသွားပြီးတော့ ပြင်မယ်ဆိုရင် အထူးသဖြင့်ကတော့ နိုင်ငံတကာနဲ့ ဆက်စပ်ပြီး ကျွန်တော်တို့နိုင်ငံရဲ့ အကျိုးရှိစေမယ့် MARPOL လိုဟာမျိုးတွေ COLREG လိုဟာမျိုးတွေနဲ့ ပတ်သက်လို့ အမျိုးသားဥပဒေ ပြင်ဆင်ရေးတွေကတော့ အဓိကလိုမယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ တင်ပြချက်က အခုတင်ပြခဲ့တဲ့ ပို့ဆောင်ရေး ဝန်ကြီးဌာန စီမံခန့်ခွဲသော ဥပဒေများကို ဦးစား အဆင့်အလိုက် ဆိုင်ရာဌာနများက ပြင်ဆင်ရေးဆွဲပြုစုရေး ပြဋ္ဌာန်းနိုင်ရေးအတွက် လွှတ်တော်သို့ တင်သွင်းသွား နိုင်ရေးကို ဆောင်ရွက်လမ်းညွှန်နိုင်ပါရန် နိုင်ငံတော်အစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းပါကြောင်း အဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ လေးစားပါတယ်။

**အချိန်၊ ၁၅း၂၅။**

**ဥက္ကဋ္ဌ။** ။အဆိုကို ထောက်ခံမယ့်သူ ရှိပါက ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၂၆။**

**ဦးတင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီးဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်များ၊အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ စောစောက တင်သွင်းသွားတဲ့အဆိုမှာ သူတို့ ပါဝင်တဲ့ သူပါဝင်တဲ့ကော်မတီရဲ့ လေ့လာချက် အရ ပို့ဆောင်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများကို ဦးစားပေးအဆင့် အလိုက် ပြင်ဆင် ရေးဆွဲပြုစုရေး ၊ ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း တင်သွင်းသွားပါတယ်။ ဒီအဆိုဟာ လက်ရှိနိုင်ငံတော်က ကျင့်သုံးနေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအစရှိတဲ့ အကျိုးစီးပွားများကို ပိုမိုဖြစ်ထွန်းလာအောင် ရည်ရွယ်တင်ပြခြင်း ဖြစ်တယ်လို့ မြင်ပါတယ်ခင်ဗျား။ ဒါကြော င့် ဦးခင်မောင်ရီ ကိုယ်စားပြုတင်သွင်းသွားတဲ့ ဒီအဆိုကို ကျွန်တော်က ထောက်ခံပါတယ်။ ကျေးဇူး တင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅း၂၇။**

**ဥက္ကဋ္ဌ။** ။ တင်သွင်းသွားတဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးရန် ရှိပါက ရှင်းလင်းဆွေးနွေးနိုင်ပါတယ်။

**အချိန်၊ ၁၅း၂၈။**

**ဦးဉာဏ်ထွန်းအောင် ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းပို့သရင်း ဦးစွာဂါ၀ရပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦး ခင်မောင်ရီ ရဲ့ အဆိုပြုတင်ပြချက်များကို ဖြည့်စွက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ စောစောပိုင်းက ဦးခင်မောင်ရီတင်ပြသွားတဲ့အတိုင်းပဲ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံရဲ့ ရေကြောင်း ၊ လေကြောင်းကိစ္စများကို တာဝန်ယူ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ စောစောပိုင်းက တင်ပြခဲ့တဲ့ ဥပဒေ(၂၁)ခုအနက် ကျွန်တော်တို့ ကြယ်ငါးပွင့်သဘော်ာ မပါဘူးဆိုလျှင် ကျွန်တော်တို့ လောလော ဆယ် ဥပဒေ (၁၀)ခု ရှိပါတယ်။ ဥက္ကဋ္ဌကြီး။ ဒီမှာ ကျွန်တော်တို့ အားလုံးကို ကျွန်တော်သိအောင် တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ဒီရေကြောင်းလေကြောင်းဆိုင်ရာနဲ့ ပတ်သက်ရင် ဥပဒေမှာ ကျွန် တော်တို့က နိုင်ငံတကာနဲ့ ဆက်သွယ်ရတဲ့ ကိစ္စတွေဟာ များပြားပါတယ်။ ဥပမာ ကျွန်တော် လေကြောင်းကိစ္စ ကျွန်တော် တင်ပြမယ်ဆိုရင် လေယာဉ်ပျံထုတ်လုပ်ခြင်း၊ တပ်ဆင်ခြင်း နောက်တစ်ခါ ကျွန်တော်တို့ ပျံသန်းခြင်း၊ ပြင်ဆင်ခြင်း၊ မောင်းနှင်ခြင်း၊ နောက်တစ်ခါ နိုင်ငံခြားသို့ ရောင်းချခြင်း၊ နိုင်ငံခြားက ငှားခြင်း၊ ဥပဒေအင်မတန်မှ များပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံပေါ်မှာ နေ့စဉ် ကျွန်တော်တို့ လေယာဉ်ပျံ အစီးရေ အနည်းဆုံး (၄၅၀)လောက် ဖြတ်ကျော် ပျံသန်းနေပါတယ်။ အဲဒီဖြတ်ကျော် ပျံသန်းနေတဲ့ လေယာဉ်ပျံတွေကိုလည်း ကျွန်တော်တို့က ထိန်းသိမ်း စောင့်ရှောက်ဖို့ အန္တရာယ်မဖြစ်အောင် ကာကွယ်ဖို့ ကျွန်တော်တို့ အ င်မတန်မှ ရှုပ်ထွေးတဲ့ Network နဲ့ ကျွန်တော်တို့ ထိန်းသိမ်းတာ ဖြစ်ပါတယ်။ နောက်တစ်ခါ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ရေကြောင်းနဲ့ ပတ်သက်လို့ ပတ်သက်မယ် ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ ဟိုတစ်နေ့က ကျွန်တော်တင်ပြခဲ့သလိုပဲ မြန်မာ့ဆိပ်ကမ်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် တို့ ဒီသင်္ဘောကြီးတွေ အမြောက် အမြား နေ့စဉ်ဆိုက်ကပ် နေတာ ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံခြားသင်္ဘောကြီးတွေ ဆိုက်ကပ်တာ ထွက်ခွာတာ မြန်မာနိုင်ငံက သင်္ဘောလိုင်းတွေ ဝင်တာနဲ့ အင်မတန်မှ ရှုပ်ထွေးတဲ့ ကိစ္စများ ဖြစ်ပါတယ်။ အဲဒီကိစ္စများနဲ့ ပတ်သက်လို့ နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်တဲ့ လေကြောင်းနဲ့ ပတ်သက်ရင် ICAO ခေါ်တဲ့ International Civil Aviation Organazation အဲဒါက မွန်ထရီရယ်မှာရှိတဲ့သူက

ပြဋ္ဌာန်းချက်တွေအားလုံးကိုလည်း ကျွန်တော်တို့က ကျွန်တော်တို့ ဥပဒေထဲမှာ **မိုး**အောင် ဥက္ကဋ္ဌကြီး ထည့်ရမှာ ဖြစ်ပါတယ်။ နောက်ခုနက ဟိုအဆိုရှင် တင်ပြခဲ့တဲ့ IMO ဆိုတဲ့ International Maritime Organizationသူရဲ့ပြဋ္ဌာန်းချက်လဲ ကျွန်တော်တို့မှာ ထည့်ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံတကာက ပြဋ္ဌာန်းချက်များအားလုံးအပြင် ကိုယ့်နိုင်ငံရဲ့ ခုန ကျွ န်တော်တို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့လည်း ကိုက်ညီရမယ်။ နောက်တစ်ခါ ကျွန်တော်တို့ခု ဒီမိုကရေစီအစိုးရမှ သတ်မှတ်ထားတဲ့ နိုင်ငံရေးလမ်းစဥ်နဲ့ ကိုက်ညီရပါမယ်။ အဲဒီတော့ မူအားလုံးနဲ့ ကိုက်ညီအောင် ကျွန်တော်တို့ဒါကို ရေးဆွဲပြီးတော့ အတည်ပြုဖို့ လိုပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ အစိုးရသစ် အနေနဲ့ ခုန တင်ပြခဲ့တဲ့ဥပဒေ အားလုံးကို ကျွန်တော်တို့က ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နှုတ်ပယ်ခြင်းများ ကျွန်တော်တို့ လုပ်ဖို့အတွက် ကျွန်တော်တို့အစိုးရသစ် လက်ထက်မှာ အကြိမ်ကြိမ် ကျွန်တော်တို့ ကြိုးစားခဲ့ပါတယ်။ အောက်ဌာနများကိုလည်းညွှန်ကြားချက်(၄)ကြိမ် ထုတ်ပြန်ပြီးတော့ ဝန်ကြီးဌာန အဆင့်မှာလည်း ကျွန်တော်တို့ အစည်းအဝေး (၃)ကြိမ် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ယခု လည်း ကျွန်တော်တို့ မနက်ဖြန်မှာလည်း ဆောင်ရွက်ဖို့ရှိပါတယ်။ အဲဒီခုန ကျွန်တော်တင်ပြခဲ့တဲ့ ဥပဒေများ အနက် ရိုးသားစွာ ပြောရရင် ကျွန်တော်တို့ ကဒီအပတ် ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြု နိုင်ဖို့ ကျွန်တော်တို့က လုံးဝပြီးတာတော့ ဥက္ကဋ္ဌကြီး မရှိသေးပါဘူး။ သို့သော်လည်း (၆)ခုလောက် ကတော့ ကျွန်တော်တို့ အကြမ်းဖျင်း ကျွန်တော်တို့ ရှေ့နေချုပ်ရုံးကို တင်ပြထားပြီးသား ဖြစ်ပါ တယ်။ သို့သော်လည်းပဲ ရှေ့နေချုပ်ရုံးနဲ့ ကျွ န်တော်တို့နဲ့ အပြန်အလှန် ညှိနှိုင်းဆွေးနွေးဖို့ ဥက္ကဋ္ဌကြီး ကျန်ပါသေးတယ်။ အဲဒီတော့ ဘယ်လိုပဲပြောပြော ကျွန်တော်တို့ရှေ့နေအားလုံး ခုန ဥပဒေ အားလုံးကို ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ တ စ်စိုက်မတ်မတ် ကျွန်တော်တို့ ဒီဟာကို ဆွေးနွေးပြီးတော့ ကျွန်တော်တို့ ပြုစုနေတာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး နောက်တစ်ခါ ယခု ကဲ့သို့ပဲ အမျိုးသားလွှတ်တော်အနေနဲ့ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ ပတ်သက်တဲ့ ဥပဒေများကို စိတ်ဝင်တစားလေ့လာပြီးတော့ ကျွန်တော်တို့ကို အကြံဉာဏ်ပေး**အဲ့**တွက် အမျိုးသား လွှတ်တော်နဲ့တကွ ခုနတင်ပြတဲ့ အဆိုရှင်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဥက္ကဋ္ဌကြီးကိုလည်း ကျေးဇူး တင်ပါတယ်။ အဲဒီတော့ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တင်ပြချင်တာကတော့ ဒီအဆိုဟာ အမျိုးသား လွှတ်တော်မှာလည်း အင်မတန် မှ သင့်လျော်တဲ့ အဆို ဖြစ်သလို ကျွန်တော်တို့ ဝန်ကြီးဌာန ကလည်း မဖြစ်မနေလုပ်ရမယ့် တာဝန်တစ်ခုဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ဆက်လက်ပြီးတော့ အမြန်ဆုံး တာဝန်ထမ်းဆောင်သွားမှာဖြစ်ပါတယ်။ နောင်အမြန်ဆုံးပြီးပြတ်တဲ့ ဥပဒေများကိုတော့

အနီးစပ်ဆုံး ကျွန်တော်တို့ လွှတ်တော်မှာ အတည်ပြုနိုင်ဖို့ ကျွန်တော်တို့ ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ကြောင်းဆိုတာ ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၃၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်မောင်ရီ တင်သွင်းသွားတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံပါတယ်။ ဒါ့အပြင် ပြည်ထောင်စုဝန်ကြီးကလည်း လက်ခံပါတယ်။ အဆိုမှာ ပို့ဆောင်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများကို ဦးစားပေး အဆင့်အလိုက် ပြင်ဆင် ရေးဆွဲပြုစုရေး ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။ ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ် တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မရှိတဲ့အတွက် ဦးခင်မောင်ရီရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၃၂။**

**ဥက္ကဋ္ဌ။** ။ ဦးခင်မောင်ရီ၏ တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

# ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)၏ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပယ်ဖျက်၊ ပြင်ဆင်၊ ဖြည့်စွက်သင့်သော ဥပဒေများကို ပယ်ဖျက်၊ ပြင်ဆင်၊ ဖြည့်စွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၅း၃၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပယ်ဖျက်ပြင်ဆင်ဖြည့်စွက်သင့်သော ဥပဒေများကို ပယ်ဖျက်ပြင်ဆင်ဖြည့်စွက်ရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ်တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခု ဦးသိန်းဝင်းက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၃၃။**

**ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝ န်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ် (၉)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်က ပြည်သူ့ငွေစာရင်း ကော်မတီရဲ့ ကျွန်တော်တို့အဖွဲ့ ဖွဲ့ပြီးတော့မှ သုံးသပ်ချက်အပေါ် မှာ ကျွန်တော်ကိုယ်စား တင်ပြသွားမှာ ဖြစ်ပါ တယ်။ ကျွန်တော်တင်ပြမယ့် အဆိုကတော့ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာနမှ စီမံ ခန့်ခွဲသော ဥပဒေများမှ ပယ်ဖျက်၊ ပြင်ဆင်၊ ဖြည့်စွက်ဆက်လက်ကျင့်သုံး သင့်သော ဥပဒေများကို ပယ်ဖျက်၊ ပြင်ဆင်ဖြည့်စွက်ရန် ပြည်ထောင်စုအစိုးရအား ဆောင်ရွက် ပါရန် တိုက်တွန်းကြောင်း အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေပါ အချက်အလက်များ ကိန်း ဂဏန်းများ မကွဲလွဲစေရန် ဖတ်ကြား တင်သွင်းခွင့်ပြုပါရန် ပန်ကြား အပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) ။** ။ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေ (၂၈)ခု ရှိပါတယ်။ ယင်းတို့မှာ ဖျက်သိမ်းသင့်သော

ဥပဒေ(၅)ခု တွေ့ရှိပါတယ်။ ပြင်ဆင်ဖြည့်စွက်သင့်တဲ့ ဥပဒေက(၈)ခု ဆက်လက်ကျင့်သုံး သင့်သော ဥပဒေ(၁၅)ခု ပေါင်း (၂၈)ခုရှိကြောင်း လေ့လာစီစစ်တွေ့ရှိ ရပါတယ်။ အဲဒီတော့ ပယ်ဖျက်သင့်သော ဥပဒေများမှာ (က) The Administration Of Public Fund Act၊ (ခ) ဗိုလ်ချုပ် ရန်ပုံငွေ အက်ဥပဒေ၊ (ဂ)၁၉၅၆ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း သဘောတူစာချုပ်အက်ဥပဒေ၊ (ဃ)အပြည်ပြည်ဆိုင်ရာကြီးပွားရေးဥပဒေ၊ (င) အမြတ်ခွန်ဥပဒေ ဆိုပြီးတော့မှ (၅)ခုတွေ့ရှိပါတယ်။

အဲဒီ (၅)ခုမှာ ကျွန်တော်တို့ပြည်ထောင်စုဝန်ကြီးက နေပြီးတော့မှ ပြည်ထောင်စု လွှတ်တော်မှာ အမြတ်ခွန်ဥပဒေနဲ့ ပတ်သက်ပြီးတော့မှ ရုပ်သိမ်းတဲ့ ဥပဒေကြမ်းကို တင်သွင်းသွားပြီးဖြစ်ပါတယ်။ ဖြည့်စွက်ပြင်ဆင်သင့်တဲ့ ဥပဒေများထဲမှာတော့ ကျွန်တော်တို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကနေပြီးတော့မှ ရုံးအခွန်တော် အက်ဥပဒေ၊ တံဆိပ်ခေါင်းခွန်အက်ဥပဒေ၊ ဝင်ငွေခွန်အက်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန် အက်ဥပဒေ၊ ဥပဒေတို့ကို ပြင်ဆင်မှုအတွက် ဥပဒေကြမ်းတင်သွင်း ထားပါတယ်။ ပြည်ထောင်စုလွှတ်တော်မှာ တင် သွင်းထားကြောင်း တွေ့ရှိရပါတယ်။ ပြင်ဆင်မှုဥပဒေကြမ်း တင်သွင်းထားတဲ့အတွက် ဒီဥပဒေများနဲ့ ပတ်သက်လို့ ထည့်သွင်းရှင်းလင်းမဆွေးနွေးတော့ပါဘူး။ ပြင်ဆင်မှု ဥပဒေတစ်ခုက The Pension Act ပင်စင်ဥပဒေ ဖြစ်ပါတယ်။ အဲဒီတော့ ဒီ ပင်စင်ဥပဒေမှာ အနာတရ ဖြစ်ခြင်းအတွက် အထူးပင်စင်ခံစား ခွင့်နှင့် သေဆုံးခြင်းအတွက် အထူးပင်စင် ခံစားခွင့် ပြုရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁၁-၆-၂၀၀၄ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် ၉၀/၂၀၀၄ဖြင့် ပြဋ္ဌာန်း သတ်မှတ်ပေးသောဆုငွေနှင့် ပင်စင် ခံစားခွင့်တို့သည် နိုင်ငံတော်၏ ပကတိအခြေအနေနှင့် ဆီလျော်မှုမရှိသဖြင့် ပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်ပါ သည်။ ဒီအမိန့် အပိုင်းသည် အခုပြင်ဆင်သောဥပဒေ ပင်စင်ဥပဒေနဲ့လည်း အ ကျုံးမဝင်တဲ့အတွက် ဒါဟာသည် သီးသန့်ပြင်ဆင်ရမယ့်အပိုင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ နောက်ဥပဒေတစ်ခုကတော့ ဒါ အင်မတန်အရေးကြီးတဲ့ ဥပဒေဖြစ်ပါတယ်။ The Foreign Exchange Regulation Act ၁၉၄၇ ခုနှစ် နိုင်ငံခြားငွေ လဲလှယ်ရေးစည်းမျဉ်း အက်ဥပဒေ ဖြစ်ပါတယ်။ အဲ ဒီတော့ အဲဒီအက်ဥပဒေနဲ့ ဗဟိုဘဏ်ကနေ ထုတ်ပြန်ထားတဲ့ ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၇၅ ဟာ ဆီလျော်မှု မရှိတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ပုဒ်မ ၅(၂)မှာ ပြဋ္ဌာန်းထားတဲ့ အချက်အလက်နှင့်

ဗဟိုဘဏ်ဥပဒေပုဒ်မ ၇၅ မှာ ပြဋ္ဌာန်းထားတဲ့ နိုင်ငံခြားငွေ သတ်မှတ်နှုန်းဟာ များစွာကွာခြား လျက်ရှိပါတယ်။

အဲဒီတော့ ပုဒ်မ ၇၅ အရ ဗဟိုဘဏ်ကသတ်မှတ်ထားတဲ့ ငွေလဲလှယ်နှုန်းဟာ ၆ ကျပ် ဝန်းကျင်သာဖြစ်ပြီးတော့ ကျွန်တော်တို့ Foreign Exchange Regulation Act ပုဒ်မ ၅(၂)မှာ ဒါနဲ့ပတ်သက်လို့ ဗဟိုဘဏ်ကနေပြီးတော့မှ သတ်မှတ်ထားတဲ့နှုန်းကို ပိုလဲရင် လျော့လဲရင် ဥပဒေအရ အရေးယူရမယ်ဆိုတဲ့အချက်ကို ပြောပြထားပါတယ်။ နောက် ဒီကနေ့ ဖြစ်ပျက်နေတဲ့ အကြောင်းအချင်းအရာတွေနဲ့ အပြင်မှာပေါ်ပေါက်နေတဲ့ နိုင်ငံခြားငွေ လဲလှယ်နှုန်းတွေနဲ့ ဒီဥပဒေနဲ့ ဆီလျော်မှုမရှိတဲ့အတွက် ဒါတွေကို နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်အမြန်ဆုံး ပြင်ဆင်သင့်တယ်လို့ ယူဆပါတယ်။

နောက်ဥပဒေတစ်ခုကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ဗဟိုဘဏ်ဥပဒေရဲ့ ပုဒ်မ ၂၊ အပိုဒ်ခွဲ (က) နိုင်ငံတော်ဆိုသည်မှာ ဆိုတဲ့ စကားရပ်၊ ဝန်ကြီးဌာနဆိုသည် မှာ ဆိုတဲ့ စကားရပ်၊ ပုဒ်မ ၄ ဗဟိုဘဏ်၏ ရုံးချုပ်ကို ရန်ကုန်မြို့အစား နေပြည်တော်တွင် ထားရှိရမည်ဟု ပြင်ဆင်ဖို့စသည်ကို ကျွန်တော်ထည့်သွင်းပြီးတော့မှ သုံးသပ်ထားပါတယ်။ ဒီမှာ အရေးကြီးတဲ့ ပုဒ်မ ကတော့ ပုဒ်မ ၁၄ ဖြစ်ပါတယ်။ ပုဒ်မ ၁၄ မှာ နိုင်ငံတော်သည် ဗဟိုဘဏ်၏ တစ်ဦးတည်းသော အစုရှယ်ယာပိုင်ရှင် ဖြစ်ရမည်။ ဗဟိုဘဏ်၏ မတည် ငွေရင်းသည် ကျပ်သန်းပေါင်း ၅၀၀ ဖြစ်သည်။ ယင်းအနက် ကျပ်သန်းပေါင်း၂၀၀ ကို နိုင်ငံတော်က ထည့်ဝင်ပြီးဖြစ်ရမည်။ ကျန်ရှိသော ခွင့်ပြုမတည်ငွေရင်းကို နိုင်ငံတော်က လိုအပ်သလို ထည့် ဝင်နိုင်သည်ဟု ပြဋ္ဌာန်းထားပါတယ် ။ အဲဒီပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်ဟာ အခုငွေရေးကြေးရေးဥပဒေအရ ဖွဲ့စည်းခွင် ့ပေးထားတဲ့ ပုဂ္ဂလိကဘဏ်တွေ မတည်ငွေရင်းနဲ့ များစွာကွာခြားလျက်ရှိပြီးတော့မှ နည်းလွန်းနေတာကို တွေ့ရှိ ရတဲ့အတွက် ဒါကို ပြင်ဆင်ဖို့လိုအပ်ကြောင်း ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေးပြီး ဖြစ်ပ ါတယ်။ အဲဒီတော့ ဗဟိုဘဏ်ရဲ့ ဥပဒေ ခုနက တင်ပြခဲ့တဲ့ ပုဒ်မ ၇၅(ခ)နှင့်အညီ သတ်မှတ်ထားသော နိုင်ငံခြားငွေ လဲလှယ်နှုန်းသည် ဈေးကွက်တွင် ဖြစ်ပေါ်နေသော တရားမဝင် ငွေလဲလှယ် နှုန်းများ နှင့် အဆပေါင်းများစွာ ကွာခြားနေခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား များ ဖြစ်ပေါ်စေပါသည်။ ပြင်ဆင်သတ်မှတ်ရန်၊ ပြဋ္ဌာန်းရန်လိုအပ်ပါတယ်။ ဒီတစ်ချက်ကိုလည်း ကျွန်တော်တို့ ထော က်ပြထားပါတယ်။ နောက် ပုဒ်မ ၄၉ ဗဟိုဘဏ်သည် စည်းကမ်းသတ်မှတ် ချက်များနှင့်အညီ အစိုးရသို့ ချေးငွေအမျိုးမျိုး ထုတ်ချေးနိုင်သည်ဟု ပြဋ္ဌာန်းထားရာ အစိုးရမှ

ဝန်ကြီးဌာနလက်အောက်ရှိ ဘဏ်မှငွေချေးယူရခြင်းသည် ဆီလျော်မှုမရှိသဖြင့်စဉ်းစားသုံးသပ်ရန် လိုအပ်လျက်ရှိကြောင်း တင်ပြထားပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ ဘဏ္ဍာအခွန် ဝန်ကြီးဌာနကနေပြီးတော့မှ ဗဟိုဘဏ်ကို ထားရှိခြင်းဟာ နိုင်ငံတော်အစိုးရက ငွေချေးတဲ့အခါမှာ အခက်အခဲများစွာဖြစ်ပေါ်စေပါတယ်။ ဒါလေးကို လက်အောက်ကိုပြန်လည်သုံးသပ်ဖို့ ကျွန်တော် တင်ပြထားခြင်း ဖြစ်ပါတယ်။ နောက်ဥပဒေတစ်ခုကတော့ မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ၊ အဲဒီဥပဒေမှာကတော့ ပုဒ်မ ၆၃၊ ပုဒ်မခွဲ (ခ)တွင် သတ်မှတ်ထားသည့် ဘဏ်တစ်ခုစီအတွက် အစုရှယ်ယာ အရေအတွ က်နှင့် အစုတန်ဖိုးများ သည် စီးပွားရေးဖွံ့ ဖြိုး တိုးတက်မှုကို အထောက်အပံ့ဖြစ်စေရန် ပြင် ဆင်သတ်မှတ် ပြဋ္ဌာန်းသင့်ပါတယ်။ ယ နေ့ ဖွင့်ခွင့် ပြုထားတဲ့ နိုင်ငံတော်ဘဏ်များဖြစ်တဲ့ အစုရှယ်ယာတန်ဖိုးတွေဟာ အင်မတန်နည်းနေတဲ့အတွက် ပြန်လည်ပြင်ဆင်ဖို့ ကျွန်တော်တင်ပြထားခြင်း ဖြစ်ပါတယ်။ ဥပဒေများကို ပြင်ဆင်တဲ့နေရာမှာ ပြင်ဆင်ဖို့ထည့်သွင်းစဉ်းစားဖို့ဟာ အရေးကြီးသောအချက်အချို့ကို ကျွန်တော်တင်ပြလိုပါတယ်။ မိမိရဲ့ပြင်ဆင်ချက်ဟာ လုပ်သားပြည်သူတွေ လိုလားချက်နဲ့ ဆန့်ကျင်ပြီးတော့မှ ဝန်ထမ်းတစ်ဦး တစ်ယောက်ရဲ့ အကျိုးကို လုပ်ပိုင်ခွင့်များပေးတဲ့ ဥပဒေမျိုးမဖြစ်ဖို့လည်း လိုအပ်ပါတယ်။ နောက် ယနေ့ဖြစ်ပေါ်နေတဲ့ စီးပွားရေးဖွံ့ဖြိုး မှုကို အဟန့်အတားဖြစ်တယ်။ ဖြစ်နေတယ်လို့ လူတိုင်း ကျွန်တော်တို့ အော်ဟစ်နေကြတဲ့ ဝင်ငွေခွန် ဥပဒေနဲ့ ကုန်သွယ်ခွန် ၊ ကုန်သွယ် လုပ်ငန်းခွန် ဥပဒေဟာ ပြင်ဆင်ချက်ပျက်ပြီးတော့မှ ဥပဒေကို ပြင်ဆင်ထားတဲ့အချက်တွေဟာ ဒီနေ့ဖြစ်ပေါ်နေ တဲ့အခြေအနေ ကျွန်တော်တို့ လုပ်သားပြည်သူများ တောင့်တနေတဲ့ အ ခြေအနေ မရောက် သေးတာကို တွေ့ရှိရပါတယ် ။ ဒါနဲ့ပတ်သက်လို့လည်း ဥပဒေကြမ်း ကို ဆွေးနွေးတဲ့အချိန်ကျမှ ဆွေးနွေးရမှာဖြစ်တဲ့အတွက် ဒီနေရာမှာ ကျယ်ကျယ် ပြန့်ပြန့် မဆွေးနွေးတော့ပါဘူး။ အဲဒီတော့ ကျွန်တော်တို့အစိုးရဟာ ပြည်သူတွေဖြစ်နေတာတွေ၊ ပြည်သူတွေ ဖြစ်ချင်တာတွေကို ကျွန်တော်တို့ သိပါတယ်။ အပြည့်အဝဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါ တယ်ဆိုတဲ့ နိုင်ငံတော်သမ္မတရဲ့ ပေးထားတဲ့ ကတိကဝတ် မိန့်ခွန်းနှင် ့အညီ ကျွန်တော်တို့ အစိုးရအဖွဲ့ကလည်း ပြည်သူတွေအကျိုးရှိအောင် လိုအပ်တဲ့ ဥပဒေများကို ပြင်ဆင်သွားဖို့ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန စီမံခန့်ခွဲသောဥပဒေများမှ ပယ်ဖျက် သင့်သောဥပဒေများ ဖြည့်စွက်ပြင်ဆင်ရန်လို သော ဥပဒေ များကို ပယ်ဖျက်၊ ပြင်ဆင်ပြဋ္ဌာ န်းရန်

ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုကို တင်သွင်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅း၄၅။**

**ဥက္ကဋ္ဌ။** ။အဆိုကို ထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**အချိန်၊ ၁၅း၄၅။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်ထောင်စု ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန် တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ကိုယ်စားလှယ် ဦးသိန်းဝင်း က ဘဏ္ဍာရေးအ ခွန်ဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပယ်ဖျ က်၊ ပြင်ဆင် ဖြည့်စွက်သင့်သော ဥပဒေများကို ပယ်ဖျက်ပြင်ဆင်ဖြည့်စွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုမှာ နိုင်ငံတော်ရဲ့ အဓိကအကျဆုံးဖြစ်တဲ့ စီး ပွားရေး၊ ငွေရေးကြေးရေး ဆိုင်ရာကိစ္စ ဖြစ်ပါတယ်။ လိုအပ်ချက်အရ တင်ပြသွားတဲ့အဆိုဖြစ်တဲ့အတွက် ကျွန်တော်က အလေးအနက်ထောက်ခံအပ်ပါတယ်။ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်း ဝင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကထောက်ခံသွားပါတယ်။ အဆိုမှာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပယ်ဖျက်၊ ပြင်ဆင်၊ ဖြည့်စွက်သင့်သော ဥပဒေများကို ပယ်ဖျက်၊ ပြင်ဆင်၊ ဖြည့် ့စွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ ဒါ့ကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်၊ မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေး နွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးသိန်းဝင်းရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

ဦးသိန်းဝင်းတင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှ တ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၉)၏ လက်ရှိမြန်မာနိုင်ငံတွင် နိုင်ငံခြားငွေ ဖလှယ်နှုန်း အမျိုးမျိုးရှိနေရာမှ တစ်ခုတည်းသော နိုင်ငံခြားငွေဖလှယ်နှုန်း ဖြစ်လာ စေ ရန် လိုအပ်သည်များကို ယခုအချိန်မှ အစပျိုး၍ စီစဉ်ဆောင်ရွက်ပေးပါရန်၊ ပြည်ထောင်စု အစိုးရအားတိုက်တွန်းကြောင်း၊ အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၅:၄၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေက လက်ရှိမြန်မာနိုင်ငံတွင် နိုင်ငံခြား ငွေဖလှယ်နှုန်း အမျိုးမျိုးရှိနေရာမှ တစ်ခုတည်းသော နိုင်ငံခြားငွေဖလှယ်နှုန်း ဖြစ်လာစေရန် လိုအပ်သည်များကို ယခုအချိန်မှ အစပျိုး၍ စီစဉ်ဆောင်ရွက်ပေးပါရန် နှင့် စပ်လျဉ်းတဲ့အဆို တစ်ရပ်တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ပေးပို့ထားပါတယ်၊ ယခု ဒေါက်တာခင်ရွှေ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅:၄၇။**

**ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမယ့် အဆိုကတော့ လက်ရှိမြန်မာနိုင်ငံတွင် နိုင်ငံခြားငွေဖလှယ်နှုန်း အမျိုးမျိုးရှိနေရာ မှ တစ်ခုတည်းသော နိုင်ငံခြား

ငွေဖလှယ်နှုန်းဖြစ်လာစေရန် လိုအပ်သည်များ ကို ယခုအချိန်မှစ၍ အစပျိုးစီစဉ် ဆောင်ရွက်သင့်ကြောင်း အဆိုပြုတင်ပြမှာ ဖြစ်ပါတယ်။ ဆွေးနွေးမယ့်အကြောင်းအရာတွေက တိကျဖို့ လိုသလို အင်္ဂလိပ်စကားလုံးများပါရှိသဖြင့် ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။လက်ရှိမြန်မာနိုင်ငံတွင် FEC, Dollor Export Earningနဲ့ ဒေါ်လာငွေစက္ကူစသည်အားဖြင့် နိုင်ငံခြားငွေအဖြစ်သုံးစွဲနိုင်သော ငွေအမျိုးအမည် အမျိုးမျိုးရှိနေသည့် အားလျော်စွာ ၎င်းနိုင်ငံခြားငွေ အမျိုးအစားတစ်ခုချင်း၏ ကျပ်နှင့်နိုင် ငံခြားငွေ ဖလှယ်နှုန်းများမှာလည်း တစ်ခုနှင့်တစ်ခု ထပ်တူထပ်မျှမဟုတ်ဘဲ ကွဲလွဲလျက် ရှိ ပါတယ်။ ဤကဲ့သို့ နိုင်ငံခြားငွေ ဖလှယ်နှုန်းထားများ အမျိုးမျိုးကွဲပြားနေမှုကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်၊ FEC အဖြစ်သုံးစွဲမှုမှာ အချို့နိုင်ငံများ၌ (၁)နှစ်(၂)နှစ်ခန့်သာ အချိန်ကြာမြင့်ပြီး မိမိတို့ငွေကြေးနှင့် နိုင်ငံခြားငွေဖလှယ်နှုန်း တည်ငြိမ်လာသည့်အခါဖျက်သိမ်းပေးခဲ့တာ တွေ့ရှိရပါတယ်။ သို့သော် မိမိတို့နိုင်ငံအနေဖြင့် ယခုကဲ့သို့နိုင်ငံခြားငွေ အဖြစ်သုံးစွဲနိုင်သည့် အမည်အမျိုးမျိုးဖြင့် ငွေအမျိုးမျိုးရှိနေခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီ ဖြစ်ပါတယ်။ သို့ဖြစ်၍ ကျပ်နှင့်နိုင်ငံခြားငွေ လဲလှယ်ဖလှယ်နှုန်း အမျိုးမျိုးရှိနေရာမှ တစ်ခုတည်းသော နိုင်ငံခြားငွေဖလှယ်မှုနှုန်း (Unification Of Exchange Rate )ဖြစ်လာ စေရန် စတင်ဆောင်ရွက်ရန်အချိန်တန်ပြီဟု ထင်မြင်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်လိုက်မည်ဆိုပါက နိုင်ငံ၏စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာအောင် ဆော င်ရွက်ရာတွင် ရရှိဖြစ်ထွန်းလာမယ့် အကျိုး ကျေးဇူးများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

ပြည်ပနှင့် ပို့ကုန်၊ သွင်းကုန် နောက်တစ်ခါဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းရှင်ကြီးများအတွက် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ဆောင်ရွက် ရာမှာ ပိုမိုသွက်လက်လျှင်မြန်ပြီးဆုံးဖြတ် ဆောင်ရွက်နိုင်တဲ့အတွက်ကြောင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများရဲ့ စွမ်းဆောင်ရည် တိုးမြှင့်လာမှာ ဖြစ်ပါတယ်။

နောက် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေတဲ့ စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့်လည်း နိုင်ငံခြားငွေဖလှယ်နှုန်းတည်ငြိမ်မှုရလာတာဖြစ်တဲ့အတွက်ကြောင့် ပြည်တွင်း

စီးပွားရေး လုပ်ခင်းကိုင်ခင်းများ ဆောင်ရွက်ရာမှာပိုမိုလျှင်မြန်သွက်လက်လာပြီး ပြည်တွင်း လုပ်ခင်းကိုင်ခင်းများ၏ စွမ်းဆောင်ရည် တိုးမြင့်လာနိုင်ပါတယ်။

နောက်တော့ ပြည်တွင်းငွေကြေးကစားသူတို့၏ FEC, Export Earning ဒေါ်လာ ငွေစက္ကူ အတက်အကျကို ကြိုတင်ခန့်မှန်းဝယ်ယူသိုလှော င်ထားပြီး ပြန်လည်ရောင်းချမှု စသည့် ပြည်တွင်းငွေကြေးကစားသူများရဲ့ ငွေကြေးကစားမှုများ ရပ်ဆိုင်းသွားနိုင်ပါတယ်။

နောက် လက်ရှိမြန်မာနိုင်ငံ နိုင်ငံခြားရင်းနှီးမြှု ပ်နှံမှုဥပဒေ Foreign Investment Law ဥပဒေကို ၁၉၈၈ က အစပြုပြီးတော့ အတည်ပြုပြဋ္ဌာန်းခဲ့သော်လည်း ပြည်ပရင်းနှီး မြှုပ်နှံသူများအနေဖြင့်လည်းကောင်း၊ ၎င်းတို့အတွက် အကျိုးအမြတ်များများရရှိရန် သေချာသည့် ရေနံစွမ်းအင်၊ ရေအားလျှပ်စစ်စသည့် လုပ်ငန်းများ၌သာ လာရောက်ရင်းနှီးမြှု ပ်နှံသော်လည်း အခြားစီးပွားရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုများစွာ လျော့နည်းလျက်ရှိပါတယ်။ ဤကဲ့သို့ ဖြစ်ရသည့် အကြောင်းအရင်းခံများအနက် နိုင်ငံခြားငွေဖလှယ်နှု န်း အမျိုးမျိုးရှိသည့်ကိစ္စမှာ အဓိက အကြောင်းအရာတစ်ရပ်ဖြစ်ပါသည်။

များမကြာမီက မိမိတို့နိုင်ငံမှာအထူးစီးပွားရေးဇုန် Special Economic Zone(SEZ) များ စတင်တည်ထောင်နိုင်ရန် ဥပဒေနှ င့်နည်းပညာများ ပြဋ္ဌာန်းထား ပြီး ဖြစ်ပါသည်။ အဲဒီလို SEZ များထူထောင်လာမည်ဆိုပါက နိုင်ငံတော်၏စီးပွားရေး အထူး သဖြင့် စက်မှုနှင့် ကုန်သွယ်ရေး ကဏ္ဍတို့မှာ လျှင်မြန်စွာ တိုးတက်ဖွံ့ဖြိုးနိုင်ပြီး ပြည်ပပို့ကုန်များလည်း တိုးမြင့်လာနိုင်သဖြင့် မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာမှုက များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။ အဲဒီ အပြင်ကို အထူး စီးပွားရေးဇုန်များ တိုးတက်ဖွံ့ဖြိုးလာတာနဲ့အမျှ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ ဝင်ရောက်လာပြီး ၎င်းတို့နှင့်အတူ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှု ပ်နှံမှု Foreign Direct Investment များ စီးဝင်လာနိုင်ရန် အရေးကြီးပါတယ်။ တကယ်လို့ မိမိတို့နိုင်ငံအနေနှင့် လက်ရှိ အတိုင်း နိုင်ငံခြားငွေဖလှယ်နှုန်း အမျိုးမျိုးရှိနေမည်ဆိုပါက ပြည်ပမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ပူပေါင်းဆောင်ရွက်မှုအခြေအနေများ တုံ့ နှေးကျဆင်းသွားနိုင်ပါတယ်။ အထူးစီးပွားရေးဇုန် SEZ များထူထောင်ပြီးတော့လည်းကောင်း၊ SEZ များမှာ ပြည်ပပို့ကုန်အကျိုးပြု Export Oriented Industry များ ထူထောင်ကာ ပြည်ပပို့ကုန်များ တိုးချဲ့ပို့နိုင်ခဲ့၍ တရုတ်အ ပါအဝင် အာရှ ကျား နိုင်ငံများ အနေနဲ့ စီးပွားရေး အရှိန်အဟုန်ဖြင့် တိုးမြင့်လာကြောင်း တွေ့ရှိနိုင်ပါတယ်။

မြန်မာနိုင်ငံက အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံဖြစ်ပါတယ်။ အာဆီယံ(၁၀)နိုင်ငံ အနက်မှာ (၈)နိုင်ငံမှာ စတော့ဈေးကွက်များ ထူထောင်ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာနို ငံနှင့် ကမ္ဘောဒီးယား (၂)နိုင်ငံသာ စတော့ဈေးကွက်ဖွင့်လှစ်ရန် ကျန်ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံ အနေဖြင့် လာမည့်လအနည်းငယ်အတွင်းမှာ စတော့ဈေးကွက်တည်ထောင်ရန် ရှိ ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့ အချိန်အခါပေးလို့ရှိရင် အချိန်မီကာလအတွင်းမှာ စတော့ဈေးကွက် ထူထောင်နိုင်လိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။ မြန်မာငွေနိုင်ငံခြားငွေလဲ လှယ်နှုန်း အကွဲကွဲ အပြားပြား ရှိနေလို့ရှိရင်လည်း စတော့ဈေးကွက်ကြီးမှာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများ အနေနဲ့ ရင်းနှီးမြှုပ်နှံရန် စိုးရိမ်စိတ်များပေါ်လာနိုင်စရာအကြောင်း ရှိပါတယ်။ ဒါကြောင့် စတော့ ဈေးကွက်ထူထောင်မည်ဆိုပါက ပထမဦးစွာ မိမိတို့နိုင်ငံရဲ့ နိုင်ငံခြားငွေ လဲလှယ်နှုန်းကို တစ် ခု တည်းသော ငွေဖလှယ်လဲလှယ်နှုန်းဖြစ်အောင် ကြိုးစားဆောင်ရွက်ရန် အထူးလိုအပ်ပါတယ်။

နောက် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများရဲ့ ဘတ်ဂျက်ရေးဆွဲရာမှာ လည်း နှစ်ကုန်မှာ ရငွေ၊ သုံးငွေ၊ ငွေစာရင်းများ ပိတ်တဲ့အခါမှာလည်းကောင်း၊ နောက် နိုင်ငံခြားငွေဖလှယ်နှုန်း အမျိုးမျိုးရှိနေတဲ့အတွက်ကြောင့် အမှန်တကယ်ရငွေ အသုံး စရိတ်များညှိနှိုင်းရာမှာ အခက်အခဲ အမျိုးမျိုးကြုံတွေ့လျက်ရှိပါတယ်။

နောက် နိုင်ငံတော်ရဲ့ အမျိုးသားဝင်ငွေ (GDP)တွက်ချက်ရာမှာလည်းကောင်း၊ နိုင်ငံတော်ရဲ့ ပို့ကုန် /သွင်းကုန် တန်ဖိုးများပြရာမှာလည်းကောင်း၊ ငွေဖလှယ်နှုန်းအမျိုးမျိုး ရှိနေတဲ့အတွက်ကြောင့် အမျိုးသား ဝင်ငွေနှင့် ပို့ကုန်၊ သွင်းကုန်တန်ဖိုးများ ပြုစုရေးဆွဲရာတွင် မှာလည်း အခက်အခဲများ ကြုံတွေ့လျက်ရှိပါတယ်။

နိုင်ငံတကာအတွေ့အကြုံအရ တစ်ခုတည်းသော နိုင်ငံခြားငွေဖလှယ်နှုန်းအဖြစ် သတ်မှတ်တဲ့နေရာမှာ သတ်မှတ်ထားတဲ့ ငွေဖလှယ်နှုန်းရဲ့နှုန်းထားအပေါ်မှာ ခွင့်ပြုနိုင်တဲ့ အတိုး အလျော့ ရာခိုင်နှုန်းအချိုးအစားဘောင် Band များ သတ်မှတ်လေ့ရှိပါတယ်။ ဥပမာ (၁) ဒေါ်လာ ကို ပီဆို (၁၀၀)သတ်မှတ်ထားပေးလို့ရှိရင် Plus/ Minus (၅)ရာခိုင်နှုန်း (Band) ပြုလုပ်ထား မည်ဆိုရင် (၁)ဒေါ်လာကို အများဆုံးပီဆို (၁၀၅)ဒါမှမဟုတ် (၉၅)ဘောင်အတွင်းမှာ ငွေလဲလှယ် ခွင့် ရှိပါတယ်။ အဲဒီဘောင် ကိုကျော်လွန်လို့ရှိရင် ဗဟိုဘဏ်က ဝင်ရောက်စွ က်ဖက်ပေး ရပါတယ်။ ဤကဲ့သို့ ဗဟိုဘဏ်က ငွေဖလှယ်နှုန်းကို ထိန်းကျောင်းပေးနိုင်ဖို့အတွက် ဗဟိုဘဏ်မှာ

အရံရန်ပုံငွေ အလုံအလောက် ရှိနေရန် လိုအပ်ပါတယ် ။ ယခုအခါမှာ မြန်မာနိုင်ငံ အနေနှင့် FE Reserve အထိုက်အလျောက် စုဆောင်းနိုင် မည်ဖြစ်တဲ့အပြင် မိမိတို့နှင့် ရင်းနှီးတဲ့ မိတ်ဆွေနိုင်ငံများကလည်း လိုအပ်လို့ရှိရင် ကူညီ ရန် အခြေအနေ ရှိပါတယ်။ ယခင်က Buffer FE Reserve ရရှိနိုင်ရန်အတွက် အခက်အခဲရှိနေပြီးတော့ တစ်ခုတည်းသော ငွေဖလှယ်နှုန်း ပြုလုပ်ရန် အချိန်ကြန့် ကြာနေခြင်းလို့ထင်မြင်ယူဆပါတယ်။ယခုအခါမှာ Buffer FE Reserve ကိစ္စပူပင်ရန် မဟုတ်တော့တဲ့အတွက်ကြောင့် အချိန်အခါပေးလို့ရှိရင် တစ်ခုတည်းသော နိုင်ငံခြားငွေ ဖလှယ်နှုန်းဆောင်ရွက်ရန် အခွင့်အရေးများ ရှိလာပြီ ဖြစ်ပါတယ်။ အ ခြား ဖွံ့ဖြိုးဆဲနိုင်ငံများမှာ Unification of Exchange Rate ပြုလုပ်လိုသည့် အခါမှာ IMF က အစဉ်ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိမိတို့နိုင်ငံတွင်လည်း Economic Sanction ကို အကြောင်းပြုပြီးတော့ IMF အနေဖြင့် တွန့်ဆုတ်နေသော်လည်း ယခု အစိုးရသစ်တက်ရောက် လာပြီးတဲ့နောက်ပိုင်းမှာ IMF မှ ကူညီပေးမယ့် အခြေအနေများ ရှိလာနိုင်မယ်လို့လည်း ယူဆပါတယ်။

လွန်ခဲ့တဲ့နှစ်အနည်းငယ်ကစပြီး မြန်မာနိုင်ငံရဲ့ တရားဝင်ငွေလဲနှုန်းမှာ (၁)ဒေါ်လာကို (၆)ကျပ်ပတ်ဝန်းကျင်ရှိနေပြီး ပြင်ပပေါက်ဈေးမှာ (၁)ဒေါ်လာကို (၈၀၀)နဲ့(၁၀၀၀)ဝန်းကျင်ခန့် အတွင်းမှာ အတက်အကျဖြစ်ပေါ်လျက်ရှိပါတယ်။ တစ်နိုင်ငံလုံးရဲ့နိုင်ငံခြားငွေကြေး ဈေးကွက်မှာ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များရဲ့ နိုင်ငံခြားငွေသုံးစွဲမှု ပမာဏဟာ (၇၅)ရာခိုင်နှုန်း ရှိပြီး နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ နိုင်ငံခြားငွေ သုံးစွဲမှုပမာဏဟာ(၂၅)ရာခိုင်နှုန်းသာ ရှိမယ်လို့ ခန့်မှန်းသိရှိရပါတယ်။ ဒါကြောင့် လက်ရှိအနေဖြင့် ဖော်ပြရရင် ပုဂ္ဂလိကစီးပွား ရေး လုပ်ငန်းရှင် (၇၅)ရာခိုင်နှုန်းခန့်သာ ပြင်ပဈေးကွက်ပေါက်ဈေးအရ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေကြသည်မှာ နှစ်အတော်ကြာပြီ ဖြစ်ပါတယ်။ ဒါကြောင့် တစ်ခုတည်းသော နိုင်ငံခြားငွေ ဖလှယ်နှုန်း ပြန်လည် သတ်မှတ်ပေးသည်ဆိုရာမှာ နိုင်ငံပိုင်စီးပွား ရေးလုပ်ငန်း၏ နိုင်ငံခြားငွေ သုံးစွဲမှု ဒါမှမဟုတ် တစ်နိုင်ငံလုံးရဲ့ နိုင် ငံခြားငွေသုံးစွဲမှု ပမာဏရဲ့ (၂၅)ရာခိုင်နှုန်းသာ ပြုပြင်ပြောင်းလဲသွားရန်လိုမှာ ဖြစ်တဲ့အတွက်ကြောင့် သိပ်ပြီးတော့စိုးရိမ်စရာ လိုမှာမဟုတ်ဘူးလို့ ထင်မြင်ယူဆရပါတယ်။

ကျပ်နဲ့ဒေါ်လာငွေဖလှယ်နှုန်းမှာ လွန်ခဲ့တဲ့ (၃)နှစ်ခန့်အချိန်အတွင်းက (၁)ဒေါ်လာကို (၉၀၀)နဲ့ (၁၀၀၀)ကြား တည်ငြိမ်လျက်ရှိ ပြီးတော့ ပြည်ပပို့ကုန် သွင်းကု န်လုပ်ငန်းများအနေနဲ့

အခြားစီးပွားရေးလုပ်ငန်းရှင်များနဲ့ စီးပွား ရေးလုပ်ငန်းဆောင်ရွက်ရာမှာ လုပ်ခင်းကိုင်ခင်းများ အလိုအလျောက် တည်ငြိမ်လျ က်ရှိခဲ့ပါတယ်။ ယခုဒီနေ့ ဇွန်၊ ဇူလိုင်မှာ ကျပ်နဲ့ အမေရိကန် ဒေါ်လာ ဖလှယ်နှုန်းမှာ(၁)ဒေါ်လာကိုပျှမ်းမျှ(၇၀၀)ထိ ကျဆင်းသွားပြီးတော့ ပြည်ပပို့ကုန် လုပ်ငန်းရှင်များရဲ့ ပို့ကုန်လုပ်ငန်းများ တုံ့ နှေးကျဆင်းလာတာတွေ့ရပါတယ်။ အဲဒီကတစ်ဆင့် အဓိက ကုန်ထုတ်လုပ်သူတွေ ကုန်ထုတ်လုပ် ငန်းများပါ ဂယက်ရိုက်ခတ်လာခဲ့တဲ့အတွက်ကြောင့် အနေအထားအထိ အန္တရာယ်ရှိလာနိုင်ပါတယ်။ ဒါ့ကြောင့် ဒီအခြေအနေမှာ မိမိတို့နိုင်ငံရဲ့ ဖော်ပြတဲ့ တွေ့ကြုံလာမယ့် စီးပွားရေးအခက်အခဲများကို ကျော်လွှားနိုင်ဖို့အတွက် Unification Of Exchange Rate ကို အခြေအနေ အချိန်အခါပေးတာနဲ့အမျှ စတင်ဆောင်ရွက်လုပ်ကိုင် ဆောင်ရွက်ရန် လိုအပ်လျ က်ရှိပါတယ်။ ဘဏ္ဍာရေး နှင့်အခွန်ဝန်ကြီးဌာန အနေနဲ့လည်း ကျပ်နဲ့နိုင်ငံ ခြားငွေ လဲလှယ်နှုန်း တစ်ခုတည်းအဖြစ် ပြန်လည်သတ်မှတ် ဆောင်ရွက် ပေးနိုင်ရန် လွန်ခဲ့တဲ့နှစ် အနည်းငယ်မှ အစပြုပြီးတော့ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေ အရပ်ရပ်ကို စီစဥ်သုံးသပ် ပြီးတော့ အရေးယူဆောင်ရွက်လျက် ရှိနေပြီဖြစ်ကြောင်း လည်း သိရပါတယ်။ ဒါ့ကြောင့် ရှင်းလင်းတဲ့အတိုင်း တစ်ခုတည်းသော ကျပ်နှင့်နိုင်ငံခြားငွေ ဖလှယ် နှုန်းထားကိစ္စကို ဦးစားပေးဆောင်ရွက်သင့်သည့် ကိစ္စဖြစ်ပေမယ့် တချို့ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ အတွေ့အကြုံ အရ ကြိုတင် အကာအကွယ် အရံအတား ပြုလုပ်ပြီး ဆောင်ရွက်ရမယ့် လုပ်ငန်းစဥ်များကို ပြုလုပ်ထားခြင်းမရှိဘဲနဲ့ ဆောင်ရွက်မယ်ဆိုလို့ရှိရင် ပိုမိုဆိုးရွားတဲ့ စီးပွားရေး အခက်အခဲများကြုံတွေ့လာဖွယ် ရှိပါတယ်။ ဒါ့ကြောင့် ကြိုတင်သတိပြု ဆောင်ရွက်ရမယ့် လုပ်ငန်းစဥ် (၂) ရပ်ရှိပါတယ်။ ပထမ လုပ်ငန်းစဥ်မှာ မိမိတို့ နိုင်ငံခြား အရံရန်ပုံငွေ FE Reserve အလုံအလောက် စုစည်းထား ရန် လိုအပ်ပါတယ်။ ဒုတိယ လုပ်ငန်းစဥ်မှာ ငွေကြေးဖောင်းပွမှုကို ထိန်းကျောင်းထားနိုင်ရန်အတွက် နိုင်ငံတော်ရဲ့ဘ တ်ဂျက် လိုငွေပြမှု Budget Deficit ရဲ့ ပြည်တွင်းလှည့်လည်သုံးစွဲနေတဲ့ ငွေကြေးပမာဏ Money Supply တို့ကိုပါ ထိန်းကျောင်း ထားနိုင်ရန် လိုအပ် ပါတယ်။ ဖော် ပြပါ နိုင်ငံများရဲ့ Micro Economic အခြေအနေများ တည်ငြိမ်မှုရှိလာအောင် ကြို တင်ထိန်းကျောင်းပြီးမှ သာလျှင် Unification Of Exchange Rate ကို ဆောင်ရွက်ပါက တွေ့ကြုံရမယ့် စီးပွားရေး အခက်အခဲများကို ရှောင်လွှဲနိုင်မှာ ဖြစ်ပါတယ်။

အထက်ဖော်ပြပါအချက်များကို ထောက်ရှုပြီးတော့ ဒီ နေ့မြန်မာနိုင်ငံမှာ ကျင့်သုံးလျက် ရှိတဲ့ နိုင်ငံခြားငွေဖလှယ်နှုန်း အမျိုးမျိုးရှိတဲ့အတွက် နိုင်ငံရဲ့စီးပွား ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ အခက်အခဲများတွေ့ကြုံနေပြီး နိုင်ငံရဲ့စီးပွား ရေးတိုးတက်ဖွံ့ဖြိုးမှုကိုလည်း အဟန့်အတား ရှိနေကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် မိမိတို့ နိုင်ငံအနေဖြင့် အခြေအနေ အချိန်အခါ ပေးပါက နိုင်ငံခြားငွေ ဖလှယ်နှုန်းအမျိုးမျိုးရှိနေရာမှ တစ် ခုတည်းသော ငွေကြေးဖလှယ်နှုန်း ဖြစ်လာစေရန် လိုအပ်သည်များကို ယခုအချိန်မှ အစပျိုးပြီးတော့ စီစဉ် ဆောင်ရွက်သွားရန် အချိန်တန်ပြီ ဖြစ်ကြောင်း အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၆း၀၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကိုထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၆း၀၁။**

**ဒေါက်တာတင်ရွှေ၊ ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး နှလုံးစိတ်ဝမ်း ချမ်းသာငြိမ်းချမ်းကြပါစေကြောင်း အစဉ်မေတ္တာပို့သအပ် ပါတယ်။ ယခုလ ၁၉ ရက်မှ ၂၁ ရက်အထိ နေပြည်တော် Myanmar International Convention Centre မှာကျင်းပခဲ့တဲ့ မြန်မာနိုင်ငံစီးပွား ရေးပြောင်းလဲဖို့အတွက် အမျိုးသားအလုပ်ရုံဆွေးနွေးပွဲကို ပါတီရောဖိတ်ကြား တဲ့အတွက် ပါတီရဲ့တာ ဝန်ပေးချက်အရ (၃)ရက်တက်ရောက်ခဲ့ပါတယ်။ ထိုအစည်း အဝေးမှာ ပြည်ထောင်စုသမ္မတကြီးနဲ့တကွ ပြင်ပမှအထူးဖိတ်ကြားသည့်ပုဂ္ဂိုလ်ကြီးများ(UMFCCI) ကုန်သည်ကြီးများအသင်းနဲ့ ညီနောင်အသင်းမှ အဖွဲ့ဝင်များ စီးပွား ရေးပညာရှင်များ အားလုံးတက်ရောက် ခဲ့ကြပါတယ်။ ဒီလိုတက်ရောက်ခဲ့တဲ့ နေရာမှာ ပြည်ထောင်စုသမ္မတကြီးကိုယ်တိုင်က စေတနာထားပြီးတော့ ဒီ မြန်မာ့စီးပွားရေးလုပ်ငန်းကို ပြုပြင်ပြောင်းလဲမယ်ဆိုတဲ့ မိန့်ခွန်းကိုပြောကြားခဲ့ပါတယ်။ ထို့နောက်မှာ အစီအစဉ်တွေအရ ကျင်းပခဲ့ပြီးဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ကိုယ်တိုင်ယနေ့ မြန်မာနိုင်ငံမှာ ကျင့်သုံးနေတဲ့နို ငံခြားငွေဖလှယ်နှုန်းအမျိုးမျိုး ဖြစ်နေတာကို တစ်ခုတည်း ဖြစ်ရန် ဥပဒေမူကြမ်းကို ကျွန်တော်တို့ပြုစု နေပါပြီလို့မိန့်ခွန်းမှာ ပါရှိခဲ့ပါတယ်။ ဒါ့ကြောင့်လည်း တစ်ကြောင်း၊ ယခုရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဦးခင်ရွှေ ရဲ့ တင်သွင်း

သွားတဲ့အဆိုဟာ အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းရေး National Economic Development ထိုမှတစ်ဆင့် ပွားယူမယ့် လူမှုစီးပွား Social Business အဲဒီနှစ်ခုရဲ့ပေါင်းစပ်မှုနဲ့ ကျွန်တော်တို့ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ဟာကို လှမ်းရမှာဖြစ်ပါတယ်။ ဒီလိုလုပ်ကိုင်တဲ့နေရာမှာ Business Active ခေါ်တဲ့ တစ်ဦးချင်း စီးပွားရေးရဲ့ ကျင့်ဝတ်များကိုလည်း ပဲ ထိန်းသိမ်းသွားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့(S.P.D.C)ကနေ ယနေ့ပြည်ထောင်စုသမ္မတနိုင်ငံအဖြစ်ကို ပြောင်းလဲလာတာ (၅)လပဲ ရှိပါသေးတယ်။ ဒါကြောင့်မို့လို့ နုနယ်လှတဲ့အချိန်မှာ နိုင်ငံတော်အကြီးအကဲများရဲ့ မေတ္တာစေတနာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ပေါင်းစပ်မှု စေတနာတို့နဲ့ ဆောင်ရွက်ကြ တော့မယ့် အနေအထားဖြစ်တဲ့အတွက် ဆန္ဒမဲနယ်မြေ အမှတ်(၉)မှ ဒေါက်တာဦးခင်ရွှေ အဆိုတင်သွင်းထားတဲ့ ပြည်တွင်းနိုင်ငံခြားငွေဖလှယ်နှုန်း အမျိုးမျိုးမှနေ တစ်ခုတည်းသော နိုင်ငံခြားငွေ ဖလှယ်နှုန်းဖြစ် အောင် အစပျိုးပြုလုပ်ပါရန် အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၆း၀၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာခင်ရွှေ တင်သွင်းခဲ့တဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ် ။ အဆိုမှာ လက်ရှိမြန်မာနိုင်ငံခြားငွေ ဖလှယ်နှုန်း အမျိုးမျိုးရှိနေရာမှ တစ်ခုတည်းသော နိုင်ငံခြားငွေ ဖလှယ်နှုန်း ဖြစ်လာစေရန် လိုအပ်သည် များကို ယခုအချိန်မှ အစပျိုး၍ စီစဉ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။ ဒါကြောင့် အဆိုကို လက်ခံ ဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒကိုရယူပါမယ်။

အဆိုကိုလက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များ က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါသလား ခင်ဗျား။ အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ဒေါက်တာခင်ရွှေရဲ့အဆိုကို လက်ခံဆွေးနွေး ရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒေါက်တာခင်ရွှေတင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ဖြစ်ပါတယ်။

## ပြည်ထောင်စုဝန်ကြီး၊ ဦးအောင်ကြည်ကအလုပ်သမားအဖွဲ့အစည်းများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အချိန်မှာ ၁၆း၀၀ နာရီကျော်ပြီဖြစ်သော်လည်း ဥပဒေကြမ်းတင်သွင်းဖို့ကိစ္စ တစ်ရပ်ရှိပါတယ်။ ဒါကို ဆက်လက်ဆောင်ရွက်ခွင့်ပြုဖို့ မေတ္တာရပ်ခံပါတယ်။ ယခုအမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ (က)အရ အလုပ် သမားအဖွဲ့အစည်းများ ဥပ ဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်အဆိုကို အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမျိုးသား လွှတ်တော်သို့ တင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၆း၀၇**။

**ဦးအောင်ကြည်(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ လွှတ်တေ ာ်ကိုယ်စားလှယ်များခင်ဗျား မင်္ဂလာအပေါင်းပြည့်စုံကြပါစေ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ၊ အပြည်ပြည်ဆိုင်ရာဥပဒေ အဖွဲ့ အစည်းနဲ့ လူပုဂ္ဂိုလ်များ ကိုဖော်ပြတဲ့အခါမှာ အင်္ဂလိပ်ဘာသာစကား သုံးစွဲခွင့်ပြုဖို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**အချိန်၊ ၁၆း၀၇**။

**ဦးအောင်ကြည်(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သမားအဖွဲ့အစည်းဥပဒေကြမ်း တင်ပြရတဲ့ ရည်ရွယ်ချက်ကို ဦးစွာရှင်းလင်းတင်ပြပါမယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၄ နဲ့အညီ အလုပ်သမားများရဲ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် အလုပ်သမားအချင်းချင်းအကြား၊

အလုပ်ရှင်နှင့်အလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်စေရန် အလုပ်သမား အဖွဲ့အစည်းများကို စနစ်တ ကျနဲ့ လွတ်လပ်စွာဖွဲ့စည်း ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီးတော့မှ ပြုစုခြင်းဖြစ်ပါတယ်။။ ဥပဒေကြမ်းတင်ပြရခြင်းနဲ့ ပတ်သက်တဲ့ အကျိုးအကြောင်းဖော်ပြချက်များကို ဆက်လက်တင်ပြသွားပါ့မယ်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)ရဲ့ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြ န်မာနိုင်ငံသည် (ILO)မှ ၁၉၄၈ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်း ခဲ့သော ပြဋ္ဌာန်းချက်အမှတ်(၈၇)ကို ၁၉၅၅ ခုနှစ်၊ မတ်လ(၄)ရက်နေ့တွင် လက်ခံကျင့်သုံးခဲ့ပါတယ်။ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေနဲ့မိမိလက်ခံကျင့်သုံးသော ပြဋ္ဌာန်းချက်နှင့်လိုက်လျောညီထွေမှုရှိသည့် ပြည်တွင်းဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းပေးရန် တာဝန်ရှိပါတယ်။ ပြဋ္ဌာန်းချက်ကို စတင်လက်ခံကျင့်သုံးစဥ်ကမူ ပြည်တွင်းဥပဒေဖြစ်သော ၁၉၂၆ ခုနှစ် အလုပ်သမားအစည်းအရုံး များ အက်ဥပဒေရှိနေသဖြင့် ထိုအက်ဥပဒေကို ဆက်လက်ကျင့်သုံးခဲ့ပါတယ်။ သို့ရာတွင် ထိုအက်ဥပဒေသ ည် ၁၉၆၄ ခုနှစ်မှစတင်၍ ယနေ့အထိ နှစ်ပေါင်း(၄၇)နှစ်ကြာ ဆက်လက်ကျင့်သုံးခြင်း မရှိသည့်အပြင် အထက်ပါ ပြဋ္ဌာန်းချက်(၈၇)နှင့် အခြားအပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့်လည်း ကိုက်ညီခြင်းမရှိကြောင်းတွေ့ရှိရပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်မေလ(၂၉)ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းပြီးသောအခါ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၂၄)တွင် ဖေါ်ပြပါရှိသည့် နိုင်ငံတော်သည်အလုပ်သမားများ၏ အခွင့်အရေးကိုကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် ဥပဒေများပြဋ္ဌာန်း ဆောင်ရွက်မည်ဟူသော ပြဋ္ဌာန်းချက်နှင့်အညီ အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမား အဖွဲ့အစည်း ဥပဒေမူကြမ်းကို စတင်ရေးဆွဲခဲ့ခြင်း ဖြစ်ပါတယ်။ ဥပဒေတွင် အခြေခံရမယ့် မူများနဲ့ ပတ်သက်ပြီး ၂၀၁၀ ခုနှစ် ဇန်နဝါရီလ (၁၉)ရက်နေ့မှာ နေပြည်တော်မှာ (ILO) အဖွဲ့ရုံးမှ အမှုဆော င်ညွှန်ကြားရေးမှူး မစ္စတာကယ်ရီ တာပီရိုလာ ခေါင်းဆောင်သော (ILO Mission ) အဖွဲ့ရဲ့ အကြံဉာဏ်များကို ရယူခဲ့ပြီးတဲ့နောက် ဥပဒေမူကြမ်းကို ဆက်လက်ရေးဆွဲခဲ့ပါတယ်။ အဆိုပါမူကြမ်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ /မရှိ ရှေ့နေချုပ်ဦးဆောင်သော အဖွဲ့နဲ့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးဆောင်သောအဖွဲ့ တို့သည် ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ(၆)ရက်နေ့နဲ့ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တို့တွင် (၂)ကြိမ်တိုင်တိုင် ညှိနှိုင်းစီစဥ်မှု ပြုလုပ်ခဲ့ပါတယ်။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်း ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည် များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များနှင့်

ရန်ကုန်မြို့တွင် ၄-၂-၂၀၁၁ ရက်နေ့တွင် တွေ့ဆုံပြီးတော့ ဆွေးနွေးအ ကြံဉာဏ် ရယူခဲ့ပါတယ်။ ယင်းဥပဒေ မူကြမ်းနဲ့ စပ်လျဉ်းပြီး တော့မှ ၂၀၁၁ ခုနှစ် ဖေဖော် ဝါရီလ ၂၃ ရက်နေ့တွင် နေပြည်တော်၌ (ILO)အဖွဲ့ရုံးမှ အမှုဆောင် ညွှန်ကြားရေးမှူး မစ္စတာဂိုင်းရိုက်တာ ခေါင်းဆောင်သော (ILO Mission) အဖွဲ့ရဲ့ အကြံ ဉာဏ်များကိုလည်း ထပ်မံရယူခဲ့ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား၊ အလုပ်သမား အဖွဲ့အစည်း ဥပဒေမူကြမ်းကို ပိုမိုပြည့်စုံမှု ရှိစေရန်အတွက် ၂၀၁၁ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးမှ ဥပဒေအကြံပေးပညာရှင်များ သက်ဆိုင်ရာ ဝန်ကြီးဌာနများ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များအား ဖိတ်ကြား ၍လည်း ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။ ထို့အပြင် အဆိုပါ ဥပဒေမူကြမ်းသည် ပြဋ္ဌာန်း ချက်အမှတ်(၈၇)နှင့် လည်းကောင်း အပြည်ပြည်ဆိုင်ရာ အ လုပ်သမားရေးရာ စံနှုန်းများနှင့် လည်းကောင်း၊ လိုက်လျှောညီထွေမှု ရှိစေရေးအတွက် (ILO) အဖွဲ့ရုံး အလုပ်သမားရေးရာစံများ ဌာနတာဝန်ခံ မစ္စကာရင်ကားတစ် ခေါင်းဆောင်သော ဘာသာရပ် ကျွမ်းကျင်သူများ ပါဝင်တဲ့ (Mission) အဖွဲ့ကို မြန်မာနိုင်ငံသို့ သီးခြားဖိတ်ကြား၍ နေပြည်တော်တွင် အလုပ်သမားဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီး ခေါင်းဆောင်သော (ILO )ရေးရာ လုပ်ငန်းအဖွဲ့ဝင်များ၊ နိုင်ငံတော်သမ္မတရုံးမှ ဥပဒေအကြံပေး ပညာရှင်များ ပြ ည်ထောင်စု ရှေ့နေချုပ်ရုံးမှ ဥပဒေပညာရှင်များနှင့် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှ ၂၆ ရက်နေ့အထိ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကြပြီး ဥပဒေကြမ်းအဖြစ် ပြုစုရရှိခဲ့ပါတယ်။ ထိုသို့အချိန်ယူ၍ ရေးဆွဲခဲ့ပြီးအကြိမ်ကြိမ် ဆွေးနွေး ညှိနှိုင်းချက်များအရ ပြုစုရေးဆွဲ ထားတဲ့ အလုပ်သမား အဖွဲ့အစည်း ဥပဒေကြမ်းအား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြပြီး သဘောထားမှတ် ချက် ရယူပြီးမှ လွှတ်တော်ရုံးသို့ ပေးပို့ခြင်းဖြစ်ပါတယ်၊ သို့ဖြစ်ပါ၍ ယခုပေးပို့တင်ပြသော ဥပဒေကြမ်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့်လည်းကောင်း (ILO) ပြဋ္ဌာန်းချက် (၈၇)(Freedom Of Association And The Production Of The Right To Organize Convention 1948 Number 87) နှင့် လည်းကောင်း ဆီ လျော်ညီညွတ်မှုရှိသော ဥပဒေကြမ်း ဖြစ်ကြောင်း ဖော်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သမားအဖွဲ့အစည်းများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားနိုင်ရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၆း၁၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၆း၁၄။**

**ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းနောင် ဖြစ်ပါတယ်။ ပြည်ထောင်စု အစိုးရအဖွဲ့ ကိုယ်စား အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တင်သွင်းမယ့် အလုပ်သမား အဖွဲ့အစည်းများ ဥပ ဒေကြမ်းကို အမျိုးသားလွှတ် တော်မှ ဆွေးနွေးစဥ်းစား ရန် ထောက်ခံတင်ပြ အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၆း၁၅။**

**ဥက္ကဋ္ဌ။** ။အလုပ်သမားအဖွဲ့အစည်းများ ဥပဒေကြမ်းကိုလွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ် ။ အချိန်ကို ငဲ့ညှာတဲ့အနေနဲ့ ပြည်ထောင် စုဝန်ကြီးက ယနေ့ ဖတ်ကြားတင်သွင်း ခြင်းမပြုဘဲ ဥပဒေကို ဆွေးနွေးမယ့် ၂၉-၈-၂၀၁၁ တနင်္လာနေ့မှာ အသေးစိတ်ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ အလုပ်သမား အဖွဲ့အစည်းများဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က စဥ်းစားဆွေးနွေးရန် သင့်/မသင့် အမျိုးသားလွှတ်တော်ရဲ့ သဘောထားရယူပါမယ်။

အလုပ်သမားအဖွဲ့အစည်းများဥပဒေကြမ်းကိုအမျိုးသားလွှတ်တော်က စဥ်းစားဆွေးနွေး ရန်သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အမျိုးသားလွှတ်တော်က သဘောတူတဲ့အတွက် အလုပ်သမားအဖွဲ့အစည်းများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဥ်းစားရန် ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

အလုပ်သမားအဖွဲ့အစည်းများ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်**တော်**ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်း ချုပ်ကို ဖော် ပြလက်မှတ်ရေးထိုးပြီး ၂၈-၈-၂၀၁၁ တနင်္ဂနွေနေ့ထက် နောက်မကျပဲ အမျိုးသားလွှတ်တော်ဌာန ဒုတိယညွှ န်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။ တင်သွင်းထားတဲ့ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ဥပဒေကြမ်း ကော်မတီရဲ့ လေ့လာတွေ့ရှိချက်နဲ့ သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွ င်းရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးအတည်ပြုရန် ၂၉.၈.၂၀၁၁ ရက် တနင်္လာနေ့ကို သတ်မှတ်ပါတယ်။

## အမျိုးသားလွှတ်တော် ပဉ္စမနေ့အစည်းအဝေးရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၆း၁၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက် တနင်္လာနေ့ နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်။ ၁၆း၁၆။**

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစည်းအဝေးကို ၁၆း၁၆ နာရီအချိန်တွင် ရပ်နားပါသည်။ ]